
www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၇၃၁၁၀၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၆၅၈၁၂၀၈ |
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင်<br>(အိပ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊<br>တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း<br>(ကာလာဇုန်ပုံနှိပ်တိုက်)<br>၁၈၄(ဘီ)၊ ၃၁ လမ်း (အထက်)<br>ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | Khit Phone Mo |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်<br>ဒီဇင်ဘာလ၊ ၂၀၀၈ ခုနှစ် |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

**အိပ်မက်အသစ်**
အမှတ်-၃၈၊ (၃-လွှာ)၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၉၅၁၁၂၄၂၈


www.burmeseclassic.com

www.burmeseclassic.com

# သတိုးတေဇ

စွဲလမ်းခြင်းခရီးသည်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁ )

“ဟဲ့ စွယ်စုံ ကားကို ဘာဖြစ်လို့ရပ်လိုက်တာလဲ”

လူသူကင်းမဲ့သော လမ်းဘေးတစ်နေရာအရောက်တွင် စွယ်စုံစိုးက ကားကိုထိုးရပ်လိုက်၏။

စွယ်စုံစိုးက ကျွန်မတို့တစ်လမ်းကျော်တွင် နေထိုင်ပြီး မိဘများအချင်းချင်းလည်း အလွန်ခင်မင်ရင်းနှီးကြသည်။ ကျွန်မတို့နှစ်ယောက် ကျောင်းသွားကျောင်းပြန် အဆင်ပြေစေရန်အတွက် သူ့မိဘများက မကြာသေးခင်ကမှ သူ့ကို ကားသစ်တစ်စီး ဝယ်ပေးထားသည်။

ဒဂုံ တက္ကသိုလ်နှင့် ကျွန်မတို့နေထိုင်ရာ ကျောက်ကုန်းမှာ လေးဆယ့်ငါးမိနစ်သာသာလောက် ကားမောင်းသွားချင် ရောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီး ကျောင်းသွားကျောင်းပြန်ခရီးတွင်လည်း ယခုကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် မကြာခဏ ရန်ဖြစ် စိတ်ကောက်နေကြမြဲဖြစ်၏။

ကျောင်းစတက်ပြီး တစ်လအကြာတွင် စွယ်စုံက ကျွန်မကို ရည်းစားစကားစပြောပြီး ကျွန်မတို့နှစ်ယောက်မှာ ချစ်သူများအဖြစ်သို့ ရောက်မှန်းမသိ ရောက်သွားခဲ့သည်။

"ငါ အိမ်မပြန်ချင်သေးဘူး ဝတ်မှုန်"

ကျွန်မတို့နှစ်ယောက်မှာ ချစ်သူတွေဟုဆိုသော်လည်း အမြဲတမ်းလိုလို စိတ်သဘောချင်း ကွဲလွဲလျက်ရှိကြသည်။ စွယ်စုံစိုးနှင့် ကျွန်မ ရည်းစားသက်တမ်း သုံးလကျော်ကျော်တစ်လျှောက်လုံးမှာ အမြဲလိုလို စိတ်မချမ်းမသာဖြစ်ခဲ့ရပြီး အထူးသဖြင့် ယခုကဲ့သို့ သူထင်ရာသူ ဇွတ်လုပ်တတ်သောအကျင့်ကို ကျွန်မ အမုန်းဆုံးဖြစ်သည်။

"နင်မပြန်ချင်ပေမယ့် ငါ့မှာ တခြား အိမ်အလုပ်တွေ ရှိသေးတယ် ငါပြန်မယ်"

ကျွန်မက သူ့ကို ခပ်မာမာပြန်ပြောရင်း ဘေးတံခါးချက်ကို ဆောင့်ပြီးတွန်းဖွင့်ရန် ဟန်ပြင်လိုက်၏။

စွယ်စုံက ကျွန်မလက်ကိုလှမ်းဆွဲကာ အသံနက်ကြီးဖြင့် လှမ်းအော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာဖြစ်နေတာလဲ ဝတ်မှုန်၊ ခဏလေးတောင် အချိန်မရဘူးလား"

သူ့အသံက တင်းမာနေပြီး ကျွန်မလက်ကို တင်းကျပ်စွာ ဖြစ်ညှစ်ဆုပ်ကိုင်ထား၏။

ကျွန်မ ရင်တွေတဒိတ်ဒိတ်ခုန်နေပြီး ခြေဖျားလက်ဖျားများ အေးစက်ထုံကျင်လာ၏။ ပါးစပ်မှ စကားလုံးများကလည်း ဆွံ့အ ရင်းသူ့ကို ငေးကြောင်ကြည့်နေမိသည်။

စွယ်စုံက လက်တစ်ဖက်ကို ကျွန်မပခုံးပေါ် လှမ်းတင်ပြီး သူ့ဘက်သို့ ဆွဲယူသိုင်းဖက်လိုက်ရန် ကြိုးစားလိုက်၏။

"ဟင် . . . နင် ငါ့ကိုမထိနဲ့၊ လွှတ် . . . အခုလွှတ် နော် စွယ်စုံ"

ကျွန်မပါးစပ်မှ အသံများက တုန်ယင်ကာ ပခုံးပေါ်မှ သူ့လက်ကို အတင်းပြန်ပြီး ပုတ်ချလိုက်၏။

"ဟား ဟား ဟား နင်ကလည်းဟာ ဘာဖြစ် တာလဲ"

စွယ်စုံက လက်နှစ်ဖက်ကို စတီယာရင်ပေါ်သို့ ပြန်ပြီး လှမ်းတင်လိုက်ရင်း ကြောက်စရာကောင်းသော သူ့မျက်လုံးများ ဖြင့် ကျွန်မကို စိုက်ကြည့်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



လူသူအရိပ်အရောင်ဟူ၍လည်း မတွေ့ရ၊ ဖြတ်သွားဖြတ်လာ ကားတစ်စင်းတလေမျှမရှိဘဲ ပင်လယ်ကဗွီးပင်များကို လေတိုးသံ တရှီးရှီးသာ ကြားနေရ၏။

"နင်ဟာ သိပ်အတ္တကြီးတယ် စွယ်စုံ၊ နင်ဖြစ်ချင်
တာလေးတစ်ခုတည်းနဲ့ ငါ့အခြေအနေတစ်ခုလုံးကို
ဘယ်တုံးကမှ ထည့်မတွက်ခဲ့ဘူး"

ကျွန်မအသံများက ဒေါသသံနှင့် ကြောက်စိတ်ပါရောပြီး သိသိသာသာကြီး တုန်ယင်နေသည်။

စွယ်စုံ့မျက်နှာက ဘာခံစားချက်မှမရှိသလို ကားရှေ့ လေကာမှန်ကို ငေးကြည့်နေရင်း လက်တစ်ဖက်မှလည်း စတီယာရင်ခွေကို တစ်ဒေါက်ဒေါက်ဖြင့် ခေါက်နေ၏။

ရုတ်တရက် ကျွန်မ အသံကို တည်ငြိမ်အောင် တမင် ကြိုးစားလိုက်ရင်း . . .

"နင်ဟာ လူကောင်းတစ်ယောက်ဆိုတာ ငါသိ
ပါတယ် စွယ်စုံ၊ ဒါပေမဲ့ . . ."

ကျွန်မစကားမဆုံးခင် စွယ်စုံက လက်ကာလိုက်ပြီး သူ့ အမူအရာမှာလည်း ဘယ်လိုမှ မခံစားရသလို ကျွန်မကို ပြန်ပြော လိုက်သည်။

"ငါ ဘာမှမဖြစ်ပါဘူး၊ နင့်ကို အိမ်ပြန်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ် ဝတ်မှုန်”

စွယ်စုံက ပြောပြောဆိုဆို ဂျင်းဂျက်ကက် ကော်လံကို လက်ဖြင့် မ,တင်လိုက်ရင်း ကားကို စက်နှိုးလိုက်သည်။ ကားစက် နိုးနိုးချင်း လီဗာကို တစ်ချက်နှစ်ချက် ဆောင့်နင်းသံကို ကြား လိုက်ရ၏။ ကျွန်မ သူ့မျက်နှာကို လှမ်းကြည့်လိုက်သောအခါ ဘာအကြောင်းကိစ္စမှ မဖြစ်ခဲ့သလို အေးဆေးတည်ငြိမ်နေ၏။

တကယ်တမ်း သူ့အပေါ် ကျွန်မ မကျေမနပ်အမြဲဖြစ်နေ ရခြင်းမှာ ယခုကဲ့သို့ သူမဟုတ်ခဲ့သလို ဘာသိဘာသာ အေးစက် စက်နေနိုင်လွန်းခြင်းကြောင့်ပင်ဖြစ်သည်။

ကလပ်(ချ်)ကို ဆောင့်လွှတ်လိုက်သဖြင့် ကားက ဝေါက်ခနဲ ရုန်းထွက်သွား၏။ ကျွန်မ ဖြည်းဖြည်းမောင်းဖို့ သူ့ကိုလှမ်းပြော လိုက်မည်ကြံလိုက်သော်လည်း ကျွန်မပါးစပ်မှ စကားလုံးများက နောက်ထပ်ထွက်မလာခဲ့ချေ။

အမှန်တော့ ကျွန်မကိုယ်၌ကိုက စွယ်စုံနှင့်ပတ်သက်လာလျှင် အမြဲတမ်း အပြစ်မြင်နေမိခြင်းလား၊ ဒါမှမဟုတ် ကျွန်မကို အမြဲတမ်း ဂရုတစိုက်နေတတ်သည့် သုတကြောင့်ပဲ သူ့ကို အလိုလို စိတ်ပျက်လာမိခြင်းလား မပြောတတ်။ သေချာတာ တစ်ခုက ကျွန်မ စွယ်စုံစိုးနှင့် လမ်းခွဲမှုဖြစ်တော့မည်ဖြစ်သည်။

“အင်း … ဒီအချိန်ဆို သုတတစ်ယောက် အိမ်များ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပြီလဲ။ ဒီညများ ငါ့ဆီ ဖုန်းဆက်မလားမသိ ဘူး။ သူ့ကိုတွေ့ရင်တော့ ငါ အမြဲရေးရေးနေကျ ငါ့ကဗျာစာအုပ်ကို ပေးဖတ်ရဦးမယ်”

စွယ်စုံစိုးက ဂီယာကိုချိန်းလိုက်ရင်း ‘မဝတ’လမ်းဆုံ အရောက်တွင် အရှိန်ဖြင့်ချိုးကွေ့လိုက်၏။ ကျွန်မပခုံးက ဘေးက ဘယ်ဘက်တံခါးသို့ ပြေးမဆောင့်မိသွားအောင် ထိုင်ခုံကူရှင်ကို ဆွဲကိုင်ဆုပ်ထားလိုက်ရ၏။

စွယ်စုံစိုးနှင့် ကျွန်မမှာ ကျောင်းတက်ရသည့် ရက်သတ္တပတ် တော်တော်များများ ရန်ဖြစ်ရင်းနှင့် အချိန်ကုန်ခဲ့ရသည်။ ကင်တင်းတွင် နှစ်ယောက်သား ထိုင်ရင်းလည်း ရန်ပွဲဖြစ်ဖြစ်သွား ရသည်။ တစ်ခါတစ်ရံ ကျောင်းပိတ်ရက် အပြင်ထွက်လည်ပတ် တိုင်း နှစ်ယောက်သား အခြေအတင် စကားများချင်များ ဒါမှ မဟုတ် အပြန်အလှန်ငြင်းခုန်ကြပြီး အိမ်သို့ပြန်ခဲ့ကြရသည်ချည်း သာ ဖြစ်သည်။

စက်တင်ဘာ၏ မိုးသားမိုးရိပ်တို့က ကောင်းကင်တစ်ခုလုံး တစ်ခဏအတွင်း မည်းမှောင်အုံ့ဆိုင်းလာနေ၏။ ကျွန်မ သက် ပြင်းချရင်း ဘေးပြတင်းမှန်ကို အသာဖွင့်လိုက်သည်။ အပြင်ဘက် မှ မိုးသက်လေငွေ့ အေးစက်စက်တို့ကြောင့် ကျွန်မစိတ်တွေ ပြန်ပြီး လတ်ဆတ်လာသလိုထင်ရသည်။

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



"ငါ စိတ်မကောင်းပါဘူး စွယ်စုံ၊ နင်နဲ့ငါ ရန်မဖြစ်ကြရင်ကောင်းမယ်"

ကျွန်မ သူ့မျက်နှာကိုမကြည့်ဘဲ ပြောလိုက်သည်။ စွယ်စုံက ဂီယာကို ချိန်းလိုက်ရင်း

"ကိစ္စမရှိပါဘူး၊ ငါတို့နှစ်ယောက်လုံးမှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တွေတော့ ရှိရမှာပေါ့"

စွယ်စုံစိုးက ကားရှေ့သို့ ဂရုတစိုက်မောင်းနေရင်း ကျွန်မကို အေးစက်စက်အကြည့်ဖြင့်ကြည့်ကာ ပြန်ပြောလိုက်သည်။

ကျွန်မအထင်တော့ သူလည်း ကျွန်မကဲ့သို့ လမ်းခွဲချင်နေပုံရသည်။ ကျွန်မတို့နှစ်ယောက်၏ တက္ကသိုလ်နေ့ရက်များသည် ပျော်ရွှင်စရာမကောင်းဘဲ အမြဲတမ်း စိတ်ပျက်ငြီးငွေ့စရာများဖြင့်သာ ကုန်ဆုံးခဲ့ရသည်။ ဘာပဲပြောပြော သူနှင့် ကျွန်မ လမ်းခွဲလိုက်ရသည့်အတွက်လည်း ကျွန်မ ဘယ်တော့မှ ဝမ်းနည်းနောင်တရလိမ့်မည်မဟုတ်ချေ။

လေနှင့်အတူ မိုးစက်မိုးပေါက်တို့က ကားရှေ့လေကာမှန်ပေါ်သို့ တဖျောက်ဖျောက်ပြိုဆင်းကျလာနေရာ မြင်ကွင်းတစ်ခုလုံး မှုန်ဝါးသွား၏။ ကျွန်မက ဘေးမှပြတင်းပေါက်မှန်ကို ပြန်တင်လိုက်ရင်း နောက်မှီပေါ်သို့ ကိုယ်ကို ခပ်လျှောလျှောထိုင်ကာ လိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



စွယ်စုံ့အပေါ် ဒေါသစိတ်နှင့် မကျေမနပ်စိတ်များက အခု အချိန်အထိ ကျွန်မနှလုံးသားတွင် တစပ်စပ်ခုန်နေတုန်းပင် ဖြစ်နေသည်။

"အင်း . . . တကယ်ဆို အခုလို လမ်းခွဲလိုက်တာကို ငါ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်လှုပ်ရှားနေရတာလဲ။ ပြီးဆုံးသွားပြီဆိုတာတောင် သူ့ရဲ့ အေးတိအေးစက်အမူအရာကြောင့် ပိုပြီး ငါ ခံစားနေရပါလား"

ကျွန်မတို့ခြံရှေ့သို့ ကားရပ်လိုက်ချိန်အထိ မိုးက သည်းကြီးမည်းကြီး ရွာနေတုန်းပင်ဖြစ်သည်။ ကျွန်မ ကျောပိုးအိတ်အတွင်း ထီးကိုနှိုက်ပြီး ရှာနေမိ၏။ တကယ်ဆိုလျှင် ခုလိုအခြေအနေမျိုး၌ စွယ်စုံ ကျွန်မကို ဂရုတစိုက်နှင့် သူ့ထီးကိုဆောင်းသွားဖို့ တစ်ခုခုတော့ ပြောသင့်သည်။

အကုတော့ သူက ကားစတီယာရင်ကိုကိုင်ပြီး ဘာမှအရေးကြီးသည့်ကိစ္စမဟုတ်သလို ကားရှေ့သို့သာ အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေ၏။

ရုတ်တရက် ရှာမရသည့်ထီးကို စိတ်မရှည်တော့ဘဲ ကား



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ဆောင့်ဖွင့်ကာ မိုးသည်းသည်းမဲမဲရွာနေသော ကားအပြင်ဘက်သို့ ထွက်လိုက်၏။

"နောက်မှတွေ့ကြတာပေါ့"

တံခါးကို ပြန်ပိတ်မည်အလုပ်တွင် ကားအတွင်းမှ စွယ်စုံက စပ်ဖြဲဖြဲအမူအရာဖြင့် ကျွန်မကိုမကြည့်ဘဲ လှမ်းပြောလိုက်၏။

ကျွန်မ တံခါးကို ဂျိမ်းခနဲမြည်အောင် တမင်စောင့်ပိတ်လိုက်၏။ ကျွန်မ တခါးပိတ်ပိတ်ချင်းပင် စွယ်စုံစိုးက ကားကို ဝေါခနဲ မောင်းထွက်သွားသည်။

"တောက်..."

အောက်နှုတ်ခမ်းကို အသာဖိကိုက်ရင်း ဒေါသစိတ်ကြောင့် ကျွန်မရင်တစ်ခုလုံး ဗြောင်းဆန်နေ၏။ ခြံဝရှေ့သို့ ရောက်သောအခါ ကျွန်မတစ်ကိုယ်လုံး ရွှဲရွှဲစိုက်လျက် ကျောပိုးအိတ်ကို ကိုင်ထားသော လက်ချောင်းများကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂ )

နောက်တစ်နေ့ ကျောင်းသို့ရောက်သောအခါ ဇင်မီနှင့် သီတာအေးတို့ကို စွယ်စုံစိုးနှင့် ကျွန်မ၏အကြောင်းပြန်ပြောပြရင်း ကင်တင်းသို့ သုံးယောက်သားလျှောက်လာကြသည်။

"ဒါဆို နင် ဒီနေ့ကျောင်းကို ဘာနဲ့လာတာလဲ"

ဇင်မီက လွတ်နေသော အခြားစားပွဲဝိုင်းတစ်ခုမှ ကုလားထိုင်ကို ဆွဲယူထိုင်လိုက်ရင်း ကျွန်မကို လှမ်းမေးလိုက်၏။

"တက္ကစီငှားလာတာဟ၊ ပြန်ရင်တော့ မေမေ့ကို ကားနဲ့လာကြိုဖို့ ပြောထားတယ်။ ကဲ . . . နင်တို့နှစ်ယောက် ဘာသောက်မလဲ၊ ဒီနေ့ စွယ်စုံစိုးနဲ့ ငါနဲ့ လမ်းခွဲတဲ့နေ့အထိမ်းအမှတ်နဲ့ငါကျွေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဇင်မိနှင့် သီတာအေးကိုကြည့်ရင်း စားပွဲထိုးကောင်လေးကို လှမ်းခေါ်လိုက်သည်။

ဇင်မီနှင့် သီတာအေးမှာ ကျွန်မနှင့်အတူ မူလတန်းမှ တက္ကသိုလ်သို့ရောက်သည်အထိ တပူးပူးတတွဲတွဲ နေလာခဲ့ကြသည့် ကျွန်မအချစ်ဆုံးသူငယ်ချင်းများ ဖြစ်ကြသည်။

"ငါတော့ ကော်ဖီပဲသောက်မယ်"

သီတာအေးက တစ်ရှူးဖြင့် သူ့နှုတ်ခမ်းများကို ပွတ်သပ်နေရင်း ကျွန်မကို လှမ်းပြောလိုက်၏။ ဇင်မိကတော့ MENU ကဒ်ကိုကြည့်ကာ ခေါက်ဆွဲကြော်တစ်ပွဲ လှမ်းမှာလိုက်သည်။

"နင်နဲ့ စွယ်စုံ့အကြောင်းလကို ကြားလိုက်ရရင် ဘယ်တော့မှ ပြေလည်နေကြတယ်မကြားရဘူး။ အမြဲတမ်း ပြဿနာတက်နေတာချည်းပဲ။ ဒါနဲ့ နင် သုတနဲ့ကော တွေ့ဖြစ်သေးလား ဝတ်မှုန်"

သီတာအေးက ကျွန်မကို သုတအကြောင်း ကောက်ကာငင်ကာ လှမ်းမေးလိုက်၏။

"ဟေး... မတွေ့တာ တစ်ရက်နှစ်ရက်ရှိသွားပြီဟ ညက သူများ ငါ့ဆီဖုန်းဆက်မလားလို့ စောင့်နေသေးတယ်"

ကျွန်မက စားပွဲပေါ်မှ အကြမ်းပန်းကန်လုံးများကို ရေနွေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ဆေးရင်း သီတာအေးကို ပြန်ပြောလိုက်သည်။

"တကယ်ဆိုရင် နင် အစတည်းက ကိုယ့်စိတ်ကို ကိုယ် ဆုံးဖြတ်ပြီး တစ်ယောက်ယောက်ကို ရွေးခဲ့သင့်တယ်"

စားပွဲထိုးကောင်လေး လာချပေးသော ကော်ဖီခွက်နှင့် ခေါက်ဆွဲကြော်ပန်းကန်ကို လှမ်းယူလိုက်ရင်း ဇင်မီက ဝင်ပြော၏။

လေအတိုက်တွင် ယိမ်းလှုပ်နေကြသော မလေးရှားပိတောက်ပင်တန်းများကို လှမ်းကြည့်ကာ စွယ်စုံစိုးနှင့် ကျွန်မတို့ အမှန်တကယ် လမ်းခွဲခဲ့ရသည့်အကြောင်းများကို ပြန်ပြီး စဉ်းစားနေမိသည်။

"နင်တို့စဉ်းစားကြည့်လေ၊ တကယ်ဆို ဘာပဲဖြစ်ဖြစ် ဒီလောက်သည်းသည်းမဲမဲရွာနေတဲ့ မိုးထဲကို ထီးမပါဘဲ ငါ ကားပေါ်ကဆင်းသွားတာတောင် ငါ့ကို တစ်ချက်ကလေး ဂရုစိုက်ပြီး လှည့်မကြည့်ဘူး၊ အဲဒီနေရာမှာ သုတသာဆို ဒီလိုနေမှာမဟုတ်ဘူး"

ကျွန်မအသံက ပြောရင်းနှင့် ဝမ်းနည်းသလို မကျေမနပ်ဖြင့်တနုံ့နုံ့ပြန်ခံစားနေရသည်။

"အေး . . . နင့်အိမ်က သုတနဲ့ နင် ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်နေတာသိသွားရင် နင် ဘယ်လိုလုပ်မလဲ
ဝတ်မှုန်”

“အေးဟာ . . . ဘာမှမစဉ်းစားတတ်တော့ပါဘူး၊
စိတ်ရှုပ်ပါတယ်”

ကျွန်မက သောက်လက်စကော်ဖီခွက်ကို အပြီးသပ်ငုံလိုက်ရင်း သီတာအေးကို စိတ်ပျက်လက်ပျက်အသံဖြင့် သီတာအေးကို ပြန်ပြောလိုက်သည်။

ကျွန်မတို့သုံးယောက်စလုံး၏ စကားသံများ ခဏတိတ်ဆိတ်သွားပြီး ဆိုင်အပြင်ဘက် ကျောက်ပြားစကြိုလမ်းလေးကိုသာ ကျွန်မ ငေးကြည့်နေမိသည်။

“အင်း . . . အိမ်က ဖေဖေနဲ့ မေမေတို့က နွမ်းပါးတာလေးတစ်ခုတည်းနဲ့တော့ သုတကို ပစ်ပစ်ခါခါ
မလုပ်သင့်ပါဘူး။ သူ့မှာ စွယ်စုံစိုးထက်သာတဲ့ တခြား
အရည်အချင်းတွေ အများကြီးရှိတယ်။ ငါ့အပေါ်
လည်း အလေးထားပြီး ဂရုစိုက်တဲ့ပုံပဲ၊ ဟိုတစ်လော
ကဆို ငါ့မွေးနေ့ကို သူ့မှာရှိတဲ့ပိုက်ဆံလေးနဲ့ ရွှေရောင်
အကောင်းစားဘောလ်ပင်လေးတစ်ချောင်းတောင်
လက်ဆောင်ပေးလိုက်သေးတယ်”

ကျွန်မ တွေးရင်းနှင့် သတိရလာပြီး ဇင်မီနှင့် သီတာအေးကို



www.burmeseclassic.com

www.burmeseclassic.com



လက်ကုတ်ကာ အူယားဖားယား ပြောလိုက်မိ၏။

"ဟဲ့ ဟဲ့ . . . ငါနင်တို့ကို ပြစရာတစ်ခုရှိတယ်
သိလား"

သီတာနှင့် ဇင်မီတို့က ရုတ်တရက် ကျွန်မစကားကို နား မလည်နိုင်ဘဲ တအံ့တသြပြန်ကြည့်နေကြ၏။ ကျွန်မက ပြော ပြောဆိုဆို ကျောပိုးအိတ်ရှေ့ဇာစ်ကိုဖွင့်ပြီး အတွင်းမှ ရွှေရောင် ဘောလ်ပင်လေးကို ထုတ်ယူလိုက်သည်။

"ဒီမှာ တွေ့လား၊ ပြီးခဲ့တဲ့ ငါ့ Birthday တုန်းက
သုတလက်ဆောင်ပေးတာ"

ကျွန်မက ဘောလ်ပင်ရွှေရောင်လေးကို သီတာအေးနှင့် ဇင်မီအား ထုတ်ပြလိုက်ရင်း သူတို့မျက်နှာအမူအရာကိုလည်း အကဲခတ်သလို လှမ်းပြီးကြည့်လိုက်သည်။

"ဟယ် . . . ဘောလ်ပင်လေးက ချစ်စရာလေးဟ"

သူတို့နှစ်ယောက်စလုံး၏ မျက်နှာများက ကျွန်မအတွက် ဂုဏ်ပြုဝမ်းမြောက်သည့် အပြုံးမျိုးဖြင့် တလက်လက်တောက်ပ နေသည့် ရွှေရောင်ဘောလ်ပင်ကို လက်ဖဝါးပေါ်တွင် ရေးခြစ် ကြည့်နေကြသည်။

"ဟဲ့ ဝတ်မှုန်ကလည်း ရွှေရောင်ပဲနော်၊ တော်
တော်တန်ဖိုးကြီးမယ့်ပုံပဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ရဲ့ Birthday မှာ သုတပေးတဲ့ ဒီလက်ဆောင်နဲ့အတူ ကံကောင်းခြင်းတွေ ရောက်လာပါစေလို့ ငါတို့ ဆုတောင်းပေးပါတယ်"

ဇင်မီ ပြုံးပေးလိုက်သော ဘောလ်ပင်လေးကို ကျွန်မ လှမ်းယူလိုက်ရင်း သုတအတွက် အမှတ်တရရေးထားသည့် ကဗျာစာအုပ်ထဲမှ စကားလုံးတချို့ကို စိတ်ထဲမှ တဖွဖွပြန်ရွတ်ကြည့်နေ၏။ ယူကလစ်ပင်များ အစီအရီစိုက်ထားသော လက်ဖက်ရည်ဆိုင်အဝင်လမ်းကလေးကိုငေးကြည့်နေရင်း နွေးထွေးကြင်နာသည့် အယုအယတွေကို ကျွန်မ ဆာလောင်နေမိသည်။

"ဟင်..."

ရုတ်တရက် ကျွန်မကိုယ်ကျွန်မ အံ့သြသွား၏။

ကျွန်မရှေ့ ခပ်လှမ်းလှမ်းမှ ကောင်မလေးတစ်ယောက်က ကျွန်မတို့ထိုင်နေရာ စားပွဲဆီသို့ တန်းတန်းမတ်မတ် လျှောက်လာနေပြီး ကျွန်မကို လှမ်းပြီးပြုံးရယ်ပြနေ၏။

"သူက ဘယ်သူလဲ"

သီတာအေးနှင့် ဇင်မီတို့ကတော့ သူမ လျှောက်လာနေရာ ဆိုင်အဝင်လမ်းဘက်ဝသို့ ကျောခိုင်းပြီး ထိုင်နေကြသဖြင့် မမြင်ကြချေ။

"သူ ငါ့ကို ဘာဖြစ်လို့ လှမ်းရယ်ပြနေတာပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်၊ ငါ့အသိထဲက တစ်ယောက်ယောက်ပဲ ဖြစ်နေမလား”

သူမပုံစံကို ကျွန်မ ဘယ်လိုမှ ပြန်တွေးကြည့်နေ၍ မရချေ။ သူ့ဆံပင်များက ကျောလယ်လောက်အထိ ရောက်နေပြီး မျက်နှာတစ်ခုလုံးကို မိတ်ကပ်များဖုံနေအောင် လိမ်းထား၏။ သူမ၏ အပေါ်အင်္ကျီမှာ ပန်းနုရောင်ပွင့်ဖောက်ဇာလက်ရှည်ကို ဝတ်ဆင်ထားပြီး ခါးတွင်လည်း ရှုံ့ကြိုးတစ်ခုက တင်းတင်းကျပ်ကျပ် စည်းနှောင်ထား၏။ ထဘီအစိမ်းရောင်ခပ်ရင့်ရင့်ပေါ်တွင် အနီရောင် အပွင့်ကြီးများရှိနေသဖြင့် သူ့ကို ခပ်ဝေးဝေးမှ အထင်အရှားမြင်သာနေ၏။

ကျွန်မ သူမထံမှ အကြည့်ကိုလွှဲကာ ဇင်မီနှင့် သီတာအေးတို့ နှစ်ယောက်ကို ပြန်လှည့်ကြည့်လိုက်၏။ ဇင်မီနှင့် သီတာအေးတို့က ရေနွေးတစ်ခွက်စီ ငုံ့သောက်နေကြပြီး သူတို့အချင်းချင်း တီးတိုးပြောဆိုရင်း တွတ်ထိုးရယ်မောကြရာ ကျွန်မတို့စားပွဲဝိုင်းသို့ တန်းတန်းမတ်မတ် လျှောက်လာနေသော မိန်းကလေးကိုသတိပင်မထားမိကြချေ။

ထိုအင်္ကျီပန်းနုရောင်နှင့် မိန်းကလေးမှာ တဖြည်းဖြည်းချင်း ကျွန်မတို့ထိုင်နေရာ လက်ဖက်ရည်ဆိုင် အဝင်ဝသို့ ရောက်လာနေ၏။ ကျွန်မကိုလည်း သေသေချာချာစိုက်ကြည့်ပြီး ပြုံးရယ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ရင်းလျှောက်လာနေတုန်းပင်ဖြစ်သည်။

"သူ ငါ့ကို ရယ်ပြနေတာ သေချာပါတယ်။ အင်းဟုတ်တယ်။ စားပွဲဝိုင်းတွေကို ကွေ့ပတ်ပြီး သူ ငါ့ဆီ တန်းတန်းမတ်မတ်ကြီးကို လာနေတာ"

ကျွန်မ သူ့ကို မျက်နှာပြန်လွဲနေလိုက်ပြီး ရွှေရောင်ဘောလ်ပင်ဖြင့် လက်ဖဝါးပေါ်တွင် ဘာတွေရေးခြစ်နေမှန်းမသိ ရေးခြစ်နေလိုက်မိသည်။

"ဟိတ် ... ဝတ်မှုန်၊ နင် ဒီမှာရှိနေတယ်ဆိုတာ ငါ့စိတ်က အလိုလိုသိနေတယ် သိလား"

ထိုကောင်မလေးက ကျွန်မနာမည်ကို လှမ်းခေါ်ရင်း ပခုံးနှစ်ဖက်ကိုလည်း လှမ်းပြီးဆုပ်ကိုင်လိုက်သည်။ သူ့မျက်လုံးများက ဇင်မီနှင့် သီတာအေးကို တစ်ချက်ဝေ့ကြည့်လိုက်ရင်း ကျွန်မဘေးမှ လွတ်နေသောခုံတွင် ဝင်ထိုင်ကာ ကျွန်မ ခါးကိုလည်း သူ့လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာဖက်ထားလေသည်။

"ဟင် ... သူက ငါ့နာမည်ကိုလည်း သိနေပါလား"

ကျွန်မ ပါးစပ်ဟောင်းလောင်းဖြင့် သူမမျက်နှာကို ပြန်လှည့်ကြည့်ကာ ဘယ်လိုမှ မမှတ်မိနိုင်အောင်ဖြစ်နေသည်။

"ဝတ်မှုန် ... နင် တကယ်ပဲလှလာတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမျက်နှာနှင့် ထိလုမတတ် ကပ်ပြီးပြောလိုက်သဖြင့် သူ့ထံမှ မိတ်ကပ်နံ့ ပေါင်ဒါနံ့များက ကျွန်မနှာခေါင်းတွင်းသို့ ဆိုးဆိုးဝါးဝါးတိုးဝင်လာ၏။

"သြော် ... အင်း ..."

ကျွန်မ သူ့ကိုကြည့်ကာ အလိုက်သင့် ပြန်နှုတ်ဆက်လိုက်ရင်း ကျွန်မ ခါးကို တင်းတင်းကျပ်ကျပ် သိုင်းဖက်ထားသော သူမလက်နှစ်ဖက်ကို ပြန်ပြီးရုန်းနေမိသည်။

"ငါ အရင်တုန်းက သူ့ကို တစ်ခါမှ မမြင်ဖူး ပါဘူး၊ သူက ဘယ်သူလဲ"

ကျွန်မ စဉ်းစားရင်း အတွေးတွေ ယောက်ယက်ခပ်နေကာ ဖြစ်ညှစ်သိုင်းဖက်ထားသော သူ့လက်နှစ်ဖက်ကြောင့် အသက်ရှူပင် ကျပ်သလိုလိုဖြစ်လာသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၃ )

ကျွန်မ ခါးကိုသိုင်းဖက်ထားသော သူမ၏ လက်နှစ်ဖက်ကို ပြန်ရုပ်လိုက်ပြီး ကျောလယ်လောက်အထိ ပြန့်ကျနေသော သူ့ဆံပင်ရှည်ရှည်တွေကို လက်ဖမိုးဖြင့် နောက်သို့ တစ်ချက်လှန်ပြီး သပ်တင်လိုက်၏။

"ဟူး . . . တော်သေးတာပေါ့၊ ကြာကြာနေရင် ငါ့
ခါးတွေ ပြုတ်ထွက်တော့မယ်"

အသက်ကို ပုံမှန်ပြန်ရှုရင်း သူ့မျက်နှာကို ကျွန်မ သေသေချာချာပြန်ပြီး စိုက်ကြည့်လိုက်၏။ သို့သော် ကျွန်မအသိဉာဏ်တွေက သူ့ကို သည့်ထက် ဘာမှပိုပြီး မှတ်မိမလာခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဇင်မီနှင့် သီတာအေးတို့က ထိုမိန်းကလေးမျက်နှာကို ကြည့်လိုက်၊ ကျွန်မမျက်နှာကိုကြည့်လိုက်ဖြင့် အသက်ပင်မရှူနိုင်ကြလောက်အောင် အံ့အားသင့်ပြီး ငေးကြည့်နေကြသည်။

ထိုမိန်းကလေး၏ ကိုယ်ခန္ဓာမှာ ကျွန်မထက် အနည်းငယ်တောင့်တင်းပုံရပြီး လက်တံခြေတံများမှာ တုတ်ခိုင်သန်မာလှသည်။

"နင် တကယ် အရင်အတိုင်းပဲသိလား ဝတ်မှုန်"

ကျွန်မစိတ်တွေက သူ့ကိုကြည့်ရင်း လှုပ်ရှားနေစဉ် သူ့လက်တစ်ဖက်ကို ကျွန်မပခုံးပေါ် လှမ်းတင်ရင်း ပြောလိုက်၏။

ကျွန်မကို မျက်တောင်မခတ်ပဲ စိုက်ကြည့်ရင်း ပြောနေသံက ကြေကွဲဝမ်းနည်းသံလိုလို မပီမသနှင့်ဖြစ်နေပြီး ပခုံးပေါ်သို့ လှမ်းတင်ထားသော သူ့လက်တစ်ဖက်မှာလည်း ကျွန်မအဖို့ အတော်ကလေးပင် လေးလံနေသည်။

ကျွန်မက ဇင်မီနှင့် သီတာအေးကို အကူအညီရလိုရငြား လှမ်းကြည့်လိုက်၏။ သီတာအေးက မျက်လုံးကျယ်ကြီးဖြင့်သာ သူမကို ငေးစိုက်ကြည့်နေသော်လည်း အကင်းပါးသော ဇင်မီက ဝင်၍

"နင်က တို့ကျောင်းကပဲလား"

ထိုမိန်းကလေးထံမှ အဖြေစကားက ချက်ချင်းမထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သေးပဲ ကျွန်မမျက်နှာကိုသာ မမိုတ်မသုန် စိမ်းစိမ်းကြီး စိုက်ကြည့်နေရာမှ ကျွန်မကို လှမ်းပြောလိုက်သည်။

"ငါ ဖူးပွင့်လေ၊ နင် ငါ့ကိုမေ့သွားပြီလား ဝတ်မှုန်၊ နင်နဲ့ငါဟာ ငယ်ငယ်တုန်းက အချစ်ဆုံးသူငယ်ချင်းတွေလေ"

ပိုင်ပိုင်နိုင်နိုင်ပြောနေသော သူမ၏စကားကြောင့် ကျွန်မ ကြောင်ငေးသွားသည်။

ဘယ်သူ . . . ဖူးပွင့် . . . ၊ ဖူးပွင့်ဆိုတာ ငါ့သူငယ်ချင်းထဲမှာ ရှိခဲ့လို့လား။

ကျွန်မ သူ့နာမည်ကို ထပ်ခါတလဲလဲ စိတ်ထဲမှ ရွတ်ကြည့်နေမိ၏။

"ဒါဟာ တစ်ခုခုမှားယွင်းနေတာလား၊ ဒါမှမဟုတ် ငါကပဲ မှတ်ဉာဏ်တွေ ချွတ်ယွင်းနေတာလား၊ တကယ်ဆိုရင် သူ့ကို ငါသိဖို့တော့ကောင်းတာပေါ့"

"နင် ရန်ကင်း အ–ထ–က (၂) ဘက်ကိုရောရောက်ဖြစ်သေးလား၊ ငါတော့ ကျောင်းရှေ့က ဖြတ်ဖြတ်သွားတိုင်း ငါတို့အတူတက်ခဲ့တဲ့ ကျောင်းကြီးကို အမြဲလိုလို လှည့်ကြည့်ဖြစ်တယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … သူက ငါ့ကို ရန်ကင်း(၂)မှာထဲက တွေ့ခဲ့ဖူးတာကိုး"

အခုအထိ ကျွန်မအသိစိတ်တွေက ဝိုးတိုးဝါးတားဖြစ်နေတုန်းပင်။

"ဟင် … ဒါဆို နင် သူတို့ကိုရော မှတ်မိလား"

"အေး … မှတ်မိတယ်"

သူမက ဇင်မိနှင့် သီတာအေးဘက်သို့ တစ်ချက်စွေပြီး ကြည့်လိုက်ရင်း ခြောက်ကပ်ကပ်ကွဲလျှသည့် လေသံမျိုးဖြင့် ပြောလိုက်သည်။ ဇင်မိနှင့် သီတာအေးတို့နှစ်ယောက်ကတော့ ကျွန်မကဲ့သို့ပင် သူ့ကို မမှတ်မိနိုင်အောင် ဖြစ်နေပုံရသည်။

သူမက ကျွန်မပခုံးပေါ်တင်ထားသည့်လက်ကို ပြန်ချရင်း သူ့ကျောပေါ်တွင် တစ်ချိန်လုံးလွယ်ပိုးထားသည့် မျောက်ရုပ်ကျောပိုးအိတ်ကို စားပွဲပေါ်သို့ပစ်တင်လိုက်၏။

"ဟဲ့ … သောက်ပလုတ် …"

သူမပစ်တင်လိုက်သော အမွေးထူထူနှင့် မျောက်ရုပ်ပုံ ကျောပိုးအိတ်ကို သီတာအေးက ရုတ်တရက် လန့်သွားကာ ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ကိုယ်ကို နောက်သို့ရှောင်လိုက်၏။ ဇင်မိကတော့ သီတာအေးအမူအရာကိုကြည့်ပြီး အူတက်မတတ် ရယ်နေတော့သည်။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ငါက တတိယတန်းနဲ့ စတုတ္ထတန်းမှာ တုန်းက အရမ်းကိုချစ်ခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေ လေ"

ဖူးပွင့်ဆိုသော ကျွန်မဘေးမှ ကောင်မလေးက ကျွန်မကို မူလတန်းတုန်းက စပြီး ခင်မင်ခဲ့ရကြောင်းကို ထပ်ပြောနေပြန်၏။ ကျွန်မ အတွေးတွေက မူလတန်းကျောင်းသူဘဝကို ပြန်ရောက် သွားလိုက်၊ သူမမျက်နှာကိုပြန်ပြီးမြင်ယောင်ကြည့်လိုက်ဖြင့် ခေါင်း တွေပင် မူးနောက်လောက်အောင်ပင် ထပ်ခါတလဲလဲ ပြန်စဉ်းစား နေရ၏။

"အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်ခဲ့ကြရသားနဲ့ ငါ ဘာဖြစ်လို့ သူ့ကို မမှတ်မိရတာလဲ"

"ငါ စတုတ္ထတန်းအောင်တဲ့နှစ်မှာ သင်္ကန်းကျွန်း ကျောင်းကိုပြောင်းသွားခဲ့ရတယ်။ အဲဒီနှစ်မှာပဲ ငါ့အဖေ လည်း ဆုံးသွားခဲ့တယ်လေ။ ငါနဲ့ ငါ့အမေ နှစ် ယောက်တည်း ဘဝတစ်ခုလုံးကို ချိုးချိုးငဲ့ငဲ့နဲ့...."

သူမအသံက ပြောရင်းနှင့်ပင် တိမ်ဝင်ပျောက်ကွယ်လုနီးပါး ဖြစ်သွားပြီး စားပွဲပေါ်မှ မျောက်ရုပ်ကျောပိုးအိတ်မှ အမွေးများ ကို လက်နှစ်ဖက်ဖြင့် အကြောင်းမဲ့ ဆွဲလိမ်နေ၏။ သို့သော် သူမ၏ မျက်ဝန်းစိမ်းစိမ်းကြီးများကတော့ ကျွန်မကိုစိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေတုန်းပင်။

"ဟင် ..."

ရုတ်တရက် ကျွန်မ လှမ်းမြင်လိုက်ရသည့် မြင်ကွင်းတစ်ခုလုံးက ကျွန်မအူတွေ အသည်းတွေကို ဆွဲယူနုတ်လိုက်သလို ကျင်ခနဲဖြစ်သွားပြီး တစ်ကိုယ်လုံး ကြက်သီးများဖြန်းဖြန်းထသွားကာ ကျောထဲမှ စိမ့်ခနဲဖြစ်သွား၏။

ကျောပိုးအိတ်မှ အမွေးများကို ဆွဲလိမ်နေသော သူမ၏လက်ချောင်းများမှ လက်သည်းခွံများမှာ သိမ်းငှက်တစ်ကောင်၏ နှုတ်သီးများကဲ့သို့ ရှည်လျားချွန်မြနေပြီး ခုံးခုံးကြီးဖြစ်နေသည်။

"ဘုရား ဘုရား . . . သူ့လက်သည်းရှည်တွေက
သာမန်ထက်ကို သိသိသာသာကြီး ပုံပျက်ပန်းပျက်
ဖြစ်နေပါလား"

သူမ အဆက်မပြတ် ပြောနေသာအသံများက ကျွန်မနားအတွင်းသို့ နောက်ထပ်ရောက်မလာခဲ့ချေ။

❦ ❦ ❦

"ဟဲ့ ... ဝတ်မှုန်"

ကျွန်မပခုံးကို လှမ်းပြီး ဖြန်းခနဲလှမ်းပုတ်လိုက်သော သူမ၏လက်ချောင်းများကြောင့် ထိတ်ထိတ်ပြာပြာ ပြန်လှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ အခု ဘယ်မှာနေတယ်ဆိုတာ နင်သိရင် အရမ်း အံ့သြသွားလိမ့်မယ် သိလား"

"အင်း... နင်တို့အခု ဘယ်မှာနေကြတာလဲ"

ကျွန်မက အလိုက်အထိုက်သာ ပြန်မေးလိုက်ရသော်လည်း ကျွန်မမျက်လုံးများက လှုပ်ရှားနေသော သူ့လက်ချောင်းများကိုသာ မသိမသာ လှမ်းပြီး အကဲခတ်နေမိ၏။

"နင်တို့ဘေးက ခြံနံပါတ်(၂၂)ဆိုတဲ့ အိမ်ကြီးမှာ"

"ဘာ..."

ကျွန်မအသံက ပေါက်ကွဲလွင့်စင်ထွက်သွားသည့် ဗုံးတစ်လုံးကဲ့သို့ ကျယ်လောင်သွားသည်။

"ဘာလဲ၊ နင်အံ့သြသွားပြီမဟုတ်လား"

တကယ်ဆို အခုလို ကျွန်မ ဘယ်လိုမှ မမှတ်မိနိုင်လောက်သည့် ဖူးပွင့်ဆိုသော ကောင်မလေးသည် ကျွန်မနှင့် ငယ်သူငယ်ချင်း ဖြစ်နေရုံမက ကျွန်မတို့အိမ်နှင့် ဘေးချင်းကပ်ရက်က ခြံဝင်းထဲက အိမ်ကြီးတွင် နေထိုင်နေသည်ကို ကျွန်မ ဘာကြောင့်များ မသိခဲ့ရပါသနည်း။

ကျွန်မသိရသလောက်တော့ ကျွန်မတို့ခြံနှင့်ကပ်ရက်ခြံဝင်းကြီးထဲက အိမ်အိုကြီးတွင် လူသူမနေကြသည်မှာ နှစ်အတော်



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီဖြစ်၏။ ထိုခြံကြီးပတ်ပတ်လည်တွင်လည်း ပိတောက်ပင်ကြီးများ၊ ပိန္နဲပင်ကြီးများက အုံ့ဆိုင်းမည်းမှောင်နေကြသဖြင့် တော်ရုံတန်ရုံဖြင့် အပြင်ကကြည့်လျှင် ခြံကြီးအတွင်းသို့ မမြင်ရပေ။

သူမက ကျွန်မကို အံ့သြသွားအောင် တမင်ပြောလိုက်သော်လည်း တကယ်တမ်းတော့ ကျွန်မကိုယ်ကျွန်မ မယုံကြည်နိုင်လောက်အောင် ဆွံ့အသွားမိသည်။

“ဒါဆို နင်တို့နှစ်ယောက်က အိမ်နီးချင်း ငယ်သူငယ်ချင်းတွေ ဖြစ်သွားပြီပေါ့”

သီတာအေးက ကျွန်မနှင့် ဖူးပွင့်ဆိုသော ကောင်မလေးကို ကြည့်ရင်း လှမ်းပြောလိုက်သော်လည်း သူမကတော့ ကြားလိုက်သည့်ပုံမပေါ်ပဲ ကျွန်မမျက်နှာသာ တွေတွေကြီးစိုက်ကြည့်နေ၏။

“ကျွိ…”

လမ်းမပေါ်မှ ကားတစ်စီးထိုးရပ်လိုက်သံကြောင့် ကျွန်မတို့အားလုံး ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

“ဟဲ့ … ဝတ်မှုန်၊ ဟိုမှာ အန်တီ နင့်ကိုလာကြို နေပြီ”

ဇင်မီက မေမေ့ကို လှမ်းရယ်ပြရင်း ကျွန်မကိုလှမ်းပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မေမေက ကျွန်မတို့လေးယောက်ထိုင်နေရာသို့ ကားပေါ်မှ ဆင်းပြီး တစ်လှမ်းချင်းလျှောက်လာနေသည်။

"အန်တီ၊ သမီးကိုမှတ်မိလား၊ ဝတ်မှုန် သူငယ်ချင်း ဖူးပွင့်လေ"

ဖူးပွင့်ဆိုသောကောင်မလေးက မေမေကားပေါ်မှဆင်းပြီး လျှောက်လာရာဆီသို့ အပြေးတစ်ပိုင်းဖြင့်သွားကာ နှုတ်ဆက်ဆီးကြိုလိုက်၏။

"သြော်... အေး... အေးကွယ်... မှတ်မိပါတယ်"

မေမေ့အသံက မှတ်မိပါတယ်ဟုသာ ပြုံးရယ်ရင်း ပြန်ပြောနေသော်လည်း ကျွန်မကဲ့သို့ပင် သူမကိုမှတ်မိရန် တော်တော် လေး စဉ်းစားနေပုံပေါက်နေသည်။

ကျွန်မက စားပွဲထိုးလေးကိုခေါ်ရင်း ပိုက်ဆံရှင်းလိုက်ပြီး ကျောပိုးအိတ်ကို ကပျာကယာကောက်လွယ်လိုက်၏။

"ကဲ ... ငါပြန်တော့မယ်၊ နောက်နေ့မှ တွေ့ကြတာပေါ့"

ကျွန်မက သီတာအေးနှင့် ဇင်မီ့ကို နှုတ်ဆက်ရင်း ဖူးပွင့်ဘက်ကိုပါ လှည့်ကြည့်ကာ ခေါင်းညိတ်ပြပြီး နှုတ်ဆက်လိုက်သည်။

မေမေကတော့ ဖူးပွင့်ကိုမှတ်မိလာသည့်အချိန်အထိ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေမည်မဟုတ်။ ကျွန်မသူငယ်ချင်း ဇင်မီနှင့် သီတာအေးတို့လိုပင် သူမကိုလည်း ရင်းရင်းနှီးနှီး ပြောဆိုနှုတ်ဆက်နေ၏။

"ကဲ ... သမီးလည်း အိမ်လာလည်ဦးလေ"

မေမေက ကားပေါ်ပြန်တက်ခါနီး ဖူးပွင့်ကို လှမ်းပြီးပြောလိုက်၏။

အိမ်အပြန်လမ်းတစ်လျှောက်လုံး မေမေနှင့် ကျွန်မ ဘာစကားတစ်လုံးမျှမပြောဖြစ်ကြဘဲ အတွေးကိုယ်စီနှင့် ရှိနေကြသည်။ မည်သို့ဆိုစေကာမူ ဖူးပွင့်ဆိုသောကောင်မလေးအကြောင်းက ကျွန်မအဖို့ အလွန်ထူးဆန်းနေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၄ )

ထိုနေ့ညတွင် ထမင်းစားခန်းမှအထွက် ကျွန်မ ဧည့်ခန်း ဆီသို့လျှောက်လာရင်း ဖုန်းမြည်သံကို ကြားလိုက်ရသည်။ သုတ ထံမှပဲဖြစ်မည်ဟု စိတ်က အလိုလိုသိနေ၏။ ကျွန်မ တယ်လီဖုန်း ရှိရာဆီသို့ အပြေးသွားလိုက်ပြီး ထမင်းစားခန်းအတွင်းမှ ဖေဖေ နှင့် မေမေ့ကို တစ်ချက်လှမ်းကြည့်ကာ တယ်လီဖုန်းကို ကောက် ကိုင်လိုက်သည်။

ကျွန်မက စကားပြောခွက်နားကပ်ကာ အသံခပ်အုပ်အုပ် ဖြင့်...

"ဟယ်လို..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ဘာသံမှပြန်မကြားရဘဲ ဖုံးပြန်ကျသွားသည့် အသံရှည်ကြီးကို ဆက်တိုက်ကြားနေရ၏။ ကျွန်မ တယ်လီဖုန်းကို အသာပြန်တင်လိုက်ရင်း စားပွဲခုံအောက်မှ ဂျာနယ်များကို လှန်လှောနေကာ နောက်တစ်ကြိမ် တယ်လီဖုန်းအလာကို စောင့်နေလိုက်သည်။

နောက်ထပ်တစ်ကြိမ် ဖုန်းမည်လာပြန်သည်။ ကျွန်မက အသံကြားလျှင်ကြားချင်း ကောက်ကိုင်လိုက်သည်။ တစ်ဖက်မှ အသံသည် သုတအသံမဟုတ်သည်ကတော့ သေချာသွား၏။ ကျွန်မ ကြားနေရသည့်အသံမှာ ဝိုးတိုးဝါးတားဖြင့် ဗလုံးဗထွေး အသံများသာ ဖြစ်နေသည်။ တစ်ခါတစ်ရံ လူနှစ်ယောက်က စကားပြောခွက်နားကပ်ကာ အလုအယက်ပြောနေသံလိုလို မပီမသနှင့်ကြားနေရသည်။

“ဟယ်လို … အမိန့်ရှိပါရှင်”

ကျွန်မ စိတ်မရှည်တော့ဘဲ ပုန်းကို ပြန်ချလိုက်ဖို့ ဟန်ပြင်လိုက်စဉ် …

“နင် သိပ်ကို အံ့သြနေတယ်မဟုတ်လား”

ရုတ်တရက် ကျွန်မ ပီပီသသကြားလိုက်ရသော ခြောက်ကပ်ကပ်ကွဲအက်နေသည့် အသံကြီးက ကျွန်မတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထောင်ထသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို... ဘယ်သူလဲ"

ကျွန်မ၏အသံက နစ်မြုပ်ပျောက်ဝင်လုမတတ် တုန်ရင်နေသည်။ တစ်ဖက်မှအသံက နောက်ထပ် ဘာမှဆက်မကြားရဘဲ စကားပြောခွက်ကို လက်ဖြင့်အုပ်ထားသကဲ့သို့ တိတ်ဆိတ်နေ၏။

"ဟယ်လို... ဟယ်လို"

တစ်စုံတစ်ရာမှ တုံ့ပြန်သံမကြားရတော့ဘဲ ဖုံးပြန်ချသွား၏။

တယ်လီဖုန်းလက်ကိုင်ကို ကိုင်ထားရင်း ကျွန်မ ငေးကြောင်နေမိသည်။ တစ်ဖက်မှ ဖုန်းချလိုက်သည့် အသံရှည်ကြီးက အဆက်မပြတ် ထွက်ပေါ်နေလျက်...

"ဘယ်သူလဲ၊ ငါ တကယ်ကြားလိုက်ရတဲ့အသံက ယောကျ်ားတစ်ယောက်ရဲ့အသံလိုလို လည်ပင်းအညှစ်ခံထားရတဲ့ မိန်းမတစ်ယောက်ရဲ့အသံလိုလို၊ သူပြောသလို ငါက ဘာကို အံ့သြနေရတာလဲ၊ အင်း ... ညနေက ဖူးပွင့်ဆိုတဲ့ကောင်မလေးပဲ ဆက်တာလား၊ သူ ဒီဖုန်းနံပါတ်ကို ဘယ်ကရတာလဲ"

ကျွန်မ တယ်လီဖုန်းကိုပြန်ချပြီး ဧည့်ခန်းအတွင်းမှ လှည့်ထွက်လိုက်သည်။ ကျွန်မစိတ်တွေကလည်း ထွေရာလေးပါးတွေ တောင်ရောက်မြောက်ရောက် စဉ်းစားနေမိတော့၏။ နေ့လယ်က မြင်လိုက်ရသည့် ဖူးပွင့်ဆိုသော ကောင်မလေး၏မျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလျှောက်လာနေရာ အပေါ်ထပ်သို့တက်သည့် လှေကားခြေရင်းနားမှာ လှမ်းတွေ့နေရသလို လှေကားအောက်ဖက်မှ တိုလီမိုလီများစုပြုံထားသော အခန်းလွတ်၏ နံရံတွင် တွေ့ပဲ့နေရသလို ကျွန်မ၏စိတ်အာရုံထဲတွင် တဖျတ်ဖျတ်ပေါ်နေ၏။

ညနေ ကျောင်းကပြန်ရောက်ကတည်းက အိမ်ရှေ့ဧည့်ခန်းအတွင်း ဆိုဖာဆက်တီပေါ် ပစ်တင်ထားသော ကျောပိုးအိတ်ကို ကောက်လွယ်ရင်း လှေကားလက်ရန်းကိုကိုင်ကာ အပေါ်ထပ်ကျွန်မအခန်းရှိရာသို့ ဖြည်းဖြည်းချင်းတက်သွားလိုက်သည်။

တစ်ခါတစ်ရံ ဘဝတွင် ဘယ်လိုမှ မထင်မှတ်ထားသည့် အရာများက ကျွန်မထံသို့ ထူးထူးဆန်းဆန်းကြီးကို ရောက်ရောက်လာတတ်သည်။

“တကယ်ဆိုရင် ငါပဲ မမှတ်မိတာလား၊ သူက
လူမှားတယ်ဆိုရင်တောင် ငါ့နာမည်နဲ့ မေမေ့ကို ဘာ
ဖြစ်လို့ရင်းရင်းနှီးနှီး သိနေတာလဲ”

ကျွန်မအခန်းတံခါးရှေ့အရောက် အတွေးများက ခဏပြတ်သွားပြီး တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်ကာ အခန်းတွင်းသို့ လှမ်းဝင်လိုက်၏။

ကျွန်မ အခန်းအတွင်းသို့ လှမ်းဝင်လျှင်ဝင်ချင်း စူးရှသော အေးစိမ့်မှုက ဦးခေါင်းထိပ်မှ တစ်ကိုယ်လုံးသို့ ဖြန်းခနဲ လှမ်းပက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလို ခံစားလိုက်ရသည်။

"ဟင်..."

ကျွန်မ မနက်က ကျောင်းသို့မသွားခင်တည်းက ဖွင့်ထားခဲ့သည့် AIRCON က အခုအချိန်ထိ အရှိန်ကောင်းကောင်းဖြင့် ပွင့်နေဆဲဖြစ်သည်။

ကျောပိုးအိတ်ကို စာကြည့်စားပွဲပေါ် လှမ်းတင်ရင်း AIR-CON ခလုတ်ကို လှမ်းပိတ်လိုက်ပြီး အခန်းအတွင်းမှ မီးများကိုလည်း ဖွင့်လိုက်သည်။ ညဝတ်အင်္ကျီတစ်စုံကို လဲဝတ်ကာ ခုတင်ပေါ်သို့ ကျွမ်မ ခြေပစ်လက်ပစ် လှဲချလိုက်၏။

လက်နှစ်ဖက်ကိုယှက်ပြီး ခေါင်းအောက်သို့သွင်းကာ မျက်နှာကျက် ကျောက်ပြားများဆီသို့ ငေးစိုက်ကြည့်နေရာမှ စွယ်စုံစိုး အကြောင်းက ကျွန်မခေါင်းထဲသို့ ရောက်လာပြန်သည်။

ထိုနေ့က စွယ်စုံနှင့် ကျွန်မတို့ ဖြစ်ပျက်ခဲ့သမျှကို မေမေနှင့် ဖေဖေတို့ကို ပြန်ပြောပြသော်လည်း အားလုံးက ကျွန်မတို့ နှစ်ယောက်အကြောင်း သိထားကြသဖြင့် စိတ်အခန့်မသင့်လို့ ဖြစ်ကြပြီး ပြီးလျှင် ပြီးသွားမှာပဲဟုလောက်သာ ထင်ထားကြသည်။ သူနှင့်ပတ်သက်လာလျှင် ကျွန်မ၏ သည်းညည်းခံမှုများက မနေ့က ကားပေါ်မှဆင်းကတည်းက ပျောက်ကွယ်သွားပြီဖြစ်သည်။

ကျွန်မ အိပ်ရာပေါ်တွင် ကိုယ်ကို တစ်ဖက်သို့လှည့်လိုက်၏။

www.burmeseclassic.com



"အင်း . . . သုတတစ်ယောက်ကို မတွေ့တာ သုံးရက်ရှိသွားပြီ၊ သူ ဘာတွေလုပ်နေလဲ၊ ကျောင်းကော လာတက်ရဲ့လားမသိဘူး"

သုတအကြောင်း တွေးနေစဉ် ကျွန်မ ရုတ်တရက် ခုတင်ပေါ် ငုတ်တုတ်ထပြီး ထိုင်မိလျက်သားဖြစ်သွား၏။

"ဘောပင်၊ ရွှေရောင်ဘောပင်၊ သုတ လက်ဆောင်ပေးထားသည့် ရွှေရောင်ဘောပင်လေး၊ ငါ လက်ဖက်ရည်ဆိုင်ကအထမှ ယူကောယူခဲ့မိရဲ့လား"

ကျွန်မ ခုတင်ပေါ်မှ လူးလဲထပြီး ကျောပိုးအိတ်တင်ထားရာ စာကြည့်စားပွဲဆီသို့ အပြေးအလွှားသွားလိုက်၏။ စာကြည့်စားပွဲမှ မီးခလုတ်ကိုဖွင့်ကာ ကျောပိုးအိတ်တစ်ခုလုံးကို ပျာပျာသလဲ မွှေနှောက်ရှာဖွေလိုက်သည်။

ကျောပိုးအိတ်အတွင်း ရှိသမျှပစ္စည်းများကို ကြမ်းပြင်ပေါ်သို့ သွန်မှောက်ချလိုက်သော်လည်း ဘောပင်လေးက ထွက်ကျမလာချေ။

"ဟင် . . . ဒုက္ခပါပဲ၊ ဟိုဆိုင်မှာကျန်ခဲ့ပြီလား မသိဘူး၊ ဇင်မီနဲ့ သီတာအေးက ငါ့နောက်မှ ပြန်ကြတာဆိုတော့ သူတို့တွေ့ရင် သိမ်းထားကြမှာပဲ"

ကျွန်မရင်ထဲတွင် ချက်ချင်းဆိုသလို ထိတ်ထိတ်ပြာပြာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး အခန်းထောင့်မှ လိုင်းခွဲဖုန်းရှိရာဆီသို့ ပြေးသွားပြီး ဇင်မီ့ကို လှမ်းဆက်ကြည့်လိုက်၏။

ဇင်မီတို့အိမ်မှဖုန်းက တော်တော်နှင့် ခေါ်မရဘဲ ဖြစ်နေသည်။ ကျွန်မ ဖုန်းကို စိတ်ပျက်လက်ပျက်ပြန်ချရင်း စိတ်တွေက ဗလောင်ဆူ မွန်းကျပ်သလို ခံစားနေရသည်။

❁ ❁ ❁

"ဟယ်လို . . . ဇင်မီလား၊ ဟဲ့ . . . ငါပါ၊ ဝတ်မှုန်၊ ဟဲ့ . . . ဟိုလေ . . . ညနေက လက်ဖက်ရည်ဆိုင်က စားပွဲပေါ်မှာ ငါ့ရွှေရောင်ဘောပင်လေး ကျန်ခဲ့တာ နင်တို့နှစ်ယောက် သိမ်းထားလိုက်တယ်မဟုတ်လား"

ကျွန်မအသံတွေက တုန်တုန်ယင်ယင်ဖြင့် အူယားဖားယား လှမ်းမေးလိုက်၏။

"နင်ပြန်ယူသွားတယ်မဟုတ်လား၊ ငါတော့ အမှတ်တမဲ့ပဲ စားပွဲပေါ်မှာတော့ ဘာမှမကျန်ခဲ့ပါဘူး"

"ဟင် . . . ဒုက္ခပဲဟာ၊ ပျောက်ပြီလားမသိဘူး၊ ဒီမှာ ငါ့လွယ်အိတ်တစ်ခုလုံးလည်း နှံ့နေအောင် ရှာပြီးပြီ၊ မတွေ့ဘူး"

ပြောရင်းနှင့် ကျွန်မအသံတွေက ငိုသံပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ဇင်မီက ကျွန်မအသံကြားပြီး စိတ်မချမ်းမသာ ဖြစ်သွားသည့်လေသံဖြင့် . . .

"သိပ်လည်း စိတ်ပူမနေပါနဲ့ဟာ၊ ဆိုင်က ငါတို့

နဲ့လည်း သိနေတာပဲ၊ တွေ့ရင်ပြန်ပေးမှာပေါ့"

ခဏအကြာ ဇင်မီ ဖုန်းချသွားပြီးနောက် တယ်လီဖုန်း တင်ထားသော ခုံဘေးမှ နံရံကို ကျောမှီထားရင်း ကျွန်မ ရင် တင်ခုလုံး ဖြောင်းဆန်ကာ ပူလောင်နေ၏။

"ဘုရား ဘုရား၊ ပြန်မတွေ့ရင်တော့ ဒုက္ခပဲ။

ငါကိုက ပြာယာခတ်လွန်းတယ်"

ကျွန်မကိုယ်ကျွန်မ အပြစ်တင်ရင်း စာအုပ်စင်ထောင့်ရှိ သုတအတွင် အမြဲတမ်း ရေးရေးနေကျ ကဗျာစာအုပ်လေးကို သတိတရ လှမ်းယူလိုက်၏။

စာအုပ်ထဲမှ ရွှေရောင်စာလုံးများဖြင့် ရေးထားသည့် ကဗျာ များကိုလည်း တစ်ပုဒ်ချင်းစီ ပြန်ဖတ်ကြည့်နေမိသည်။

ရုတ်တရက် ကျွန်မ နောက်ဆုံးရေးထားသည့် ကဗျာ အောက်ခြေတွင် လက်ရေးခပ်သော့သော့ဖြင့် ရေးထားသော စာ ကြောင်းတစ်ကြောင်းကို ဖတ်မိသွားသည်။

"ဟင် . . . ဒါ ဘယ်သူလာရေးသွားတာလဲ၊ ဒါ

ငါရေးတာမဟုတ်ပါဘူး။ ရွှေရောင်မှင်နဲ့ ရေးသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ ငါရေးနေကျ အခုပျောက်နေတဲ့ ရွှေရောင် ဘောပင်နဲ့ရေးထားတာ”

ကျွန်မက တအံ့တသြဖြင့် ကြက်သေသေနေ၏။ စာမျက်နှာပေါ်မှ လက်ရေးခပ်သော့သော့ဖြင့် ရေးထားသောစာများကို လက်ဖြင့် အသာပွတ်သပ်ရင်း အသံထွက်သွားအောင်ပင် ရွတ်ဆိုမိလျက်သား ဖြစ်သွား၏။

**“နင့်ကို ငါနဲ့အတူ တမလွန်ကိုခေါ်သွားဖို့ ငါ ဆုံးဖြတ်လိုက်ပြီ”**

“ဟင်...”

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၅ )

ည၏တိတ်ဆိတ်နေပုံက လိပ်ပြာတစ်ကောင်၏ အသက်ရှူနေသံကိုပင်ကြားနိုင်လောက်အောင်ပကတိငြိမ်သက်နေ၏။

ဘာကြောင့်မှန်းမသိ ကျွန်မစိတ်တွေက ရွှေရောင်မှင်ဖြင့်ရေးထားသော စကားလုံးများကို မည်သို့မျှ နားမလည်နိုင်ဘဲ ဘဝင်မကျဖြစ်နေရသည်။

ကျွန်မ ခုတင်ပေါ်မှ ရုတ်တရက်ထထိုင်ကာ တစ်ဖက်နံရံပြတင်းပေါက်ဆီသို့ အမှောင်ထဲတွင် စမ်းပြီးလျှောက်သွားလိုက်၏။ ပြတင်းပေါက်မှ ခန်းဆီးလိုက်ကာစကို မ၍ကာ တံခါးပေါက်များကို ဖွင့်လိုက်စဉ် အပြင်ဘက်မှ အေးစက်စိုစွတ်သည့် မိုးသက်



www.burmeseclassic.com

www.burmeseclassic.com



လေငွေ့တို့က ကျွန်မမျက်နှာကို ညင်ညင်သာသာ တိုးဝင်တို့ထိနေ၏။

ဒေါင်ဒေါင်... ဒေါင်ဒေါင်... ဒေါင်ဒေါင်...

ခပ်လှမ်းလှမ်း ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းထိုးသံ ဆယ့်နှစ်ချက်ကို ကြားလိုက်ရသည်။

ပြတင်းပေါက်မှ လှမ်းမြင်နေရသော တစ်ဖက်ခြံမှ ပိတောက်ပင်ကြီးများ၊ ပိန္နဲပင်ကြီးများက အမှောင်ထုအောက်တွင် ငိုက်မြည်းနေသလို တုတ်တုတ်ပင်မလှုပ်ကြ။ ထိုသို့ မလှုပ်မယှက် ငြိမ်သက်နေသည့် သစ်ရွက်ကြိုသစ်ရွက်များကြားမှ ဖူးပွင့်တို့နေကြသည်ဆိုသော အိမ်အိုကြီး၏ နံရံကို ကျွန်မ ဝိုးတဝါး လှမ်းမြင်နေရသည်။

ထိုအိမ်ကြီးကိုကြည့်ရသည်မှာ အုံ့ဆိုင်းမည်းမှောင်နေသောသစ်ပင်ကြီးများ၏ အရိပ်အောက်တွင် ပုန်းဝပ်ကာ တစ်စုံတစ်ရာကို ချောင်းမြောင်းနေသည့် သတ္တဝါတစ်ကောင်နှင့်ပင် တူနေ၏။

"ဂူး... အူး... ဂူး... ဂူး..."

ရုတ်တရက် ဆွဲဆွဲငင်ငင်အူလိုက်သည့် ကြောက်ရွံ့တုန်လှုပ်ဖွယ် ခွေးအူသံကြီးက ကျွန်မတစ်ကိုယ်လုံး သိမ့်ခနဲဖြစ်သွားသည်။

"အူး... ဂူး... ဂူး... ဂူး..."

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကျယ်လောင်စွာအူလိုက်သည့်အသံကြီးက နှစ်ကောင် သုံးကောင် ပြိုင်တူအူလိုက်သည့်အသံမျိုးဖြစ်ပြီး တစ်ဖက်မှ သစ်ပင်ကြီးများ၏ နောက်အကွယ်မှ ပဲ့တင်ထပ်ကာ ပျံ့လွင့်လာသည်။

ချက်ချင်းဆိုသလို ကျွန်မ ခြေဖျားလက်ဖျားများ အေးစက်တောင့်တင်းလာပြီး ခန်းဆီးလိုက်ကာစကိုဖြစ်ညှစ်ဆုပ်ကိုင်ထားမိလိုက်သည်။

"အူး... ဂူး... ဂူး..."

"ဟင်..."

ဒီတစ်ခါ ထပ်မံအူလိုက်သည့် အသံကြီးနှင့်အတူ စောစောက ငြိမ်သက်နေကြသည့် သစ်ကိုင်းသစ်ခက်တို့က ရုတ်တရက် အသက်ဝင်လာသလို ယိမ်းလှုပ်သွားကြ၏။

"ဂျိမ်း..."

ကျွန်မ တံခါးကိုဆွဲပိတ်လိုက်ပြီး ခန်းဆီးလိုက်ကာစကြီးကို မှီကာ ပြတင်းပေါက်ကို ကျောခိုင်းပြီး ရပ်လိုက်၏။ နှလုံးခုန်သံမှာလည်း တဒုန်းဒုန်းမြည်လျက် ကြက်သေသေနေမိသည်။

"ဘုရား ဘုရား၊ ဒီသစ်ပင်ကြီးတွေက ဘာဖြစ်လို့ အခုမှလှုပ်ရှားသွားရတာလဲ၊ တစ်ခုခုတော့ မှားယွင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်မှ အခန်းနံရံကိုကြည့်ရင်း ကျွန်မတစ်ကိုယ်လုံး ချွေးစေးတွေထွက်နေ၏။

"သွေးပျက်ချောက်ချားစရာကောင်းတဲ့ အဖြစ်
တွေ ငါ့ဆီကို တကယ်ပဲလာနေကြပြီလား"

"အုန်း... ဂျိမ်း..."

ဖျတ်ခနဲ ဝင်းလက်လိုက်သော အပြာရောင်လျှပ်စီးတန်းကြီးက ကျွန်မနောက်ကျောမှ မှန်ပြတင်းပေါ်သို့ ကျရောက်သွား၏။ မျက်နှာချင်းဆိုင် နံရံတွင် ပြတင်းပေါက်၏ လေးထောင့်သဏ္ဍာန် အလင်းကွက်ပေါ်တွင် မတ်တတ်ရပ်လျက်သား ကျွန်မ၏အရိပ်ကို ကျွန်မ လှစ်ခနဲပြန်မြင်လိုက်ရ၏။

"ငါ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်တွေ
လှုပ်ရှားနေရတာလဲ၊ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တွေပဲ၊
မဖြစ်ဘူး... အိပ်ပျော်အောင် အိပ်မှဖြစ်မယ်"

ကျွန်မ ခုတင်ရှိရာသို့ တဖြည်းဖြည်းချင်း စမ်းပြီး ပြန်လျှောက်လာကာ ခုတင်ခြေရင်းမှ စောင်ကို ခေါင်းအထိဆွဲခြုံရင်း အိပ်ပျော်ရန်ကြိုးစားလိုက်သည်။

မကြာခင် မိုးစက်မိုးပေါက်တို့က အိမ်ခေါင်မိုးပေါ်သို့ တဖျောက်ဖျောက်ကျလာသံကို ကြားလိုက်ရသည်။

ထိုနေ့ည ကျွန်မ တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာကိုတွေးပြီး လန့်နေသလို တစ်ယောက်ယောက်က ခြိမ်းခြောက် ပြောဆိုနေသံတွေလိုလို နားထဲမှ ကြားနေရသည်။

ခဏအကြာ တဖြည်းဖြည်းချင်း ထိုအသံများက ပျောက်ကွယ်သွားပြီး ကျွန်မ မေ့ခနဲ အိပ်ပျော်သွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၆ )

နောက်တစ်နေ့မနက်တွင် တော်တော်ကလေးနောက်ကျပြီးမှ ကျွန်မ အိပ်ရာကနိုးလာသည်။ စာကြည့်စားပွဲပေါ်မှ နာရီကို ကြည့်လိုက်တော့ ရှစ်နာရီပင်ကျော်နေပြီ။ ကပျာကယာ ရေမိုးချိုးပြီး အောက်ထပ်သို့ဆင်းလာသောအခါ ဖေဖေနှင့် မေမေတို့က နံနက်စာစားရင်း အပြင်သွားရန် ပြင်ဆင်နေကြ၏။

"ကဲ . . . သမီး ဝတ်မှုန်၊ ဒီမှာ မေမေ ကော်ဖီ
ဖျော်ထားတယ်၊ ကြောင်အိမ်ထဲမှာ ကိတ်မုန့်ရှိတယ်၊
ကိုယ့်ဘာသာကိုယ် လိုးစားတော့၊ မေမေနဲ့ ဖေဖေတို့
အပြင်သွားစရာရှိလို့ အချိန်သိပ်မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ကျွန်မကို ပြောပြောဆိုဆို သောက်လက်စ စားပွဲပေါ်မှ ကော်ဖီပန်းကန်များကို သိမ်းဆည်းရင်း မီးဖိုချောင်အတွင်း ခပ်သုတ်သုတ် ပြေးဝင်သွား၏။ ဖေဖေက လက်သုတ်ပဝါကို စားပွဲပေါ်မှ ကောက်ယူကာ နှုတ်ခမ်းတစ်ဝိုက် ပွတ်သပ်လိုက်ရင်း...

"သမီး ဒီနေ့ ကျောင်းပိတ်တယ်မဟုတ်လား၊ အိမ်မှာ ရှင်းစရာလင်းစရာရှိတာတွေ ရှင်းလင်းထား၊ ဖေဖေတို့ညနေလောက်မှပြန်ရောက်မယ်"

"ဟုတ်ကဲ့ ဖေဖေ"

ကျွန်မ ဟုတ်ကဲ့ဟုပြန်ပြောလိုက်ရသော်လည်း တကယ်တမ်းတော့ ကျွန်မတစ်ယောက်တည်း အေးအေးလူလူရှိနေသော အချိန်များတွင် သုတအကြောင်းကိုသာ စိတ်ကူးယဉ်ပြီး အိပ်ရာပေါ်တွင်လဲလျောင်းနေချင်၏။

❦ ❦ ❦

ဖေဖေနှင့် မေမေတို့ ကားနှင့်ထွက်သွားပြီး သိပ်မကြာခင် အိမ်ရှေ့ခြံတံခါးမှ သီတာအေးနှင့် ဇင်မီတို့ ကျွန်မကို လှမ်းခေါ်နေကြသံ ကြားလိုက်ရသည်။

"ဟယ် . . . နင်တို့တွေ ဘယ်ကနေ ဘယ်လို စိတ်ကူးပေါက်ပြီး ရောက်လာကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ပြောပြောဆိုဆို ခြံတံခါးဝသို့သွားကာ တံခါးဖွင့်ပေးလိုက်၏။

"မနေ့ညက နင် ဖုန်းချသွားပြီး ခဏနေတော့ ငါ သီတာအေးကို ဖုန်းဆက်ပြီး ဒီကိုလာဖို့ ချိန်းလိုက်တာဟ"

ဇင်မီက ခြံအတွင်းသို့ ဝင်ဝင်ချင်း ကျွန်မလက်ကိုဆွဲကိုင်ကာ ပြောလိုက်သည်။

"ဟဲ့ . . . ဘယ်လိုလဲ၊ နင့်ရဲ့ငယ်သူငယ်ချင်းကြီး ဖူးပွင့်ဆိုတာရော တွေ့သေးလား"

ကျွန်မတို့သုံးယောက် ခြံတံခါးဝမှ အိမ်ရှေ့ဆင်ဝင်အောက်ဆီသို့ လျှောက်လာရင်း သီတာအေးက လှမ်းမေးလိုက်၏။

"မတွေ့ပါဘူးဟာ၊ ဒီ အူကြောင်ကြားကို၊ ငါ သူ့ကို တကယ် ဘယ်လိုမှ မမှတ်မိဘူးဟ"

ဇင်မီက ဧည့်ခန်းအတွင်း ကူရှင်ပေါ် ခြေပစ်လက်ပစ် ထိုင်လိုက်ရင်း တစ်အိမ်လုံး အကဲခတ်သလို လှည့်ပတ်ကြည့်လိုက်၏။

"ဟဲ့ . . . အန်တီနဲ့ အန်ကယ်ရော ဘယ်သွားကြလဲ၊ မတွေ့ပါလား"

"အခုလေးပဲ နင်တို့ရှေ့တင် ကားနဲ့ အပြင်ထွက်သွားကြတယ်၊ နင်တို့ ဘာသောက်ကြမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီသောက်မလား၊ ဒါမှမဟုတ် လက်ဖက်သုတ်
စားကြမလား”

သီတာအေးက သူ့ရှေ့မှ စားပွဲတင်အလုပန်းခြင်းကို ဘယ်ညာ လှည့်ကြည့်နေရင်း. . .

“လက်ဖက်သုတ်စားကြမယ်ဟာ၊ နင်တို့အိမ်မှာ
လက်ဖက်သုတ်မစားရတာ တော်တော်ကြာပြီ”

သီတာအေးနှင့် ဇင်မီမှာ အခုလို ကျောင်းပိတ်ရက်များတွင် ကျွန်မတို့အိမ်သို့ အလည်လာပြီး သူတို့စားချင်သည့်အရာများကို လည်း စိတ်ထင်တိုင်း မွှေနှောက် စားသောက်လေ့ရှိကြသည်။ တစ်ခါတစ်ရံ မေမေ့ကို အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါး အမျိုးမျိုး ချက်ပြုတ်ခိုင်းပြီး ပူဆာတတ်ကြသည်။ ထိုနေ့မျိုးတွင် ဖေဖေက ကျွန်မတို့သုံးယောက်သား ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် နေနိုင်ရန် အလိုက်တသိပင် အပြင်ထွက်ပြီး ဂေါက်ရိုက်ထွက် သွားလေ့ရှိသည်။ ဇင်မီနှင့် သီတာအေးမှာလည်း ဖေဖေရှိသည့် အချိန်ဖြစ်ဖြစ်၊ မရှိသည့်အချိန်ဖြစ်ဖြစ် ဣန္ဒြေကြီးများနှင့် ဟန် ဆောင်မနေကြပဲ ရယ်စရာရှိလျှင် ခွက်ထိုးခွက်လန် အော်ဟစ် ရယ်မောတတ်ကြသည်။

“ဟဲ့ . . . ဝတ်မှုန်၊ အဲဒီ ဖူးပွင့်ဆိုတဲ့ ကောင်မလေး
ကို ကြည့်ရတာ တစ်မျိုးပဲဟ၊ သူ့ပုံစံက နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးစွဲစွဲလမ်းလမ်းခင်မင်ပုံပဲနော်”

သီတာအေးက ငရုတ်သီးစိမ်းများကို အညှာဖြုတ်ရင်း ကျွန်မကို လှမ်းပြောလိုက်သည်။

“အေး . . . ဟုတ်တယ်၊ ငါတို့ကိုကြည့်တဲ့ သူ့အကြည့်ကလည်း ရိုးသားတဲ့အကြည့် မဟုတ်သလိုပဲ ငါခံစားရတယ်ဟ”

ဇင်မီကပါ သီတာအေးစကားကို ဝင်ပြီးထောက်ခံသလို ပြောလိုက်၏။

“အေး . . . သူကသာ ငါနဲ့ ရန်ကင်း အထက (၂) မှာ အတူတက်ခဲ့ဖူးတဲ့ သူငယ်ချင်းဆိုပေမယ့် သူ့မျက်နှာကို ငါဘယ်လိုမှ မမှတ်မိဘူးဟ”

ကျွန်မက နယ်ဖတ်ထားသော လက်ဖက်သုတ်ပန်းကန်ပေါ် ပုစွန်ခြောက်ကျပ်တိုက်များကို ဖြူးလိုက်ရင်း သီတာအေးနှင့် ဇင်မီ့ကို ပြန်ပြောလိုက်၏။

ထိုစဉ် ဇင်မီ့မျက်နှာမှာ ကျွန်မကိုကြည့်နေရာမှ ရုတ်တရက်တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် . . .

“ဟဲ့ . . . ဝတ်မှုန်၊ ငါတို့တွေ ငယ်ငယ်တုန်းက ကျောင်းကထိန်ပွဲမှာ စုပြီးရိုက်ထားတဲ့ ဓာတ်ပုံ နင့်ဆီမှာ ရှိတယ်မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



ဇင်မီ့စကားကြောင့် ကျွန်မကော သီတာအေးပါ အဓိပ္ပာယ်ကို ချက်ချင်းနားလည်လိုက်သလို လက်ဖျောက်ပြိုင်တူတီးမိလိုက်ကြသည်။

"အေး ... ဟုတ်တယ်၊ အဲဒီတုန်းက ဓာတ်ပုံထဲမှာ ဖူးပွင့် ပါမှာပဲ"

ကျွန်မက ပြောပြောဆိုဆို လက်ဖက်သုတ်ပန်းကန်ကိုင်ကာ မီးဖိုခန်းအတွင်းမှ လှည့်ထွက်လိုက်၏။

"လာကြဟာ၊ အပေါ်ထပ် ငါ့အခန်းမှာ ဓာတ်ပုံ ကြည့်ရင်း သွားစားကြမယ်"

ကျွန်မက ရှေ့မှနေ၍ လှေကားထစ်များအတိုင်း အပေါ်သို့ ခပ်သုတ်သုတ်ပြေးတက်သွားလိုက်၏။ ဇင်မီနှင့် သီတာအေးက ရေနွေးဓာတ်ဘူးနှင့် အကြမ်းပန်းကန်လုံးများကိုကိုင်ကာ ကျွန်မနောက်မှ အပေါ်ထပ်သို့ လိုက်တက်လာကြ၏။

အခန်းအတွင်းရှိ မတ်တတ်ဗီရိုကြီးကို ဆွဲဖွင့်ကာ အံဆွဲအတွင်းမှ ဓာတ်ပုံအယ်(လ်)ဘမ်များကို တစ်ခုချင်းစီ မွှေနှောက်ရှာဖွေနေမိ၏။ အယ်(လ်)ဘမ်များက များလွန်းသဖြင့် စိတ်မရှည်တော့ဘဲ ကြမ်းပြင်ပေါ်သို့ စုပုံကာ ပစ်ချပြီး အယ်(လ်)ဘမ်တစ်ခုချင်းကို သုံးယောက်သား သေသေချာချာ ဖြည်းဖြည်းချင်း ရှာဖွေနေတော့သည်။

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ဝတ်မှုန်၊ နင်က ငယ်ငယ်တည်းက သိပ်ပဲများတာပဲ၊ နင့်ပုံတွေက နည်းနည်းနောနောမှ မဟုတ်တာ"

သီတာအေးက လက်ဖက်တစ်ဇွန်း ခပ်စားရင်း ကျွန်မကို လှမ်းပြော၏။

"ဒီမှာ . . . ဒီမှာ ဝတ်မှုန်၊ တွေ့ပြီ၊ ဒါ ကျောင်းကထိန်ပွဲမှာ ငါတို့တစ်ကျောင်းလုံး စုရိုက်ထားတဲ့ ဓာတ်ပုံမဟုတ်လား"

ဇင်မီ့လက်ထဲမှ အယ်(လ်)ဘမ်ကို ကျွန်မက ဆတ်ခနဲ ဆွဲယူပြီး ကြည့်လိုက်၏။ ဇင်မီကော သီတာအေးပါ ကျွန်မနှင့်အတူ ထိုအယ်(လ်)ဘမ်ထဲမှ ဓာတ်ပုံကို စိတ်ဝင်တစား အလုအယက် ကြည့်လိုက်ကြသည်။

ထိုဓာတ်ပုံထဲတွင် ကျွန်မတို့ ရန်ကင်း အထက (၂) မှ ကျောင်းသူ၊ ကျောင်းသားများအားလုံးမှာ ကျောင်းဝတ်စုံ အဖြူနှင့် အစိမ်းများ ဝတ်ဆင်ထားကြ၏။ ရှေ့ဆုံးတန်းမှ ကျွန်မတို့ ကျောင်းသူများမှာ ဒူးထောက်လျက် အတန်းလိုက် ထိုင်နေကြပြီး ဒုတိယတန်းနှင့် နောက်ဆုံးတန်းများတွင်တော့ မိန်းကလေးတချို့နှင့် ယောကျ်ားလေးများက မတ်တတ်ရပ်လျက်ပုံဖြစ်၏။

ရှေ့ဆုံးတန်းမှ ဒူးထောက်လျက် ထိုင်နေကြသူများထဲ၌



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ငါးယောက်မြောက် ဖြစ်နေပြီး ကျွန်မ ဘယ်ဘက်ဘေးတွင် ဇင်မီရှိနေ၏။ သီတာအေးက ကျွန်မ ညာဘက်မှ တစ်ယောက်ကျော်တွင် ရှိနေသည်။ သီတာအေးနှင့် ကျွန်မမှာ ထိုစဉ်က အခန်းချင်းမတူခဲ့သော်လည်း မုန့်စားကျောင်းဆင်းချိန်တိုင်းတွင် အတူကစားခဲ့ကြသဖြင့် တစ်တန်းတည်းသားချင်းလို ခင်မင်နေကြသည်။

"ဟဲ့ . . . ဒီမှာကြည့်စမ်း၊ ဒီတစ်ယောက်က အခုဆေးတက္ကသိုလ်တက်နေတဲ့ကောင် မဟုတ်လား၊ သူ့နာမည်က ကျော်နိုင်ဝင်းဆိုလား၊ ဒီကောင်က ငယ်ငယ်တည်းက အတန်းထဲမှာ စာတော့တော်တယ်ဟ၊ သူ့ဘေးကကောင်မလေးက နင်နဲ့ ငါ အမြဲ စစနေတဲ့ သွားခေါမ မဟုတ်လား ဝတ်မှုန်"

ဇင်မီက ဓာတ်ပုံထဲမှ တစ်ယောက်ချင်းစီကို လက်ညှိုးထောက်ရင်း မှတ်မှတ်ရရ ပြန်ပြောပြနေ၏။ သူ လက်ညှိုးထောက်ထားသော ကောင်မလေးကို ကျွန်မက သေသေချာချာ ပြန်ကြည့်လိုက်၏။

ဓာတ်ပုံထဲတွင် သူ့ပုံစံမှာ အသားခပ်ညိုညိုနှင့် ဆံပင်ကို မျက်ခုံးအပေါ်နားလောက်တွင် တိပြီး ညှပ်ထား၏။ နှာခေါင်းမှာ အနည်းငယ် ပွယောင်းယောင်းဖြစ်နေပြီး ရှေ့သွားနှစ်ချောင်းက



www.burmeseclassic.com

www.burmeseclassic.com



သိသိသာသာကြီး ငေါထွက်နေသဖြင့် ကျွန်မနှင့် ဇင်မီက သူမ ကို သွားခေါမဟူ၍ ပြောင်နောက်ပြီး ခေါ်ခဲ့ခြင်းဖြစ်သည်။

"အေး ... ဟုတ်တယ် ဟုတ်တယ်၊ နင်နဲ့ ငါနဲ့ အဲဒီတုန်းက သူ့ကို သွားခေါမလို့ ခေါ်လို့ ငါတို့နှစ်ယောက်ကို ဆရာမဒေါ်ခင်ခင်ကြူက ခေါ်ဆူသေးတယ်လေ"

ဓာတ်ပုံထဲမှ ကျွန်မတို့အားလုံး၏ ငယ်ရုပ်များမှာ သိသိသာသာကြီး ပြောင်းလဲသွားလှသည့်တော့မဟုတ်။ ဖူးပွင့်ဆိုသည့် ကောင်မလေးကို ကျွန်မတို့ ဘာကြောင့်များ မမှတ်မိဘဲဖြစ်နေရသည်ကို စဉ်းစားမရ ဖြစ်နေ၏။

"ဟဲ့ ... ဝတ်မှုန်၊ အဲဒီသွားခေါမရဲ့နာမည်အရင်းက ဘာ ... သူ့နာမည်ထဲမှာလည်း ပွင့်တော့ ပါတယ်ဟ၊ ဘာပွင့်ဆိုလားပဲ"

ကျွန်မတို့သုံးယောက် ဓာတ်ပုံထဲမှ သွားခေါမ၏နာမည်ကို အပြန်ပြန်အလှန်လှန် စဉ်းစားနေစဉ် အောက်ထပ်မှ ကျွန်မ၏ နာမည်ကို အော်ခေါ်နေသံ သဲ့သဲ့ကြားလိုက်ရသည်။

"ဝတ်မှုန် ... ဝတ်မှုန်ရေ"

ကျွန်မ ထိုင်ရာမှ ရုတ်တရက်ထကာ အခန်းတွင်းမှ လှေကားထိပ်သို့ အပြေးသွားလိုက်၏။ လှေကားထိပ်မှ အသံလာရာ



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်သို့ငုံ့ကာ နားစွင့်ထောင်လိုက်သည်။

"ဝတ်မှုန် ... ဝတ်မှုန်"

ကျွန်မနာမည်ကို ခေါ်နေသံက အိမ်ရှေ့ဧည့်ခန်းနှင့် အိမ်နောက်ဘက် မီးဖိုခန်းဆီသို့ လူးလားခေါက်တုံ့ လျှောက်နေရင်း ခေါ်နေသည့်အသံမျိုး။

ကျွန်မ လှေကားထစ်တစ်ထစ်ကို ဆင်းလိုက်ပြီး အသံလာရာသို့ ငုံ့ကြည့်လိုက်၏။

"ဟင် ..."

ဖူးပွင့်တစ်ယောက် ကျွန်မနာမည်ကို တစ်ကြော်ကြော် ခေါ်ရင်း လှေကားခြေရင်းရှိရာဆီသို့ပင် လျှောက်လာနေ၏။

"သူဘယ်လိုလုပ်ပြီး အိမ်ထဲကိုဝင်လာတာလဲ၊ အခုနက ငါတို့ ခြံတံခါးကို သေချာပြန်မပိတ်မိခဲ့လို့ များလား"

ချက်ချင်း ကျွန်မ အခန်းရှိရာသို့ အပြေးပြန်သွားကာ သီတာအေးနှင့် ဇင်မီ့ကို လှမ်းပြီးပြောလိုက်၏။

"ဟဲ့ ဟဲ့ ... အဲဒီ အယ်(လ်)ဘမ်တွေကို မြန်မြန် သိမ်းလိုက်၊ အောက်မှာ ဟို ဖူးပွင့်ဆိုတဲ့ အူတိ အူကြောင် ရောက်လာနေတယ်"

ဇင်မီနှင့် သီတာအေးလည်း ပျာပျာသလဲ ဓာတ်ပုံများကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကာငင်ကာ သိမ်းနေကြ၏။

ဇင်မီနှင့် သီတာအေးတို့ကိုပြောပြီး အခန်းဝမှ နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ ဖူးပွင့်က လေ့ကားလက်ရန်းကို ကိုင်ကာ တဖြည်းဖြည်း အပေါ်ထပ်သို့ လှမ်းတက်လာနေသည်ကို တွေ့နေရသည်။

"ဟဲ့ . . . ဝတ်မှုန်၊ ငါခေါ်နေတာ ကြာပြီ၊ အောက်ထပ်မှာ ဘယ်သူမှမတွေ့တာနဲ့. . . "

ဖူးပွင့်က လေ့ကားထိပ်မှ ပြောပြောဆိုဆို ကျွန်မအခန်းရှိရာဆီသို့ ခပ်သွက်သွက်လျှောက်လာနေပြီး အခန်းအတွင်းမှ ဇင်မီနှင့် သီတာအေးတို့ကိုလည်း သူ့မျက်လုံးများက ကျီးကန်းတောင်းမှောက်ကြည့်နေ၏။

ဇင်မီနှင့် သီတာအေးတို့မှာ ပါးစပ်အဟောင်းသားဖြင့် ဖူးပွင့်ကို ငေးကြောင်ကြည့်နေကြသည်။ ဖူးပွင့်ကတော့ ကျွန်မ ရပ်နေရာ တံခါးဝမှနေ၍ အခန်းအတွင်းသို့ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းဝင်လာလေသည်။

အခန်းအတွင်း လှမ်းဝင်လာသော ဖူးပွင့်အား ဘာရယ်မဟုတ်ဘဲ ကျွန်မက ကိုယ်ကို တံခါးဘေးသို့ကပ်ကာ ရှောင်ပေးသလိုဖြစ်သွား၏။ ဖူးပွင့်ထံမှ မိတ်ကပ်နံ့များ၊ ပေါင်ဒါနံ့များက ကျွန်မနှာခေါင်းအတွင်းသို့ ဆိုးဝါးစွာတိုးဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒီစားပွဲတင် ငှက်ရုပ်နာရီလေးက ချစ်
စရာလေးနော်၊ ဘယ်ကဝယ်လာတာလဲဟင်"

ပြောပြောဆိုဆို ဖူးပွင့်က ကျွန်မစာကြည့်စားပွဲကို ဝင်ထိုင်ကာ စားပွဲပေါ်မှ ငှက်ရုပ်နာရီလေးကို ကောက်ယူကြည့်နေ၏။

"ဩော် ... ငှက်ရုပ်ဆိုလို့ နင်မှတ်မိလား ဝတ်မှုန်၊
ငါတို့ငယ်ငယ်တုန်းက ကျောင်းကအပြန် လမ်းမှာ
အသိုက်ပေါ်ကပြုတ်ကျလာတဲ့ ငှက်ကလေး တစ်
ကောင် ခြေထောက်နာသွားလို့ နင်ရယ် ငါရယ် ဆေး
လိမ်းပေးကြတာလေ"

"ဟင် ... ဘယ်တုံးကလဲ၊ သူပြောနေတာ ငါ
မမှတ်မိပါလား၊ တကယ်ရော သူနဲ့ငါ ငှက်ကလေး
တစ်ကောင်ကို ဆေးကုပေးခဲ့ဖူးသလား"

ကျွန်မအတွေးတွေက ဝေဝါးမှုန်ရီနေ၏။ စာကြည့်စားပွဲတွင် နောက်ခိုင်းပြီးထိုင်နေသော ဖူးပွင့်၏ကျောပြင်ကို ငေးကြည့်ကာ တစ်ခုခုပြန်ပြောလိုက်ဖို့ ပါးစပ်ပြင်လိုက်စဉ် သူမက ရုတ်တရက် ထသွားပြီး မှန်တင်ခုံပေါ်မှ တစ်စုံတစ်ခုကို ကောက်ယူလိုက်သည်ကို လှမ်းတွေ့လိုက်ရသည်။

ကျွန်မက သူ့နောက်နားသို့ တိုးကပ်သွားပြီး ပခုံးပေါ်မှ ကျော်ကာ ကြည့်လိုက်၏။ ဖူးပွင့်က ကျွန်မနှုတ်ခမ်းနီတောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ဖွင့်ပြီး မှန်ကိုကြည့်ကာ သူ့နှုတ်ခမ်းများကို ပွတ်သပ်လိမ်းနေတော့၏။

ဇင်မီနှင့် သီတာအေးတို့က ကြမ်းပြင်ပေါ်ထိုင်ရင်း ကျွန်မနှင့် ဖူးပွင့်ကို အံ့အားသင့်နေသည့်ပုံဖြင့် ငေးကြည့်နေကြပြီး ကျွန်မက သူမကို တစ်ခုခုပြောလိုက်ဖို့ကောင်းပြီဆိုသော အကြည့်ဖြင့်လည်း ကျွန်မကို မျက်ရိပ်မျက်ကဲပြသလို ကြည့်နေကြသည်။

ကျွန်မစိတ်တွေ ရှုပ်ထွေးလာ၏။ ယခုကဲ့သို့ ကျွန်မအခန်းအတွင်းမှ ပစ္စည်းများကို ပိုင်စိုးပိုင်နင်း ကိုင်တွယ်နေသည်ကို ကျွန်မ ဘယ်လိုမှ သည်းညည်းမခံနိုင်အောင် ဖြစ်လာ၏။

ကျွန်မ သူ့ကို တစ်ခုခုပြောမှကို ဖြစ်တော့မည်။ ဒီအခန်းအတွင်းမှလည်း အပြင်သို့ မြန်မြန်ထွက်သွားချင်နေမိ၏။ ကြာရင် ကျွန်မပစ္စည်းတွေ ဖူးပွင့်ယူလုပ်တာနှင့် ကုန်တော့မည်။

"ဟဲ့ . . . ဖူးပွင့်၊ အခု ငါတို့ အပြင်သွားကြမလို့ ဟ၊ အဲဒါ . . ."

ကျွန်မပါးစပ်က ပြောမိပြောရာတို့ကို လွှတ်ခနဲ ပြောလိုက်၏။

"ဟင် . . . နင်တို့ ဘယ်သွားကြမှာလဲ"

ဖူးပွင့်က ကျွန်မတို့သုံးယောက်ကို အကဲခတ်သလို ပြန်လှည့်ကြည့်ရင်း မေးလိုက်သည်။ အကင်းပါးသော ဇင်မီက ဝင်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာ . . . ငါတို့သုံးယောက် ဒဂုံစင်တာ သွားကြမလို့. . . "

ဇင်မီက ပါးစပ်ထဲရှိရာ ပြောသာပြောလိုက်သော်လည်း သူ့မျက်လုံးများက ကျွန်မကို 'ဘယ်လိုလဲ၊ ငါ့အစီအစဉ် ကောင်းတယ်မဟုတ်လား' ဆိုသည့် အကြည့်ဖြင့် လှမ်းကြည့်ရင်း . . .

ချက်ချင်းဆိုသလို ကျွန်မက ဇင်မီ့အစီအစဉ်အတိုင်း အပြင်ထွက်တော့မည့် အမူအရာမျိုး လုပ်ပြကာ အိမ်အောက်ထပ်သို့ ဆင်းရန် ဟန်ပြင်လိုက်မိသည်။

ဖူးပွင့်၏မျက်နှာမှာ ချက်ချင်းဆိုသလို အုံ့မှိုင်းမှုန်ရီသလို ကြေကွဲဝမ်းနည်းသွားသည့် အရိပ်အယောင်များ လှမ်းတွေ့လိုက်ရသည်။

"ငါလည်း နင်တို့နဲ့အတူလိုက်ခဲ့မယ်လေဟာ"

ရုတ်တရက် ဖူးပွင့်လှမ်းပြောလိုက်သော စကားကြောင့် ကျွန်မတို့သုံးယောက်သား ဆွံ့အသွားသလို ဘာပြန်ပြောရမှန်းမသိ။

"မဟုတ်ဘူးဟ၊ အဲဒီကပြီးရင် ငါတို့ အသုဘတစ်ခုကို ဝင်ရဦးမှာ၊ အပြန် တော်တော်နောက်ကျလိမ့်မယ်"

ဇင်မီတစ်ယောက်တော့ လုပ်ချလိုက်ပြန်ပြီဟု ကျွန်မ တွေးမိ



www.burmeseclassic.com

www.burmeseclassic.com



ရင်းစိတ်ထဲမှလည်း ရယ်ချင်စိတ်ကို မနည်းမျိုချထားရ၏။

ပြောပြောဆိုဆို ကျွန်မတို့သုံးယောက်က အိမ်တံခါးမကြီးကို ဆွဲပိတ်ကာ ခြံဝင်းထဲသို့ ထွက်လာကြသည်။ ဖူးပွင့်ကတော့ ကျွန်မတို့နောက်မှ စိတ်မသက်မသာ ခြေလှမ်းများဖြင့် လိုက်ပါလာရင်း သူတို့ခြံရှေ့တွင် မတ်တတ်ရပ်လျက် ကျန်ရစ်ခဲ့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

"ဟား ... ဟား ... ဟား ... ဇင်မီ့လုပ်ပုံ ပိုင်လိုက်
ပုံကတော့ ငါပါ အိမ်အပြင်ရောက်တဲ့ကိန်းပဲ"

ကျွန်မက တိတ်ဆိတ်ငြိမ်သက်နေသော လမ်းမကြီးပေါ်တွင် စိတ်လက်ပေါ့ပါးသွားသလို အော်ဟစ်ရယ်မောရင်း ဇင်မီ့ကို လှမ်းပြောလိုက်သည်။

"အောင်မာ၊ ငါသာမကယ်ရင် နင့်အခန်းထဲက
ပစ္စည်းတွေ တစ်စစီတောင် ဖြစ်သွားဦးမယ်"

ကျွန်မတို့သုံးယောက်မှာ ကားမှတ်တိုင်ရှိရာသို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရင်း မကြာမကြာ နောက်ကျောဘက်ကို မလုံမလဲ လှမ်းလှမ်း ပြန်ကြည့်မိကြ၏။

"ဟဲ့ . . . ကေသီ့မွေးနေ့က လာမယ့်အပတ်ထဲမှာ မဟုတ်လား၊ အဲဒါ ငါတို့ မွေးနေ့လက်ဆောင်ပေးဖို့ ဒဂုံစင်တာမှာ ပစ္စည်းလေးဘာလေး သွားကြည့်ရအောင်"

တစ်လမ်းလုံး ကျွန်မနှင့် ဇင်မီတို့ကိုကြည့်ကာ တဟားဟား ရယ်မောရင်း လိုက်ပါလာသည့် သီတာအေးက ဝင်ပြောလိုက်သည်။

"ငါ့မှာတော့ ကေသီ့အတွက် မွေးနေ့လက်ဆောင် ရှိပြီးသားဟ၊ ဒဂုံစင်တာက MK မှာ စကတ်တစ်ထည် တွေ့ထားတယ်၊ အရမ်းလည်း တန်ဖိုးကြီးတယ်၊ အရမ်းလည်းမိုက်တယ်ဟ"

ကျွန်မက ပြောပြောဆိုဆို တက္ကစီတစ်စီးကို လှမ်းတားလိုက်၏။ သုံးယောက်သား ကားနောက်ခန်းတွင် စုပြုံထိုင်ပြီး ဖူးပွင့်အကြောင်းပြောကာ တစ်လမ်းလုံး တဟီးဟီးတဟားဟား နှင့် လိုက်ပါလာကြသည်။

"ဟဲ့ . . . ဇင်မီ၊ နေပါဦး၊ နင်က ဒဂုံစင်တာက အပြန် ဘယ်အသုဘကို သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ကျွန်မတို့သုံးယောက်သား ပြိုင်တူ အော်ဟစ်ရယ်မောပစ်လိုက်ကြသည်။

※ ※ ※

အောက်တိုဘာလ၏ နေရောင်က လမ်းမတစ်ခုလုံး ချစ်ချစ်တောက် ပူလောင်နေ၏။ ရောင်စုံထီးများအောက်တွင် ဖြတ်သွားဖြတ်လာတို့ကို အော်ဟစ်ရောင်းချနေသော လမ်းဘေးဈေးသည်တို့၏ အသံများ၊ ကားသံများက ပွက်ပွက်ညံလျက် ဒဂုံစင်တာနားတစ်ဝိုက်တွင် လှုပ်ရှားအသက်ဝင်နေသည်။

ကျွန်မတို့သုံးယောက် ခြေလှမ်းများက ဒဂုံစင်တာအတွင်း လှမ်းဝင်လိုက်သည်နှင့် ပေါ့ပါးလန်းဆန်းသွားသလို ခံစားလိုက်ရ၏။

"ဟဲ့ . . . ဝတ်မှုန်၊ နင်ပျောက်သွားတဲ့ ရွှေရောင်ဘောပင်လိုမျိုး ဒီမှာပြန်ရှာကြည့်ပါလားဟ၊ ရှိချင်ရှိမှာ"

သီတာအေးက ကျွန်မနမျောတသဖြစ်နေသည့် ဘောပင်အမျိုးအစားကို တွေ့လိုတွေ့ငြားပြန်ရှာခိုင်းနေသည်။

"တွေ့တော့ကော ငါမြတ်နိုးတဲ့ တန်ဖိုးချင့်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တူမှာလဲဟာ”

ကျွနမက ရွှေရောင်ဘောပင်နှင့် ပတ်သက်၍ ဟိုတစ်နေ့က မြင်လိုက်ရသည့် ကဗျာတစ်အုပ်ထဲမှ ထိတ်လန့်တုန်လှုပ်စရာ စာကြောင်းနှင့်ပတ်သက်၍ ပြန်မပြောချင်။ ကျွန်မနှင့် သုတ နှစ်ဦးသာ ကိုယ်စီသိကြသည့် စာအုပ်ထဲမှ ကဗျာများကိုလည်း ဘယ်သူမှ မမြင်မတွေ့စေလိုပါ။

ကျွန်မတို့သုံးယောက် စကားတပြောပြောနှင့် MK Fashion ဆိုင်အတွင်းသို့ လှမ်းဝင်လာကြသည်။

ကျွန်မက ဆိုင်အတွင်းသို့ လှမ်းဝင်ဝင်ချင်း ဟိုတစ်ခါက တွေ့ဖူးထားသော ကျွန်မအရမ်းလိုချင်နေသည့် အပြာနုရောင် စကတ်ချိတ်ထားရာနေရာဆီသို့ တန်ပြီး သွားမိသည်။

“ငါလိုချင်နေတာ ဒီစကတ်လေးပဲဟ၊ တန်ဖိုး ကတော့ မနည်းဘူး”

ကျွန်မက စကတ်အောက်နားကို စမ်းကိုင်ရင်း ဇင်မီနှင့် သီတာအေးကို ပြနေမိ၏။

“ဟယ် . . . ဝတ်မှုန်၊ နင်နဲ့ဆို ဒီစကတ်လေးက တော်တော်လိုက်တယ်ဟ၊ ဈေးကတော့ တော်တော် များတယ်နော်”

ဇင်မီက ဈေးနှုန်းရေးထားသော ကတ်ပြားလေးကို ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ပခုံးနှစ်ဖက်တွန့်ကာ ကျွန်မကိုလှမ်းပြောလိုက်သည်။

ကျွန်မက စကတ်ကို ချိတ်မှဆွဲဖြုတ်ပြီး ကျသင့်ငွေကို ကောင်တာတွင်ရှင်းပေးလိုက်၏။

"ဒီစကတ်လေးကို ကေသီ့မွေးနေ့မှာ ငါဝတ်လာပြမယ်၊ အဲဒီကျမှ ငါဘယ်လောက်လှနေမယ်ဆိုတာ နင်တို့ကြည့်"

ကျွန်မက ဇင်မီနှင့် သီတာအေးကို ခပ်ကြွားကြွားလေသံဖြင့် ပြုံးဖြီးဖြီးလှမ်းပြောလိုက်သည်။

ထိုနေ့က ဇင်မီနှင့် သီတာအေးတို့ကလည်း ကေသီ့အတွက် မွေးနေ့လက်ဆောင်ကို အသီးသီးဝယ်ယူ လာကြပြီး ကျွန်မတို့ သုံးယောက် ဒဂုံစင်တာမှ ပြန်ထွက်ချိန်မှာ ညနေအတောင်ပင် စောင်းနေပြီဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၈ )

ထိုနေ့က ကျောင်းကအပြန် ကျွန်မတို့အိမ်ရှေ့သို့ရောက်ပြီး ကာမှ အိမ်အတွင်းသို့မဝင်ဖြစ်သေးပဲ ပြန်လှည့်ကာ ဖူးပွင့်တို့ နေကြသည်ဆိုသော ဘေးချင်းကပ်ရက်ကခြံကြီးအတွင်းသို့ သွား ကြည့်ချင်သည့်စိတ်က တဖွားဖွားပေါ်လာသည်။

ထိုခြံကြီးအတွင်းသို့ ဝင်သင့် မဝင်သင့် စဉ်းစားနေချိန်မှာ ပင် ကျွန်မခြေလှမ်းများက ဖူးပွင့်တို့ခြံဝင်းတံခါးရှေ့သို့ပင် ရောက် နေပေပြီ။

သံချေးအထပ်ထပ်ဖြင့် ခြုံနွယ်များရစ်ပတ်နေသော ခြံတံခါး ကြီးမှာ ခပ်ဟဟပွင့်နေ၏။ ထိုပွင့်နေသော တံခါးချပ်ကြီးနှစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကြားမှ ကျွန်မ ကိုယ်ကို အသာလျှိုပြီး ဝင်လိုက်သည်။ ခြံကြီး အတွင်းတွင် ကျွန်မတစ်ရပ်စာကျော်ကျော်လောက် ရှည်လျားနေကြသည့် ပေါင်းပင်များက လေတစ်ချက်တိုက်လိုက်တိုင်း တရှဲရှဲမြည်ရင်း လှုပ်ရမ်းနေကြ၏။

ကျွန်မ ခြံဝမှလှမ်းမြင်နေရသည့် ဖူးပွင့်တို့အိမ်ကြီး၏နံရံများမှာ နီညိုရောင်အုတ်ကွက်များအပေါ်တွင် ရေညှိများတက်နေသဖြင့် စိမ်းဖန့်ဖန့် ညိုညစ်ညစ်ဖြစ်နေ၏။ အချို့နေရာများတွင် အိမ်ကြီး၏အောက်ခြေမှ တွယ်တက်နေကြသော နွယ်ပင်များက ထိုအိမ်ကြီးကို ပိုပြီး အရုပ်ဆိုး အကျည်းတန်နေစေ၏။

"အင်း ... ရောက်မှတော့ မထူးတော့ပါဘူး၊ ဖူးပွင့်နဲ့ ဝင်တွေ့ပြီး ဟိုးတစ်ရက်က ငါ့ရွှေရောင်ဘောပင်လေးအကြောင်း မေးကြည့်ရမယ်"

ကျွန်မက အိမ်ကြီးဆီသို့သွားရာ မြေနီလမ်းကလေးအတိုင်း ဖြည်းဖြည်းချင်းလှမ်းဝင်သွားလိုက်၏။ ကွေ့ကောက်နေသော ထိုမြေနီလမ်းလေးအပေါ်တွင် မြက်ပင်များ၊ ထိကရုံးပင်များက အစုလိုက် အကွက်လိုက် ဖုံးအုပ်နေကြသဖြင့် မနည်းသတိထားပြီး လျှောက်နေရသည်။

"ဖူးပွင့်ရေ... ဖူးပွင့်"

ကျွန်မအသံက ထိုအိမ်အိုကြီး၏ နံရံများဆီမှ ပဲ့တင်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လျက် ပြန်ကြားနေရသည်။ သို့သော် အိမ်ကြီးအတွင်းမှ တစ်စုံတစ်ရာ ပြန်လည်တုံ့ပြန်သံ မကြားရချေ။

ရေနံကျေးဝနေအောင်သုတ်ထားသည့် ဆင်ဝင်အောက်သို့ ကျွန်မ လှမ်းဝင်လိုက်စဉ် ကျွန်မကျောပြင်တစ်ခုလုံး စိမ့်ခနဲ ခံစားလိုက်ရသည်။

"ဟင် ... အိမ်ထဲမှာလည်း မည်းမှောင်နေပါလား၊
တစ်ယောက်တလေတောင် အရိပ်အယောင် မတွေ့ရဘူး၊ ငါများ လာမိတာမှားပြီလားမသိဘူး၊ အို ... ဘာပဲ
ဖြစ်ဖြစ် ရောက်မှတော့ မထူးတော့ပါဘူး"

ကျွန်မစိတ်တွက လေးလံတုံ့ဆိုင်းနေသလိုဖြစ်နေ၏။

"ဖူးပွင့်ရေ... ဖူးပွင့်"

အိမ်အတွင်းမှ ကြားနိုင်ရုံလောက် ကျွန်မ လှမ်းအော်ခေါ်ကြည့်လိုက်၏။

အိမ်ရှေ့မှ တံခါးရွက်ကြီးနှစ်ခုမှာ လေတိုက်လိုက်တိုင်း တကျွိကျွိမြည်ကာ ယိမ်းလှုပ်နေသည်။

"ဟင် ... တံခါးမကြီးက ပိတ်မထားပါလား"

ကျွန်မက တံခါးမကြီးကို တွန်းဖွင့်ကာ အိမ်အတွင်းသို့ လှမ်းဝင်လိုက်သည်။ အိမ်ကြီး၏ နံရံများဆီမှ မှိုနံ့များ၊ ကျပ်ခိုးနံ့များနှင့် အောက်သိုးသိုးအနံ့ကြီးက အော်ဂလီဆန်စရာပင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေတော့၏။

“ဒီလောက် ညစ်ပတ်နံစော်နေတဲ့ အိမ်ကြီးမှာ ဖူးပွင့်တို့သားအမိနှစ်ယောက် ဘယ်လိုများနေကြသလဲ မသိဘူး”

“ဖူးပွင့်ရေ… ငါ ဝတ်မှုန်ပါ၊ ဖူးပွင့်…”

ကျွန်မအသံက လှိုင်ဂူကြီးတစ်ခုအတွင်း ရောက်နေသကဲ့သို့ ပြန်ကြားနေရ၏။

ဧည့်ခန်းအတွင်းမှဖြတ်ကာ အိမ်နောက်ဘက်ဆီသို့ တစ်လှမ်းချင်း လှမ်းရင်း ပါးစပ်မှလည်း ဖူးပွင့်ကို ခေါ်နေမိသည်။

ထိုစဉ် အိမ်နောက်ဘက် မီးဖိုခန်းဆီမှ မဆလာနံ့တထောင်းထောင်းထနေသော ဟင်းနံ့တို့ကို ရှူရှိုက်မိလိုက်၏။ ကျွန်မက မီးဖိုခန်းအတွင်း ချိုးကွေ့လှမ်းဝင်လိုက်၏။

“ဟင်…”

မီးဖိုခန်းတစ်ခုလုံးမှာ လတ်လတ်ဆတ်ဆတ် ချက်ပြုတ်ထားသော ဟင်းနံ့များက မွှေးကြိုင်နေပြီး ဘယ်သူတစ်ဦးတစ်ယောက်မှ ရှိမနေပါ။

ကျွန်မ မီးဖိုခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်၏။ အိမ်ကြီးတစ်ခုလုံးထက်စာလျှင် ဤမီးဖိုခန်းမှာ သပ်ရပ်သန့်ရှင်းနေသလိုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်မှ ပန်းကန်စင်မှာလည်း အကြီး အသေး အရွယ်စုံ ပန်းကန်ပြားများက အစီအရီ စနစ်တကျရှိနေပြီး ပန်းကန်စင်၏အပေါ်၌ မီးဖိုဆောင်သုံးဓားများက အတို အရှည် အလတ် ဆိုဒ်စုံချိတ်ဆွဲထားရာ တလက်လက်တောက်ပနေ၏။ ထိုမီးဖိုခန်း ပြတင်းပေါက်မှ လှမ်းကြည့်လိုက်လျှင် ကျွန်မတို့အိမ်ကို အတိုင်းသားလှမ်းမြင်နေရသည်။

"ဟင်းနံ့တွေကတော့ စားချင်လောက်အောင်
မွှေးကြိုင်နေတာပဲ၊ ဒါပေမဲ့ တစ်အိမ်လုံး တိတ်ဆိတ်
နေလိုက်တာ အံ့သြစရာပဲ၊ ဘယ်သူမှ မတွေ့ရဘူး"

မီးဖိုခန်းအတွင်းမှ ချက်ချင်း ကျွန်မ ပြန်လှည့်ထွက်လိုက်၏။

"တကယ်ဆို ဒီအိမ်ကြီးတဲမှာ ဖူးပွင့်တစ်ယောက်
ရှိနေရင် ငါ့ခေါ်နေသံကို ဘယ်နည်းနဲ့မဆို ကြားကို
ကြားရမှာပဲ"

ထိုစဉ် အပေါ်ထပ်ဆီမှ တံခါးဆောင့်ပိတ်လိုက်သံကို ကြားလိုက်ရသည်။ ကျွန်မက အပေါ်ထပ်သို့တက်သည့် လှေကားခြေရင်းနားသို့ တိုးကပ်သွားကာ ဖူးပွင့်ကို လှမ်းအော်ခေါ်လိုက်၏။

"ဖူးပွင့်ရေ... အောက်မှာ ငါရောက်နေတယ်ဟေ့"

အပေါ်ထပ်သို့ ကွေ့ဝိုက်တက်သွားသော လှေကားထစ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်မ မော့ကြည့်လိုက်သည်။ မည်းမှောင်နေသော အပေါ်ထပ်တစ်ခုလုံးမှာ တိတ်ဆိတ် ငြိမ်သက်လျက် ခံစားချက်ကင်းမဲ့နေ၏။

ကျွန်မ ဖူးပွင့်ကို နောက်တစ်ကြိမ် လှမ်းအော်ခေါ်ဖို့ ပါးစပ်ပြင်လိုက်စဉ် အပေါ်ထပ်တစ်နေရာမှ စကားတီးတိုးပြောနေကြသံလိုလို ကြမ်းပြင်ပေါ် ခြေထောက်ရှပ်တိုက်ပြီး သွားနေကြသံလိုလို ကြားမိလိုက်၏။

ကျွန်မ လှေကားလက်ရန်းကိုကိုင်ကာ အပေါ်ထပ်သို့ တက်ကြည့်ရန် ခြေလှမ်းပြင်လိုက်သည်။ လှေကားထစ်များမှာ အဆံချောင်နေသဖြင့် ခြေတစ်လှမ်းနင်းတက်လိုက်တိုင်း တကျွီကျွီမြည်ကာ လှုပ်ရမ်းနေသည်။ လှေကားလက်ရန်းကို အားပြုပြီး တက်နေရသော်လည်း ကျွန်မမျက်လုံးတွေက လှေကားထစ်များကိုသာ ငုံ့ကြည့်ရင်း ဂရုတစိုက် တစ်လှမ်းချင်း ဖြည်းဖြည်းတက်နေသည်။ တစ်ခါတစ်ရံ လှေကားလက်ရန်းကိုကိုင်ထားသော လက်မှ စေးကပ်ကပ် လင်းနို့ချေးများကိုလည်း ကိုင်မိ၏။

စောစောက ကျွန်မ ကြားနေရသော တီးတိုးစကားသံများမှာ ပိုပြီးကျယ်လောင်လာသလို ထင်ရသော်လည်း ဘာအကြောင်းအရာကို ပြောဆိုနေမှန်း သဲကွဲစွာမကြားရပေ။

လှေကားငါးထစ်မြောက်သို့ ကျွန်မ အရောက်တွင် ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် အပေါ်ထပ် အဆင်းကြမ်းပြင်ပေါ်မှ လှေကားထစ်များ ပေါ်သို့ တစ်စုံတစ်ခု လိမ့်ဆင်းပြုတ်ကျလာသံကို ကြားရသည်။

"ဂလောင် ... ဂလောင် ... ဂလောင်"

ကျွန်မ အထိတ်တလန့်ဖြင့် မော့ကြည့်လိုက်သောအခါ ဘီယာဘူးခွံဟောင်းတစ်ခုက ကျွန်မအပေါ်မှ လှေကားထစ်များ ပေါ်သို့ ထောက်ကာထောက်ကာ တစ်ထစ်ချင်း လိမ့်ဆင်း ပြုတ်ကျလာရာ ကျွန်မနင်းထားသည့် လှေကားထစ်ကိုကျော်ပြီး အောက်ထပ်မှ ကြမ်းခင်းပေါ်သို့ အရှိန်ဖြင့်လိမ့်သွား၏။

ပြုတ်ကျသွားသော ဘီယာဘူးခွံဟောင်းကို ဘာရယ်မဟုတ်ပဲ ကျွန်မ မျက်စိတစ်ဆုံး လိုက်ကြည့်နေမိသည်။

ထို့နောက် လှေကားထစ်များကို ငုံ့ကြည့်ရင်း အပေါ်ထပ်သို့ တဖြည်းဖြည်းချင်း ဆက်တက်သွားလိုက်ရာ လှေကားထိပ်သို့ အရောက်တွင် စိမ်းဖန့်ဖန့်မျက်လုံးတစ်စုံက ကျွန်မကို စူးစူး ဝါးဝါး စိုက်ကြည့်နေသည်ကို ဘွားခနဲ လှမ်းတွေ့လိုက်ရသည်။

"အား ..."

ကျွန်မ သေသေချာချာပြန်ကြည့်လိုက်သောအခါ မည်းနက် မှောင်နေသည့် ကြောင်တစ်ကောင်က လှစ်ခနဲခုန်ထွက်ပြေးသွား သည်ကို လှမ်းတွေ့လိုက်ရသည်။

"ဟူး ... တော်သေးတာပေါ့၊ ငါ ဘာတွေဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ငါ ဘာဖြစ်လို့ ဒီလောက်တောင် သွေးပျက်
သွားတာလဲ"

"ဖူးပွင့်ရေ... ဖူးပွင့်"

လှေကားထိပ်မှ ကြမ်းပြင်ကိုနင်းရင်း အပေါ်ထပ်တစ်ခုလုံးကို ဟိုဟိုဒီဒီကြည့်ကာ လှမ်းအော်ခေါ်နေမိ၏။ ကျွန်မနှင့် မျက်နှာချင်းဆိုင်မှ အခန်းတံခါးက လူတစ်ကိုယ်စာဝင်နိုင်လောက်အောင် ခပ်ဟဟလေး ပွင့်နေသည်။ ထိုအခန်းနားသို့ ဖြည်းဖြည်းချင်း တိုးကပ်သွားလိုက်ပြီး အတွင်းသို့ ခေါင်းပြူကာ ချောင်းကြည့်လိုက်၏။

မည်းမှောင်နေသော အခန်းအတွင်း ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရချေ။

BURMESE CLASSIC .com

"ဖူးပွင့်... ဖူးပွင့်"

ကျွန်မ နှစ်ခွန်းသုံးခွန်း ခေါ်ကြည့်သော်လည်း အခန်းအတွင်းမှ တုံ့ပြန်သံ မကြားရ။ ကိုယ်ကို နောက်သို့ အသာလှည့်ထွက်လိုက်ရင်း ကျွန်မတစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲထသွား၏။ စိတ်ထဲမှလည်း ဤအိမ်ကြီးနှင့်ပတ်သက်၍ ထူးဆန်းနေသလိုလို၊ တစ်ခုခုပဲ လွဲချော်နေသလို ခံစားလာရသည်။

"မဖြစ်ဘူး . . . ဒီအိမ်ကြီးတဲက ငါ မြန်မြန်ပြန်
ထွက်မှဖြစ်မယ်၊ စောစောက ကြားနေရတဲ့ အကား



www.burmeseclassic.com

www.burmeseclassic.com



ပြောသံတွေက ဘယ်သူတွေလဲ…”

ကျွန်မ လှေကားထိပ်သို့အရောက်တွင် နောက်ကျောဘက်ဆီမှ တံခါးဆောင့်ပိတ်လိုက်သံ ဒုန်းခနဲကြားလိုက်ရ၏။ ဖျတ်ခနဲ နောက်လှည့်ကြည့်လိုက်သောအခါ စောစောက ကျွန်မချောင်းကြည့်လိုက်သည့် တံခါးပေါက်မှာ ပိတ်ရက်ဖြစ်သွားသည်ကို လှမ်းတွေ့လိုက်ရသည်။

လှေကားထိပ်တွင်ရပ်နေသော ကျွန်မခြေထောက်များမှာ အေးစက်ထုံကျင်လာသလို နှလုံးခုန်သံမှာလည်း တစ်ချက်တစ်ချက် ရင်ဘတ်တစ်ခုလုံးပင် ပွင့်ထွက်တော့မတတ် တုန်ရင်နေသည်။

ကျွန်မ လှေကားလက်ရန်းကိုကိုင်ကာ အောက်ထပ်သို့ ကမျောသောပါး ပြေးဆင်းသွားလိုက်သည်။ ကျွန်မ ပြေးဆင်းလာရာ လှေကားထစ်များမှာ တဒုန်းဒုန်းမြည်ရင်း နောက်တွင် ဆူညံစွာကျန်ခဲ့လေသည်။

ထိုအိမ်ကြီးမှ ကျွန်မ ပြန်ထွက်လာရာ လမ်းတစ်လျှောက် ဖူးပွင့်နှင့်ပတ်သက်သည့် အတွေးများက ကျွန်မခေါင်းတစ်ခုလုံး တင်းကျပ်နေသလို ခံစားနေရသည်။

■

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၉ )

ကျွန်မတို့ ခြံဝင်းတံခါးဝသို့ ပြန်ရောက်သောအခါ ကျွန်မ တစ်ကိုယ်လုံး ချွေးများပြန်လျက် လက်ဖျား ခြေဖျားများက အေးစက်တောင့်တင်းနေသည်။

> "အင်း . . . ငါကိုက ရှည်ပြီးသွားမိတာ၊ နောက်ပြီး ဟောဒီတစ်ရပ်ကွက်လုံးက ပြောနေတဲ့ ဒီအိမ်ကြီးရဲ့ အကြောင်းကို သိရဲ့သားနဲ့ ငါ ဘာဖြစ်လို့များ မဆင်မချင် သွားမိပါလိမ့် . . . ၊ ဒီလောက် ကြောက်စရာကောင်းတဲ့ အိမ်ကြီးမှာ ဖူးပွင့်နေတယ်ဆိုတာ အံ့ဩစရာပဲ"

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက စေ့ထားသော အိမ်မကြီး၏ တံခါးကို အသာတွန်းဖွင့်ဝင်လိုက်ပြီး နောက်ဖေးမီးဖိုခန်းသို့ခပ်သုတ်သုတ်ပြေးဝင်ကာ ရေအေးတစ်ခွက်ကို အငမ်းမရ သောက်လိုက်သည်။ လည်ချောင်းအတွင်း လိမ့်ဆင်းသွားသော အေးစက်နေသည့်ရေက မောဟိုက်နေသော ကျွန်မနှလုံးအိမ်ကို တဖြည်းဖြည်းချင်း ပြန်ငြိမ်သွားစေ၏။

"မေမေ ... မေမေ ... သမီးပြန်ရောက်ပြီနော်"

ပြောပြောဆိုဆို ကျွန်မအခန်းရှိရာ အပေါ်ထပ်သို့ ပြေးတက်ရန် ဟန်ပြင်လိုက်ပြီးမှ မေမေ့တုံ့ပြန်သံက ဘာမှပြန်မကြားရသည်ကို သတိပြုမိလိုက်သည်။

"အင်း . . . မေမေတစ်ယောက် အပေါ်ထပ်မှာ
သန့်ရှင်းရေးလုပ်နေလားမသိဘူး၊ ငါ့အခန်းထဲများ
ဝင်ပြီး ရှင်းနေလို့ သုတနဲ့ပတ်သက်တဲ့အကြောင်း
ရေးထားတဲ့ ကဗျာစာအုပ်တွေဘာတွေ တွေ့သွားရင်
ဒုက္ခပဲ"

ကျွန်မ ချက်ချင်းဆိုသလို သတိရသွားပြီး လှေကားအတိုင်း ပြေးတက်သွားလိုက်သည်။ လှေကားထိပ်သို့ရောက်သောအခါ ကျွန်မအခန်းတံခါးက တစ်ထွာသာသာ ခပ်ဟဟလေး ဖွင့်နေသည်ကို လှမ်းတွေ့လိုက်ရ၏။

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား၊ မေမေ ငါ့အခန်းထဲကိုဝင်ပြီး ဘာတွေများ ရှာဖွေနေသလဲမသိဘူး... ဒုက္ခပဲ..."

ရင်တထိတ်ထိတ်နှင့် ကျွန်မ အခန်းတံခါးဝနားသို့ တိုးကပ်သွားလိုက်ပြီး ခပ်ဟဟပွင့်နေသော တံခါးပေါက်မှ အခန်းအတွင်းသို့ မချင့်မရဲဖြင့် ချောင်းကြည့်လိုက်၏။

"ဟင်..."

အမှတ်မထင် မြင်လိုက်ရသည့် မြင်ကွင်းက ကျွန်မမျက်လုံးများ ပြာဝေသွားကာ တစ်ကိုယ်လုံး ဒေါသစိတ်ကြောင့် တုန်ယင်နေ၏။

ကျွန်မအခန်းတစ်ခုလုံးမှာ အဝတ်အစားများ ဖရိုဖရဲနှင့် ရစရာမရှိအောင် ရှုပ်ပွနေပြီး အဝတ်ဗီရိုကြီးတစ်ခုလုံးမှာလည်း တိုးလိုးတွဲလောင်းနှင့် မြင်မကောင်းရှုမကောင်းအောင် ဖြစ်နေသည်။ ထိုအဝတ်ဗီရိုကြီး၏ရှေ့တွင် ကျွန်မကိုကျောပေးထားလျက် အနေအထားဖြင့် မွှေနှောက်နေသည့် ဖူးပွင့်ကို တွေ့လိုက်ရ၏။

"ဟဲ့ . . . ဖူးပွင့်၊ နင် ငါ့အခန်းထဲမှာ ဘာလာလုပ်နေတာလဲ၊ ဟယ် . . . ကြည့်စမ်းပါဦး၊ ငါ တစ်ခါမှ မဝတ်ရသေးတဲ့ စကတ်အသစ်ကိုလည်း နင် ယူဝတ်ထားတယ်၊ အခုချွတ်... အခုချွတ်..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အခန်းအတွင်းပြေးဝင်သွားပြီး ဖူးပွင့်နောက်ကျော မှနေ၍ သူ့ပခုံးနှစ်ဖက်ကို ဆွဲကိုင်လှည့်ပစ်လိုက်ရင်း စိတ်ဆိုး မာန်ဆိုး အော်ဟစ်ပစ်လိုက်သည်။ သူဝတ်ထားသော ကျွန်မ စကတ်ကလေးကိုကြည့်ကာ အကြီးအကျယ် ဒေါသထွက်နေမိ သည်။

ကြည့်စမ်း ... မွေးနေ့ပွဲကျမှဝတ်ဖို့ တမင်ရည်ရွယ်ပြီး ဈေး ကြီး ပေးဝယ်လာတဲ့ စကတ်အသစ်စက်စက်ကိုမှ ပိုင်စိုးပိုင်နင်း လုပ်ရက်လိုက်တာ ...။

"ဟား ဟား ဟား ... ဝတ်မှုန်ရာ၊ နင်ကလည်း ဘာဖြစ်တာလဲ၊ နင့်အဝတ်အစားတွေ ယူဝတ်တာ အခုမှမဟုတ်ဘဲ ငါတို့ငယ်ငယ်တုန်းတည်းက နင့်မှာ ရှိရင် ငါဝတ်တယ်၊ ငါ့မှာရှိရင် နင်လည်းဝတ်တာပဲ၊ အခုမှ အထူးအဆန်းလုပ်နေပြန်ပြီ"

"မသိဘူး ... မသိဘူး ... ငါ ဘာမှမသိဘူး၊ နင် အခု ငါ့စကတ်ကိုပြန်ချွတ် ... ဖူးပွင့် ..."

ကျွန်မက ပြောပြောဆိုဆို သူ့ခါးပေါ်မှ စကတ်ချိတ်ကို အတင်းဖြုတ်နေမိသည်။

"မေမေရေ... မေမေ၊ ခဏလာပါဦး ..."

ကျွန်မက သူဒီလောက် ကျွန်မအခန်းထဲမှာ မွှေနှောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မေမေမသိရကောင်းလားဆိုပြီး လှမ်းအော်ခေါ်လိုက်၏။

"ဟဲ့ . . . ခေါ်မနေနဲ့ နင့်အမေ မရှိဘူးဟ၊ ငါလာ တုန်းက နင့်အမေ အပြင်သွားဖို့လုပ်နေတယ်၊ ပြီး တော့ ငါ့ကို နင်လာတဲ့အထိ အိမ်မှာစောင့်နေခိုင်းပြီး ထွက်သွားတာပဲ"

ကျွန်မစိတ်တွေက ပိုပြီးပူလောင်လာ၏။ သူ တစ်အိမ်လုံး မှာ တခြားကော ဘာတွေမွှေနှောက်လုပ်ထားသေးလဲဟူသည့် အတွေးက ချက်ချင်းဆိုသလို ကျွန်မခေါင်းထဲသို့ ရောက်လာ သည်။

ဖူးပွင့်က ကျွန်မစကတ်ကို မချွတ်ချင်ချွတ်ချင်နှင့် ပြန်ပြီး ချွတ်နေ၏။ ကျွန်မက ကြမ်းပြင်ပေါ် ပွစာကျဲနေသော အဝတ် အစားများကို ကောက်ယူကာ သေသေသပ်သပ် ပြန်ခေါက်ပြီး ခုတင်ပေါ် အစီအရီ အထပ်လိုက်ပုံနေ၏။

"ငါလည်း ဒီစကတ်လေးကို ကြိုက်တယ်၊ နင် ဘယ်ကဝယ်လာတာလဲ"

ဖူးပွင့်က ကျွန်မကို စကတ်ပြန်ပေးရင်း မေးနေပြန်၏။ ကျွန်မက သူလှမ်းပေးသောစကတ်ကို ဆွဲယူကာ ပြန်ခေါက်သိမ်း ရန် ခုတင်ပေါ်ဖြန့်ခင်းလိုက်၏။

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com



စကတ်အလယ်နားလောက်တွင် တစ်တွာသာသာလောက်မှာ တစ်ခုခုနှင့် ငြိထားသလို တွန့်နေပြီး ချည်တစ်စက ချော်ထွက်နေသည်ကို တွေ့လိုက်ရသည်။

"ဟယ် ... သွားပါပြီ၊ ငါ့စကတ်လေး၊ ဟဲ့ ... ဒီမှာကြည့်စမ်း၊ နင်လုပ်တာ ငြိရာကြီးဖြစ်သွားပြီ"

ပြောရင်းနှင့် ကျွန်မအသံက ရင်ထဲတွင် ဆို့တက်လာသလို မွန်းကျပ်လာ၏။

"ဘယ်မှာလဲ ... ပြစမ်း၊ ဒါလေးလား၊ ငါပြန်လုပ်ပေးမယ်လေ၊ နင်နဲ့ငါ ငယ်ငယ်တုန်းက ကျောင်းမှာဆော့ရင်း စကတ်ပြဲသွားလို့ ငါ့အိမ်ယူသွားပြီး မေမေ့ကို ချုပ်ခိုင်းတာလေ၊ နင်မှတ်မိလား"

"တော်ပါတော့ ဖူးပွင့်ရာ၊ နင် ပြန်ပါတော့"

ကျွန်မက စိတ်တော်တော်ရှုပ်နေပြီး သူမကို အတင်းပြန်ခိုင်းနေမိသည်။ ဒီနေ့တစ်နေ့လုံး ကျွန်မမှာ ကြေကွဲဝမ်းနည်းစရာတွေ၊ ထိတ်လန့်တုန်လှုပ်စရာတွေနှင့် အမျိုးမျိုးတွေ့ကြုံနေရသည်။

"ကဲ ... လာလာ၊ ငါတို့ အောက်ထပ်ကိုဆင်းကြမယ်၊ ပြီးရင် နင်ပြန်တော့"

ကျွန်မက စိတ်မရှည်တော့ပဲ သူ့ရှေ့မှနေပြီး အောက်ထပ်သို့ဆင်းရန် ဟန်ပြင်လိုက်သည်။ ဖူးပွင့်က ကျွန်မနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ကပ်လိုက်လာကာ

"နင် ငါ့ကို စိတ်ဆိုးသွားပြီလား ဝတ်မှုန်၊ အခု လို နင်ကြိုက်တဲ့စကတ်လေး ပြဲသွားတာ ငါလည်း စိတ်မကောင်းပါဘူး၊ နင်နဲ့ငါဟာ ငယ်ငယ်ကတည်း က တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ စိတ်မဆိုး၊ စိတ်မကောက်ခဲ့ကြဘူး၊ အခု ဘာမဟုတ်တာလေးနဲ့ နင်က..."

ကျွန်မနောက်ကျောမှ လှေကားအတိုင်း လိုက်ဆင်းလာရင်း ဖူးပွင့်၏အသံက ငိုသံပါလာသည်။ ကျွန်မကတော့ တစ်စက် ကလေးမျှ နောက်ကိုပြန်လှည့်မကြည့်ပဲ သူမြန်မြန်ပြန်သွားဖို့သာ ရှေ့မှ ခပ်သုတ်သုတ်ဆင်းနေ၏။

ကျွန်မတို့နှစ်ယောက် အိမ်ပေါက်ဝသို့ ရောက်သောအခါ ဖူးပွင့်က သူ့မျက်တောင်စင်းစင်းကြီးတွေကို တစ်ချက်နှစ်ချက် ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း...

"ဝတ်မှုန် ... နင့်ကို ငါ တစ်ခုတော့ သတိပေးချင် တယ်၊ နင် ဟို သီတာအေးတို့၊ ဇင်မီတို့နဲ့ သိပ်မတွဲနဲ့ သိလား၊ သူတို့က ဟေးလားဝါးလားနဲ့ အချိန်ဖြုန်း နေကြတာ၊ တော်ကြာ နင်ပါ သူတို့လို ပျက်စီးသွား လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်မျက်နှာက ကျွန်မကိုပြောရင်း မျက်ရည်စတွေပြန်သိမ်း နေသလို၊ ကျွန်မနှင့် သီတာအေးတို့ နှစ်ယောက်ကြားတွင်လည်း စိတ်ခံစားချက်တစ်ခုခုရှိနေပုံရသည်။ ကျွန်မက သူ့စကားအဆုံး တွင် ပြီးပြီးရောစိတ်နှင့် ပြန်ပြောလိုက်သည်။

"အေးပါ... အေးပါ... နင်သွားတော့နော်"

ဖူးပွင့်ထွက်သွားရာ နောက်ကျောကိုငေးရင်း စိတ်ပျက် လက် ပျက်ဖြင့် ဧည့်ခန်းအတွင်းမှ ဆက်တီခုံပေါ် ပစ်လှဲထိုင်ချလိုက် သည်။

"ဟူး . . . သူနဲ့ ငါနဲ့ အဖြစ်တွေက တကယ့်ကို အံ့သြစရာတွေပါလား"

ဆက်တီခုံပေါ်တွင်ထိုင်ရင်း ကျွန်မစိတ်တွေက ဘာရယ် မဟုတ်ဘဲ သုတဆီသို့ ရောက်သွားမိ၏။

"အင်း . . . ဒီအချိန်ဆို သုတ သူ့အိမ်မှာရှိမယ် ထင်တယ်၊ မေမေတို့မရှိတုန်း သူ့ဆီ ဖုန်းဆက်လိုက် ဦးမယ်"

ချက်ချင်းဆိုသလို ဖုန်းနားသို့ထသွားကာ သုတကို လှမ်း ဆက်လိုက်၏။ တစ်ဖက်မှ ဖုန်းကို တော်တော်နှင့်မကိုင်သဖြင့် ကျွန်မ စိတ်တိုနေမိသည်။ စိတ်ထဲမှလည်း မေမေတို့ပြန်မရောက် ခင် စကားတွေ မြန်မြန်ပြောပစ်လိုက်ချင်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို . . . သုတလား၊ နင့်ကို ကျောင်းမှာလည်း မတွေ့လို့ မေမေတို့မရှိတုန်း ငါ တမင်ဖုန်းဆက်လိုက်တာ..."

"အေး... ဝတ်မှုန်... ငါကျောင်းမတက်ဖြစ်တာ နှစ်ရက်ရှိသွားပြီ၊ ငါ နင်နဲ့သိပ်တွေ့ချင်တာပဲ၊ နင် မနက်ဖြန်ညနေပိုင်းလောက် ထွက်လာခဲ့ပါလား၊ ငါ တာမွေက မော်ဒန်လက်ဖက်ရည်ဆိုင်မှာ စောင့်နေမယ်"

ကျွန်မက ဖုန်းသာဆက်နေရသော်လည်း အိမ်ရှေ့အပေါက်ဝဘက်ကို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်နေရသည်။ ရုတ်တရက် မေမေဝင်လာလို့တွေ့သွားရင် မလွယ်...။

"အဲဒီလိုကြီးတော့ အိမ်က ခိုးထွက်ပြီး ငါမလာချင်ဘူးဟာ၊ နောက်ပြီး လိမ်ရညာရတဲ့ကိစ္စကို ငါ မလုပ်ချင်ဘူး"

တစ်ဖက်မှ သုတအသံက သက်ပြင်းချသံနှင့် စိတ်ပျက်လက်ပျက်ဖြစ်နေသည့်အသံများသာ ကြားနေရ၏။

"နင့်အိမ်ကလည်းဟာ ငါ့ကို လူဆိုးတစ်ယောက်ကျနေတာပဲ..."

ထိုစဉ် အိမ်ရှေ့ခြံတံခါးဝမှ ဒေါက်ဖိနပ်သံတဂွပ်ဂွပ် ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။

“ဟဲ့ ... ဟဲ့ ... ဖုန်းချလိုက်တော့မယ်၊ ဟိုမှာ မေမေ လာနေပြီ”

ပြောပြောဆိုဆို ဖုန်းခွက်ပေါ်သို့ ဖုန်းကိုပစ်ချရင်း နီးရာ စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ဟန်ပါပါ ကောက်ကိုင်လိုက်ရသည်။

မေမေက ဆက်တီခုံပေါ်တွင် အမောဖြေသလို ဝင်ထိုင်လိုက်၏။ ကျွန်မက မေမေ့ကို သောက်ရေတစ်ခွက်ခပ်ပေးရင်း မေမေ့ဘေးမှခုံတွင် ဝင်ထိုင်လိုက်သည်။ စောစောက ဖုန်းနားတွင် ကျွန်မအမူအရာပျက်နေသည်ကိုတော့ မေမေ ရိပ်မိပုံမပေါ်ချေ။

“မေမေကလည်း သမီးလာမှ အပြင်သွားစရာရှိတာ သွားတာမဟုတ်ဘူး၊ ဖူးပွင့်ကို ဘာဖြစ်လို့ အိမ်မှာ တစ်ယောက်တည်း စောင့်နေခိုင်းခဲ့တာလဲ”

မေမေက သောက်လက်စရေခွက်ကိုကိုင်ကာ ကျွန်မစကားကို နားမလည်သလို ပြန်ကြည့်နေပြီး ပါးစပ်အတွင်းမှ ငုံထားသောရေကို ကမန်းကတန်း မျိုချကာ ...

“ဘာ ... ဘာဖြစ်တယ် ...”

“ဟိုကောင်မလေး ဖူးပွင့်ကို ဘာဖြစ်လို့ အိမ်စောင့်ခိုင်းခဲ့တာလဲလို့”



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မနက်အစောကြီးတည်းက သွားတာပါ သမီးရဲ့ ဘယ်သူ့ကိုမှလည်း အိမ်မစောင့်ခိုင်းခဲ့ဘူး၊ ဒီအိမ်မှာ သမီးကော မေမေကော ဖေဖေကော သော့ တစ်ယောက်တစ်ချောင်းစီ ရှိတာပဲ၊ ကိုယ်အပြင်ထွက် ချင်ရင် သော့ခတ်ပြီးသွားကြတာပဲလေ၊ ဖူးပွင့်နဲ့လည်း မေမေ မတွေ့ပါဘူး"

"ဟင်..."

ကျွန်မကိုယ်ကျွန်မ မယုံကြည်နိုင်လောက်အောင်ကို အံ့သြ သွား၏။

"ဒါဆိုရင် သူ ဘယ်လိုလုပ်ပြီး ဒီအိမ်ထဲကို ဝင်လာတာလဲ၊ ငါ့ကို အမျိုးမျိုးလှည့်စားနေတာများ လား၊ သူ... သူက ဘာလဲ..."

မေမေကတော့ ကျွန်မကိုပြောပြီးပြီးချင်း ထိုင်ရာမှ ထသွား ကာ အခန်းအတွင်းသို့ဝင်သွား၏။ ဧည့်ခန်းအတွင်းမှ ထိုင်ခုံ တွင် ကျွန်မတစ်ယောက်တည်း ကျန်ခဲ့ကာ ဦးနှောက်တွေက သွက်သွက်လည်ကာ မျက်စိများပင် ပြာဝေလာတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၀ )

မိုးကျပြီးစ နံနက်ခင်းများက နေရောင်ကြောင့် တလက်လက် တောက်ပနေသည်။ အောက်တိုဘာလ၏ နောက်ဆုံး မိုးစက်တိုက်က သစ်ခက်သစ်ရွက်တို့ကို ပွေ့ပိုက်နှုတ်ဆက်ရင်း တဖြည်းဖြည်း ကျောခိုင်းထွက်ခွာသွား၏။

ပြတင်းပေါက်မှနေ၍ အုံ့ဆိုင်းနေသောခြံအတွင်းမှ သစ်ပင်များကိုကြည့်ကာ ကျွန်မစိတ်ထဲတွင် ဘာရယ်မဟုတ်ဘဲ လွမ်းလွမ်းဆွေးဆွေးဖြစ်နေမိသည်။

"သမီးရေ... ဒီမှာ သီတာအေးရောက်နေတယ်"

သီတာအေးက မေမေနှင့် ရပ်ပြီး စကားပြောနေရာမှ ကျွန်မရှိရာ အပေါ်ထပ်သို့တက်လာရန် ဟန်ပြင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . နင့်ကို မုန့်ဟင်းခါးသွားစားမလို့ ငါလာ ခေါ်တာ"

"အောင်မယ် . . . နင်က စောစောစီးစီး ငါ့ကို ဒါန ပြုမလို့ပေါ့လေ ဟုတ်လား"

ကျွန်မက လှေကားလက်ရန်းကိုကိုင်ကာ သီတာအေးကို လှမ်းစ,လိုက်၏။

"အေး . . . ဒါဆိုလည်း ငါအဝတ်အစားလဲလိုက်ဦး မယ်၊ နင် ဘာနဲ့လာတာလဲ"

ကျွန်မက ပြောပြောဆိုဆို လှေကားအလယ်တွင်ရပ်နေရာမှ ကျွန်မအခန်းရှိရာ အပေါ်ထပ်သို့ ပြန်လှည့်တက်လိုက်၏။ သီတာ အေးက ကျွန်မနောက်မှ လိုက်တတ်လာကာ–

"ငါ စက်ဘီးနဲ့လာတာဟ၊ နင်တို့ခြံဝရှေ့မှာ ရပ်ထားခဲ့တယ်၊ မြန်မြန်လုပ်ဟာ၊ ငါ ဗိုက်ဆာနေပြီ"

ကျွန်မက အဝတ်လဲနေရင်း ပြီးခဲ့သည့်နှစ်ရက်က ဖူးပွင့် ကြောင့် ကျွန်မစကတ်လေး ပြဲသွားသည့်ကိစ္စကို သီတာအေး အား လှမ်းပြောပြနေမိ၏။

"ဟင် . . . ဒါဆို နင် ကေသီ့မွေးနေ့ကျရင် ဘာ ဝတ်မှာလဲ"

"မသိသေးပါဘူးဟာ၊ တခြားအဆင်ပြေတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ဝတ်ရတော့မှာပေ့ါ၊ ဘယ်တတ်နိုင်မလဲ၊ အဲဒီ ကိစ္စနဲ့ပတ်သက်လို့လည်း သူ့ကို ငါ တော်တော် စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်တယ်”

ကျွန်မက စောစောကဝတ်ထားသော အဝတ်တစ်စုံကို သေချာပြန်ခေါက်သိမ်းပြီး ခုတင်ခြေရင်းတွင် တင်ထားလိုက်ရင်း ထိုစဉ် အိမ်ရှေ့ခြံဝမှ စက်ဘီးလဲကျသံ ဂျိုင်းခနဲကြားလိုက်ရ သည်။

“ဟယ် . . . ဝတ်မှုန်၊ ငါ့စက်ဘီးလဲတဲ့အသံလား မသိဘူး”

ကျွန်မက မှန်ရှေ့တွင် အင်္ကျီစကို တစ်ချက်နှစ်ချက် ကပျာကယာ ဆွဲချရင်း...

“ပြီးပြီ... ပြီးပြီ၊ လာ... သွားကြမယ်”

သီတာအေးနှင့် ကျွန်မမှာ ဖူးပွင့်၏လုပ်ပုံကိုင်ပုံ အတင့်ရဲပုံ တို့ကို စကားတပြောပြောဖြင့် လှေကားအတိုင်း ဆင်းလာကြ သည်။

“ဟဲ့ . . . ဝတ်မှုန်၊ နင့်ကိုယ်ကြီးကို ငါ တင်မနင်း နိုင်ဘူး၊ နင်လည်း စက်ဘီးတစ်စီးယူခဲ့”

“အေးပါ၊ နင်က ကျွေးမယ်ဆိုတော့လည်း ငါ့



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ တစ်စီးသပ်သပ်စီးပါ့မယ်”

ကျွန်မတို့နှစ်ယောက် ခြံဝသို့ရောက်သောအခါ သီတာအေး၏ စက်ဘီးလက်ကိုင်ကိုကိုင်ရင်း မတ်တတ်ရပ်နေသည့် ဖူးပွင့်အား တအံ့တသြ တွေ့လိုက်ရသည်။

ကျွန်မတို့နှစ်ယောက်မျက်နှာကို မြင်လျှင်မြင်ချင်း ဖူးပွင့် အမူအရာမှာ သိသိသာသာကြီး ပျက်နေသည်။ ကျွန်မအထင် ကျွန်မနှင့် သီတာအေး ယခုကဲ့သို့ တပူးတွဲတွဲသွားလာနေသည်ကို သူ မကျေမနပ်ဖြစ်နေပုံရသည်။

“ဟဲ့ . . . ဒီမှာ နင့်စက်ဘီးလား၊ စောစောက လဲ ကျသွားလို့ ငါ ကောက်ပြီးပြန်ထောင်လိုက်တာနော်၊ နင့်စက်ဘီးကို ငါကိုင်တာရော ကြိုက်ရဲ့လား”

သီတာအေးက ဖူးပွင့်လက်တဲမှစက်ဘီးကို ပြောင်းယူလိုက်ရင်း...

“ကိစ္စမရှိပါဘူးဟာ ... ကျေးဇူးပဲ”

ကျွန်မက သီတာအေးနားနားသို့ကပ်ကာ ဖူးပွင့်မကြားအောင် တိုးတိုးပြောလိုက်၏။

“ဟဲ့ . . . ငါတို့မုန့်သွားစားမှာကို သူ့ရှေ့မှာ မပြော မိစေနဲ့ သိလား၊ တော်ကြာ ငါတို့နောက်ကို ကန့်လန့် ကန့်လန့်လိုက်နေဦးမယ်”

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်က ကျွန်မတို့နှစ်ယောက်မျက်နှာများကို အကဲခတ်သလို လုပ်နေရင်း

"နင်တို့ ဘယ်သွားကြမှာလဲဟ၊ စောစောစီးစီး"

ကျွန်မက သူ့အမေကို စဉ်းစားနေချိန်မရဘဲ ပါးစပ်ထဲရှိရာ တစ်ခုကို ကောက်ကာငင်ကာ ပြန်ပြောလိုက်၏။

"ငါတို့ ဆရာမအိမ်သွားကြမလို့ဟ ..."

ဖူးပွင့်မျက်နှာက ကျွန်မတို့ထင်ထားသလိုမဟုတ်ပဲ ချက်ချင်းပင် ဝင်းလက်တောက်ပသွားသည်။

"ဟယ် ... ဘယ်ဆရာမလဲ ဝတ်မှုန်၊ ဟို ... တို့ဆရာမ ဒေါ်ခင်ခင်ကြည်တို့အိမ်လား၊ နင်နဲ့ငါ ငယ်ငယ်တုန်းကတော့ ဆရာမအိမ်ကို ခဏခဏရောက်ကြတယ်နော်၊ အခုရော ဆရာမက အရင်အိမ်မှာပဲလား"

"ဟာ ... မဟုတ်ပါဘူး၊ ငါတို့ အခုသွားမှာက တက္ကသိုလ်ရောက်မှခင်တဲ့ ဆရာမဆီသွားကြမှာ၊ နင်မသိပါဘူးဟာ ... နေခဲ့ ... နေခဲ့ ..."

ကျွန်မက ဖူးပွင့်စကားကို လှည့်ပတ်ပြန်ပြောရင်း သီတာအေးအား မျက်ရိပ်မျက်ကဲလှမ်းပြကာ သူ့အနားမှ လှည့်ထွက်လာခဲ့သည်။

"အေးပါဟာ၊ ငါမလိုက်ပါဘူး၊ နင်တို့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းနှစ်ယောက်သာ လွတ်လွတ်လပ်လပ်သွားကြပါ”

ဖူးပွင့်အသံက ကြေကွဲဝမ်းနည်းသံလိုလို ခနဲ့သည့်လေသံလိုလိုပြောရင်း ကျွန်မတို့နောက်တွင် ငေးကျန်ခဲ့လေသည်။

❁ ❁ ❁

သီတာအေးနှင့် ကျွန်မ ကျောက်ကုန်းလမ်းမကြီးတစ်လျှောက် ဘေးချင်းယှဉ်လျက် စကားတပြောပြောဖြင့် နင်းလာခဲ့ကြရာ တဖြည်းဖြည်းနှင့် ရန်ကင်း အထက(၂)ရှေ့သို့ ရောက်လာကြသည်။

“ငါတို့ကျောင်းကြီးက ဟိုးအရင်ကအတိုင်းပဲနော်၊ ဘာမှမပြောင်းလဲဘူး”

သီတာအေးက စက်ဘီးနင်းရင်း ကျောင်းကြီးကို ငေးကြည့်ကာ လွမ်းလွမ်းဆွေးဆွေးလေသံဖြင့် ကျွန်မကို လှမ်းပြောလိုက်သည်။

“အေးလေ၊ တကယ်တမ်းပြောင်းလဲသွားကြတာက ငါတို့တွေပဲ၊ နောက်ဆိုရင် နင်လည်း ယောကျ်ားတွေဘာတွေရပြီး ကလေးတွေလည်းတပြုံကြီးဖြစ်လာဦးမှာ၊ အဲဒီအချိန် အခုလိုတောင် နင် ကျောင်းကြီးကိုသတိရမှာမဟုတ်တော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှ ချိုင့်ခွက်များကို ကွေ့ပတ်ရှောင်ကာ နင်းရင်း သီတာအေးကို လှမ်းပြီးစ,လိုက်၏။

"အောင်မာ... ငါတို့သူငယ်ချင်းတွေထဲမှာ နင်သာ ယောကျ်ားအရင်ရမှာ၊ ငါတို့၊ ဇင်မီတို့က ရည်းစား တောင်ရှိသေးတာမဟုတ်ဘူး"

"ဟဲ့ ... နင့်မုန့်ဟင်းခါးဆိုင်က ဘယ်အထိသွားရ မှာလဲ"

ကျွန်မက သီတာအေးစက်ဘီးနောက်မှ သူ့ကိုမီအောင် မနည်းလိုက်နင်းနေရင်း မောဟိုက်သည့်လေသံဖြင့် လှမ်းပြော လိုက်သည်။ သီတာအေးက ကျွန်မကိုလှည့်မကြည့်ဘဲ စက်ဘီး ဟန်ဒယ်ကို လက်တစ်ဖက်ပင်လွှတ်ကာ ကျွန်မကို လှမ်းညွှန်ပြ နေ၏။

"ဒီကုန်းထိပ်ရောက်ရင် အောက်ကို တန်းတန်း ဆင်းလိုက်တာနဲ့ သစ္စာလမ်းမကြီးကိုရောက်ပြီ၊ နောက် ပြီးရင် ညာဘက်ကိုချိုးလိုက်တာနဲ့ မုန့်ဟင်းခါးဆိုင် ကိုတန်းနေတာပဲ"

"နင့်ဟာက မုန့်ဟင်းခါးလေးတစ်ပွဲစားရဖို့ ငါ့ ကိုဒုက္ခပေးနေတာနဲ့တူနေပြီသီတာအေး"

သီတာအေးကတော့ ကျွန်မကဲ့သို့ မောပန်းနေသည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



မပေါက်ပဲ ပခုံးလေး နိမ့်ချည်မြင့်ချည်ဖြင့် ရှေ့မှနင်းနေ၏။ တစ်ချက်တစ်ချက်တွင် သူ့အရပ်က ပုနေသဖြင့် စက်ဘီးခြေနင်းကို ခြေဖျားလေးမိရုံလောက်သာ ဖြစ်နေသည်။

စကားတပြောပြောဖြင့် သီတာအေးစက်ဘီးက မကြာခင် ကုန်းထိပ်ပေါ်သို့ ရောက်သွားသည်။ ကျွန်မစက်ဘီးက ကုန်းထိပ်သို့ရောက်ရန် တလိမ့်ချင်းလိမ့်ကာ မနည်းဖိနင်းနေရပေသည်။

ကျွန်မ ကုန်းထိပ်ပေါ်သို့ရောက်သောအခါ သီတာအေး စက်ဘီးက နိမ့်လျှောလမ်းအတိုင်း တဖြည်းဖြည်းပင် ဆင်းနေပေပြီ။ ထိုကုန်းဆင်းလမ်းမှာ ပေသုံးဆယ်ခန့်ရှိပြီး လမ်းဆုံးလျှင် ဆုံးချင်း သစ္စာလမ်းမကြီးပေါ်သို့ ရောက်ပြီဖြစ်၏။ ကျွန်မက အပေါ်စီးမှနေ၍ သစ္စာလမ်းမကြီးပေါ် ဖြတ်သွားဖြတ်လာ ကားများကိုပင် လှမ်းမြင်နေရသည်။

"ဝတ်မှုန်ရေ . . . လုပ်ပါဦး၊ ငါ ဘရိတ်မမိတော့ဘူး"

ရုတ်တရက် သီတာအေး လှမ်းအော်လိုက်သံကို ကြားလိုက်ရပြီး ကျွန်မ ဘာလုပ်လို့လုပ်ရမှန်းပင် မသိတော့ချေ။ ကျွန်မနှင့် သီတာအေးမှာလည်း လေးငါးဆယ်ကိုက်သာသာလောက် ကွာဝေးနေ၏။

"သီတာအေး... ခုန်ချ... ခုန်ချလိုက် ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နောက်က လှမ်းအော်ပြောနေသော်လည်း သီတာအေးမှာ ကြားပုံမပေါ်။ ကုန်းဆင်းအတိုင်း နိမ့်ဆင်းသွားသော သူ့စက်ဘီး၏အရှိန်က နည်းနည်းနောနောမဟုတ်တော့။ တစ်ချက် တစ်ချက် စက်ဘီးတာရာနှင့် မြေပြင်မှာ တစ်တောင်သာသာလောက် လေထဲသို့ မြောက်မြောက်တက်သွားကာ စက်ဘီးပေါ်မှ ခုန်ဆင်းဖို့တောင် မလွယ်ကူတော့သည့် အခြေအနေဖြစ်နေ၏။

သီတာအေးကလည်း စက်ဘီးပေါ်မှ သွေးရူးသွေးတန်း လှမ်းအော်နေ၏။

"အာ ... လုပ်ကြပါဦး၊ ဘရိတ်မမိတော့ဘူး ... "

ကုန်းဆင်းအတိုင်း အရှိန်ဖြင့် နိမ့်ဆင်းသွားနေသော သီတာအေးနှင့် စက်ဘီးကိုကြည့်ကာ ကျွန်မက ပါးစပ်ထဲရှိရာ ပြောမိပြောရာ အော်မိအော်ရာတွေကို လှမ်းအော်နေ၏။

"လုပ်ပါဦး ... လုပ်ကြပါဦး၊ သူ့ကို ဆီးဖမ်းထားလိုက်ကြပါ"

ကျွန်မ ဖြတ်သွားဖြတ်လာ လမ်းဘေးမှလူများကို အကူအညီ လှမ်းတောင်းနေသော်လည်း အားလုံးက သီတာအေးစက်ဘီးအရှိန်နှင့် လိမ့်ဆင်းကျလာနေသည်ကို အံ့အားသင့်ပြီး ငေးကြောင်ကြည့်နေကြကာ တစ်ယောက်တစ်ပေါက် ဝိုင်းအော်



www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။

"ဟဲ့ ... ခုန်ချလိုက်လေ ကလေးမ"

"ဟာ ... ဒုက္ခပါပဲ"

"ဒီကောင်မလေးတော့ သေတော့မှာပဲ၊ ဒီလောက် ကုန်းမြင့်ပေါ်ကနေ ဘရိတ်မပါပဲ ဆင်းရတယ်လို့"

"သေပြီ ... သေပြီ ..."

"ဒုန်း ..."

"အား ..."

ကျယ်လောင်သော မြည်သံကြီးနှင့်အတူ သစ္စာလမ်းမကြီး ဘေးတွင်ရပ်ထားသော ဂျစ်ကားတစ်စီး၏ ရှေ့ဘီးနားတွင် သီတာအေးကို ပုံရက်သားလှမ်းတွေ့လိုက်ရ၏။

"ဟာ ... သေပြီထင်တယ်"

"ဒီကလေးမလေး ဘယ်ရပ်ကွက်ကလဲ"

"ဒီခေတ်ကလေးတွေက စက်ဘီးစီးလည်း ပရမ်း ပတာနဲ့ ရှေ့နောက် ဘာမှမြင်ကြတာမဟုတ်ဘူး"

တိုးဝှေ့စုပြုံကြည့်နေကြသော လူအုပ်ကြားထဲသို့ ကျွန်မ အတင်းတိုးဝင်သွားကာ ...

"ကျွန်မ ... ကျွန်မ ... သူငယ်ချင်းပါ၊ ဘေးနည်းနည်း နည်းလောက် ဖယ်ပေးကြပါရှင်"

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကြီးက ကျွန်မအသံလာရာသို့ ချာခနဲလှည့်ကြည့်ကြပြီး ဘေးသို့အနည်းငယ်ဖယ်ရှောင်ပေးလိုက်ကြ၏။

"ဟယ် . . . သီတာအေး၊ သီတာအေး၊ ဒုက္ခပါပဲ၊ ခေါင်းမှာလည်း သွေးတွေနဲ့ ခေါ်လို့လည်း မရတော့ဘူး"

"ဖယ်ဖယ် . . . ကလေးမ၊ ဆေးရုံပို့မှဖြစ်မယ်"

ထိုလူအုပ်ထဲမှ တတ်သိနားလည်ပုံရသည့် အသက်ခပ်ကြီးကြီး လူတစ်ယောက်က သီတာအေးအခြေအနေကိုကြည့်ပြီး ကျွန်မကိုလှမ်းပြောနေ၏။

"ကဲ . . . လာလာ၊ ဒီကားက ဦးရဲ့ကားပဲ၊ ကားပေါ်ပွေ့တင်ရအောင်"

ပြောပြောဆိုဆို ထိုလူကြီးက သီတာအေးကို သူ့ဂျစ်ကားပေါ်သို့ ပွေ့တင်လိုက်သည်။ လွင့်စင်ထွက်သွားသော သီတာအေးစက်ဘီးကို လူအုပ်ထဲမှ တစ်ယောက်က ကားနားသို့ မ,ပြီးယူလာ၏။

"ညည်းတို့သူငယ်ချင်းစက်ဘီးက ဖြစ်တာလည်း မပြောနဲ့၊ ဘရိတ်ကြိုးက ပြုတ်နေတာကိုး"

"ဟင် . . ."

ကျွန်မစက်ဘီးကိုကြည့်လိုက်သောအခါလက်ကိုင်အောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘရိတ်ကြိုးနှစ်ချောင်းစလုံး ပြုတ်နေသည်ကို တွေ့လိုက်ရ၏။

မဖြစ်နိုင်တာ ...၊ သီတာအေးက ဘရိတ်ကြိုးကိုဖြုတ်ထားတဲ့ စက်ဘီးလိုစီးပြီးတော့ ငါ့အိမ်ကိုမလာလောက်ပါဘူး၊ ပြီးတော့ ... ငါ့အိမ်ရောက်တဲ့အထိ ဘရိတ်က မိနေသေးတာပဲ။

ကျွန်မက သီတာအေး၏ စက်ဘီးကိုကြည့်ရင်း ခေါင်းကို ခါယမ်းလိုက်သည်။ ရှေ့ဘီးတစ်ခုလုံးမှာ တွန့်လိမ်နေပြီး စမုတ်တိုင်များလည်း တစ်ချောင်းမှ အကောင်းမရှိတော့။

ကျွန်မက ပျက်စီးသွားသော သီတာအေး စက်ဘီးနှင့်အတူ ကျွန်မစက်ဘီးကိုပါ နီးရာလက်ဖက်ရည်ဆိုင်တွင်ပြောပြီး အပ်ထားခဲ့ကာ ဆေးရုံသို့ အမြန်ထွက်လာခဲ့၏။

ကားနောက်ခန်းတွင် သီတာအေးကို ပွေ့ဖက်ထားသော ကျွန်မလက်များမှာ တုန်ယင်နေပြီး သီတာအေးကိုလည်း မကြာမကြာ လှုပ်ယမ်းခေါ်မိနေ၏။

"သီတာအေး ... သီတာအေး၊ ဒုက္ခပါပဲ ဦးလေးရာ၊ မြန်မြန်မောင်းပါ၊ ဘယ်ဆေးရုံကိုသွားမှာလဲ"

"နီးနီးနားနားဆိုလို့ စံပြဆေးရုံပဲရှိတာ"

ပြောရင်းနှင့် ထိုလူကြီးက ကားကို ဂီယာချိန်းရင်း အရှိန်မြှင့်ကာ မောင်းလိုက်သည်။

တစ်လမ်းလုံး ကျွန်မစိတ်တွေ ယောက်ယက်ခတ်ကာ လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ သီတာအေး ကျွန်မမျက်စိရှေ့မှနေ ကုန်းဆင်းကြီးအတိုင်း လိမ့်ဆင်းကျသွားပုံကိုလည်း မျက်လုံးထဲကမထွက်။ ထိုစဉ် ကျွန်မ အာရုံထဲမှ တစ်ခုခုကို ပြေးပြီး သတိရမိလိုက်၏။

"ဖူးပွင့်က ငါတို့အိမ်ကထွက်အလာမှာ သီတာအေး စက်ဘီးနားမှာ ဘာရပ်လုပ်နေတာလဲ၊ နောက်ပြီး စက်ဘီးက ဘရိတ်ကြိုးတွေကို သူ တစ်ခုခုများ လုပ်လိုက်သလား၊ အင်း . . . အဲဒီတုန်းက သူ့မျက်နှာ အမူအရာက တစ်မျိုးကြီးဖြစ်နေတယ်"

မဆီမဆိုင် တောင်ရောက်မြောက်ရောက် အတွေးများကို တွေးရင်း ကျွန်မတို့ကားက စံပြဆေးရုံရှိသော လမ်းသို့ ချိုးကွေ့ဝင်လိုက်သည်။

"ဘုရား . . . ဘုရား . . . သီတာအေးတစ်ယောက် ဘာမှမဖြစ်ပါစေနဲ့"

သီတာအေးကို ကျွန်မ ငုံ့ကြည့်ရင်း ရင်ထဲတွင် တစ်လှပ်လှပ်ဖြစ်လာကာ မျက်ရည်များ ဝေ့ဝဲတက်လာ၏။ အကယ်၍သာ ကျွန်မထင်ထားသလို သီတာအေး ယခုကဲ့သို့ဖြစ်ရခြင်းမှာ ဖူးပွင့်၏ လက်ချက်ဖြစ်ခဲ့ပါလျှင် သူ့ကို ကျွန်မ ဘယ်လိုမှ ခွင့်မလွှတ်နိုင်လောက်အောင် အမုန်းကြီးမုန်းသွားမိမှာ သေချာသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ )

နောက်တစ်နေ့ မနက်သို့ရောက်သည့်တိုင်အောင် သီတာအေး တစ်ချက်ကလေးမှ သတိပြန်မလည်လာသေးချေ။ ကျွန်မက သီတာအေးခုတင်ဘေးတွင် ထိုင်နေရင်း မနေ့ကအဖြစ်အပျက်များအားလုံးက ကျွန်မအာရုံထဲတွင် ဘယ်လိုမှ ဖျောက်ဖျက်၍မရနိုင်လောက်အောင် ဖြစ်နေ၏။ ထိုနေ့က သီတာအေးမိဘများမှာလည်း ကျွန်မတို့ ဆေးရုံရောက်ပြီး သိပ်မကြာခင် ရောက်လာခဲ့ကြသည်။ သူတို့မှာလည်း တစ်ညလုံးပဲ ဆေးရုံတွင် ရင်တမမဖြင့် စောင့်ကျန်ခဲ့ကာ စောစောက ကျွန်မ ဆေးရုံကိုရောက်လာမှ အိမ်သို့ ခဏပြန်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညက တစ်ညလုံး ကျွန်မ ဘယ်လိုမှ အိပ်မပျော်နိုင်ဘဲ ခုတင်ပေါ်တွင် ငုတ်တုတ်ထထိုင်ကာ သီတာအေးနှင့် ကျွန်မ အဖြစ်အပျက်များကို တွေးရင်း ကျွန်မစိတ်တွေက ဘာရယ် မဟုတ်ပဲ တစ်ခုခုကို ထိတ်လန့်တုန်လှုပ်လာသလို ဖြစ်နေမိသည်။

တစ်ချိန်တုန်းက ကျွန်မစာအုပ်ပေါ်တွင် ဘယ်သူရေးထားခဲ့ မှန်းမသိသည့် စာကြောင်း၏ အဓိပ္ပာယ်က အခုအချိန်မှာ တဖြည်းဖြည်း အသက်ဝင်လာနေပြီလားဟူ၍လည်း တစ်ယောက် တည်း တွေးရင်းအလိုလိုကြောက်လန့်နေမိသည်။

သီးသန့်လူနာခန်း ယူထားသဖြင့် တစ်ခန်းလုံးမှာ အတော် အတန် ကျယ်ဝန်းပြီး တိတ်ဆိတ်နေသလိုရှိသော်လည်း အခန်း အပြင် စင်္ကြံလမ်းတစ်လျှောက် တရုပ်ရုပ်သွားလာနေသော ခြေသံ များ၊ လူနာတင်တွန်းလှည်းတွန်းသွားသည့် အသံတို့ကို တစ်ခါ တစ်ရံ ကြားနေရသည်။

အခန်းတံခါးကို ရုတ်တရက် တွန်းဖွင့်လိုက်သံကြားရ၏။ ကျွန်မ အခန်းပေါက်သို့ လှမ်းကြည့်လိုက်ရာ သုတတစ်ယောက် ကျွတ်ကျွတ်အိတ်တစ်လုံးဆွဲကာ အခန်းတွင်း လှမ်းဝင်လာနေ သည်ကို တွေ့လိုက်ရသည်။

"ဟယ် . . . သုတ၊ နင် ဘယ်ကနေကြားလို့ လာ တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ထိုင်နေရာမှ ထသွားကာ သုတကို ဆီးကြိုရင်း မေးလိုက်၏။

"အဲဒီနေ့က နင်တို့ဖြစ်တဲ့နေရာနားက လက်ဖက်ရည်ဆိုင်မှာ ငါ့သူငယ်ချင်းတွေ ထိုင်နေတယ်လေ၊ နောက်တော့ ဟိုစုံစမ်း ဒီစုံစမ်းနဲ့ ဒီဆေးရုံမှာရှိတယ်ဆိုတာသိလို့ လိုက်လာတာ၊ ဒါနဲ့ ဇင်မီ့ကိုရော နင် အကြောင်းကြားထားပြီးပြီလား"

"အေး... ဒီနေ့သူလာလိမ့်မယ်ဟ..."

သုတက သူဆွဲလာသော ကျွတ်ကျွတ်အိတ်အတွင်းမှ ကဗလာသီးများကို ခုတင်ဘေးမှ စားပွဲပေါ်သို့တင်ရင်း သီတာအေးအခြေအနေကို အကဲခတ်သလို ကြည့်နေသည်။

"ဟဲ့ ... ဝတ်မှုန်၊ သီတာအေး အခြေအနေက ဘယ်လိုလဲ၊ အိပ်ပျော်နေတာလား"

"မဟုတ်ဘူး သုတ၊ သူ အခုအချိန်အထိကို သတိမရသေးတာ"

"ဟင်..."

သုတမျက်နှာက ကျွန်မစကားအဆုံးတွင် စိတ်ပူသလို ဖြစ်သွားပြီး သီတာအေးခုတင်နားသို့ကပ်ပြီး သွားကြည့်လိုက်၏။ သီတာအေးနှင့် သုတမှာ ကျွန်မနှင့်ပတ်သက်ပြီးမှ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ယောက် သိကြရသော်လည်း ယခုလိုအခြေအနေမျိုးတွင် ကျွန်မကဲ့သို့ပင် ပူလောင်သာကရောက်နေသည့်ပုံ ပေါ်နေသည်။

"ဟဲ့ . . . ဝတ်မှုန်၊ အခု နင်တစ်ယောက်တည်း စောင့်နေတာလား၊ သီတာအေးတို့အိမ်ကလူတွေရော"

"မနက်က ငါလာမှ သူတို့ အိမ်ခဏပြန်သွားကြတယ်လေ၊ သူ့အဖေနဲ့ အမေလည်း တစ်ညလုံး ဘာများဖြစ်မလဲဆိုပြီး စိတ်တထင့်ထင့်နဲ့ စောင့်နေကြတာ"

"ဒီအတိုင်းဆိုရင် သီတာအေးတစ်ယောက် ကေသီ့မွေးနေ့ကို ဘယ်လိုမှ လာနိုင်မှာမဟုတ်ဘူးထင်တယ်နော်၊ ငါက ပထမ စဉ်းစားထားတာ အဲဒီမွေးနေ့ပွဲပြီးရင် နင်တို့အကုန်လုံးကို ရှပ်ရှင်လိုက်ပြမလို့"

"အေးလေ . . . ဘယ်တတ်နိုင်မှာလဲ၊ လာလာ . . . သုတ၊ ငါတို့ အပြင်ထွက်ပြီး စင်္ကြံမှာ အေးအေးဆေးဆေး စကားသွားပြောကြမယ်"

ကျွန်မက ကျွန်မတို့နှစ်ယောက် စကားပြောဆိုနေသံကြောင့် လူနာကို အနှောင့်အယှက်မဖြစ်စေလို၍ အခန်းအပြင် စင်္ကြံတွင် စကားသွားပြောကြရန် လှည့်ထွက်လိုက်သည်။ ကျွန်မတို့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် အခန်းတံခါးပေါက်ဝနားသို့အရောက်တွင် အခန်းအပြင်မှ တံခါးကို ရုတ်တရက် တွန်းဖွင့်ဝင်လာသော ဖူးပွင့်အား တွေ့လိုက်ရ၏။

"ဟဲ့ ... ဝတ်မှုန်၊ သီတာအေး ဘယ်လို ..."

ဖူးပွင့်က အခန်းအတွင်းသို့ ဝင်လာကာ သီတာအေး၏ အခြေအနေကို လှမ်းမေးလိုက်သည့်အသံက သုတမျက်နှာကို မြင်လိုက်ပြီး ချက်ချင်းရပ်တန့်သွား၏။

သုတကလည်း လူနာလာမေးသော ဖူးပွင့်မျက်နှာပေါ်မှ လိမ်းချယ်ထားသည့် မိတ်ကပ်၊ နှုတ်ခမ်းနီတို့ကိုကြည့်ကာ အံ့အားသင့်နေပုံရသည်။

"ဟဲ့ ... ဝတ်မှုန်၊ သူက ဘယ်သူလဲ၊ ငါ့ကို မိတ်ဆက်ပေးဦးလေ"

အရေးထမှ ဆေးရုံလာပြီး အလိုက်ကန်ဆိုးမသိ သုတနှင့် သူ့ကို မိတ်ဆက်ခိုင်းနေပြန်၏။ သုတက ဖူးပွင့်မျက်နှာကိုကြည့်လိုက်၊ ကျွန်မမျက်နှာကိုကြည့်လိုက်ဖြင့် ဘာမှနားမလည်သလို ဖြစ်နေ၏။

ဖူးပွင့်က သုတမျက်နှာကို စိမ်းစိမ်းကြီး စိုက်ကြည့်နေရာမှ သူ့ကိုယ်သူ အတင်းဝင်ပြီး မိတ်ဆက်နေသည်။

"ငါ့နာမည်က ဖူးပွင့်တဲ့၊ ဝတ်မှုန်နဲ့ ငါက ငယ်



www.burmeseclassic.com

www.burmeseclassic.com



ငယ်တည်းက အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေလေ၊
နောက်ပြီး ငါတို့က အိမ်ချင်းလည်း ကပ်ရက်ပဲ၊ ဒါနဲ့
နင့်နာမည်ကရော...”

ဖူးပွင့်တစ်ယောက် ကျွန်မ တမင် မိတ်ဆက်မပေးမှန်း သိသွား၍လားမသိ၊ သူ့ကိုယ်သူ မိတ်ဆက်ပြီး သုတကိုလည်း အတင်းနာမည်တွေ မေးနေတော့သည်။ သုတက ကျွန်မမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး–

“ငါ့နာမည်က သုတ”

“ဪ . . . ဒါနဲ့ နင်တို့ အခုနကပြောနေတဲ့
ရုပ်ရှင်သွားကြည့်မယ်ဆိုတာလေ၊ အဲဒါ ဘယ်တော့
လဲဟင်၊ ငါလည်းလိုက်မယ်လေ၊ အခု ငါတို့ သူငယ်
ချင်းတွေဖြစ်သွားပြီပဲ၊ ဟုတ်တယ်မဟုတ်လား . . .
ဟင်း... ဟင်း...”

ကျွန်မနှင့် သုတ အခန်းအတွင်း ပြောဆိုနေသံကို အပေါက်ဝမှ ဘယ်အချိန်တည်းက ချောင်းပြီး နားထောင်နေသည်မသိ။ ကျွန်မ သူ့ကို တော်တော်လေး အမြင်ကတ်သွားမိသည်။

ထိုစဉ်...

“ဪ... သမီးသူငယ်ချင်းတွေ ရောက်နေမှကိုး
အေးကွယ်၊ မင်းတို့သူငယ်ချင်းကတော့ အခုအချိန်



www.burmeseclassic.com

www.burmeseclassic.com



အထိ သတိမရသေးဘူး၊ အန်တီတို့လည်း ဘာဆက်

လုပ်ရမှန်းကို မသိဘူး…”

ပြောပြောဆိုဆို အခန်းပေါက်ဝမှ လက်ဆွဲခြင်းကြီးကို ကိုင်ကာ သီတာအေး၏ အဖေနှင့်အမေ ဝင်လာပြီး ငိုသံပါပါဖြင့် ကျွန်မတို့ကို လှမ်းပြောလိုက်သည်။

ကျွန်မနှင့် သုတမှာ ဘာစကားတစ်ခွန်းမှ ပြန်မပြောနိုင်လောက်အောင် စိတ်မကောင်းဖြစ်နေကြပြီး ဆေးရုံအခင်း ကြမ်းပြင်များကို အဓိပ္ပာယ်မဲ့ ငုံ့ကြည့်နေမိ၏။

ဖူးပွင့်ကတော့ သူ့ဆံပင်ရှည်ကြီးတွေကို လက်ဖြင့် နောက်သို့ သပ်လိုက်ကာ ကပိုကယိုဝတ်ထားသော သူ့အင်္ကျီဖားဖားကြီးကို အောက်သို့ဆွဲဆွဲချလိုက်ဖြင့် ကျွေမရ ဖြစ်နေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၂ )

နောက်တစ်နေ့တွင် ကျွန်မတစ်ကိုယ်လုံး ချစ်ချစ်တောက် ပူလောင်ကာ အပြင်းဖျားတော့သည်။ မေမေ ဆေးတိုက်ရန် ကျွန်မအခန်းထဲသို့ ဝင်လာချိန် ကျွန်မခေါင်းတွေက တဆစ်ဆစ် ကိုက်ခဲနေရင်း ကိုယ်တွေလက်တွေ မလှုပ်ချင်အောင် ဖြစ်နေ၏။ အာခေါင်များခြောက်ကပ်နေပြီး မျက်လုံးတွေက မီးခဲများလို ပူလောင်နေသည်။

"သမီး ညက တစ်ညလုံး နေမကောင်းဖြစ်နေတယ်နဲ့တူတယ်၊ မေမေ ညည်းသံတွေလိုလို သမီးအခန်းက ကြားနေရတယ်၊ ထ … ဒီဆေးလေးသောက်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သောက်ရေအေးတစ်ခွက်နှင့် ကော်ဖီတစ်ခွက်ကို လင်ဗန်းနှင့်ထည့်ယူလာပြီး လက်တစ်ဖက်မှလည်း ဆေးကို ဆုပ်ကိုင်ထားကာ ကျွန်မခုတင်ရှိရာဆီသို့ လျှောက်လာနေ၏။ ကျွန်မက ခြုံထားသော ဂွမ်းစောင်ကြီးကို ခြေနှင့်ကန်ကာ အိပ်ရာက ကြိုးစားပြီး ထလိုက်သည့် ကျွန်မလက်ဆစ်ခြေဆစ်တွေက သိသိသာသာကြီး နာကျင်ကိုက်ခဲနေ၏။

"သမီး ဒီရက်ပိုင်း စိတ်ရော လူရော အရမ်း ပင်ပန်းသွားလို့ ဖြစ်တာနေမှာ၊ သီတာအေးဆီလည်း နေ့ခင်းကျမှ မေမေတို့ သတင်းသွားမေးလိုက်ဦးမယ်၊ သြော် . . . နေဦး၊ စောစောကတောင် ဟိုကောင်မလေး ဖူးပွင့်သမီးဆီကို ဖုန်းဆက်သေးတယ်"

"ဟင် . . . သူဘာလုပ်ဖို့ဆက်ပြန်တာလဲ"

ကျွန်မက နေမကောင်းဖြစ်နေပြီး ခေါင်းမကြည်မလင် ဖြစ်နေရသည့်အထဲ ဖူးပွင့်ဟူသော အသံကြားရုံဖြင့် အလိုလို ဒေါသထွက်သွားမိသည်။

မေမေက ကျွန်မကို ဆေးသောက်ရန် ရေခွက်နှင့် ဆေးတို့ကို လှမ်းပေးရင်း . . .

"သြော် . . . သမီးရယ်၊ သူ့ခမျာလည်း သမီးကို တော်တော်လေး ခင်ပုံရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … ဟင့်အင်း … သူ့ကို သမီး မခင်ချင်ဘူး၊ သူက မကောင်းဘူး၊ အိပ်မက်တွေထဲမှာတောင် သူ သမီးကို ဒုက္ခလိုက်ပေးနေတယ်"

ကျွန်မက ခေါင်းထဲမှာ နောက်ကျိနေသည့်အတွေးများက ကလေးတစ်ယောက်လို ဟန်ဆောင်မှုကင်းစွာ ပြန်ပြောလိုက်သည်။

"နေမကောင်းတော့လည်း စိတ်က ကယောင်ချောက်ချား တွေ့ဖြစ်ပြီး မက်တာနေမှာပေါ့ သမီးရယ်၊ ကဲ … ကဲ … ဆေးသောက်ပြီး ပြန်အိပ်နေလိုက်၊ ခဏနေရင် ချွေးတွေထွက်ပြီး သက်သာသွားလိမ့်မယ်"

မေမေက ပြောပြောဆိုဆို ကျွန်မကို ဆေးတိုက်ပြီး အခန်းအတွင်းမှ ပြန်လှည့်ထွက်သွား၏။ ကျွန်မတစ်ယောက်တည်း ခုတင်ပေါ်တွင် တောင်ရောက်မြောက်ရောက် အတွေးများက သီတာအေးကုန်းပေါ်မှလိမ့်ကျသွားသည်မှာ တကယ်ပဲဖြစ်ခဲ့သလို အိပ်မက်တွေပဲမက်လိုက်သလိုမျိုး၊ ကျွန်မအာရုံတွေထဲတွင်လည်း ဖူးပွင့်နှင့်ပတ်သက်သည့် စိတ်ချောက်ချားစရာ အဖြစ်အပျက်များက မရေမရာ ဘာကိုမှမသဲမကွဲ၊ လျှာပေါ်တွင် ခါးအံနေသော ဆေးတို့က ကျွန်မရင်တွင်းမှာ အော့ချင်သလို အံချင်သလိုဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



၏။ မျက်လုံးများလည်း ပူလောင်ကျိမ်းစပ်နေသည်။ ခြေရင်းမှ စောင်ကို မေးဖျားအထိဆွဲယူပြီး အိပ်ရာပေါ် ပြန်လှဲနေလိုက်သည်။ မျက်စိကိုမှိတ်ထားသော်လည်း ကျွန်မအတွေးများက သီတာအေးဆီရောက်သွားလိုက်၊ ဇင်မီဆီရောက်သွားလိုက်၊ သုတနှင့် စွယ်စုံစိုးတို့ကိုလည်း တစ်ချက်တစ်ချက် အတွေးက ရောက်သွားလိုက် ဖြစ်နေ၏။ အဆိုးဆုံးက ဖူးပွင့်မျက်နှာကို ကျွန်မမျက်လုံးထဲက ဖျောက်ဖျက်မရခြင်းပင် ဖြစ်သည်။

ကျွန်မကိုယ်တွေက ချစ်ချစ်တောက် ပူလောင်နေဆဲပင် ဖြစ်သည်။

❀ ❀ ❀

နေ့လယ်ပိုင်လတွင် ကျွန်မအခန်းအတွင်းမှ ဖုန်းက ကျယ်လောင်သောမြည်သံကို ကြားလိုက်ရပြီး အိပ်ရာမှ လန့်နိုးသွား၏။ ကျွန်မတစ်ကိုယ်လုံး ချွေးများထွက်နေကာ ကိုယ်ပူရှိန်က သိသိသာသာကြီး ကျဆင်းသွားသော်လည်း ကိုက်ခဲနေသော မျက်ရိုးများနှင့် ခေါင်းများကတော့ လေးလံထိုင်းမှိုင်းနေတုန်းပင်။ ကျွန်မက ခြုံထားသောစောင်ကို ကိုယ်မှခွာလိုက်ပြီး တတွင်တွင်မြည်နေသောဖုန်းကို ထပြီးမကိုင်ချင်ပဲ အိပ်ရာပေါ်တွင် ဆက်ပြီး ပြန်မှေးနေ၏။

နောက်ထပ်တစ်ကြိမ် ဖုန်းမြည်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ဘယ်သူက ဒီလောက်တောင် ဆက်နေရတာလဲ"

ကျွန်မ စိတ်မရှည်စွာနှင့် ခုတင်ပေါ်မှထသွားကာ ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို ..."

"ဟဲ့ ... ဝတ်မှုန် ... ငါဇင်မီပါ"

တင်းထားသော ကျွန်မစိတ်တွေက ဇင်မီ့အသံကြားပြီး ပြေလျှော့သွား၏။

"ဟဲ့ ... ဝတ်မှုန်၊ နင့်အသံကြီးကလည်း ခြောက်ကပ်ကပ်နဲ့ ဘာဖြစ်နေတာလဲ"

"အေးဟာ၊ ငါ နေမကောင်းလို့ စောစောက ဆေးတောင်သောက်လိုက်ရတယ်"

ကျွန်မက ဖုန်းကိုကိုင်ထားရင်း နံရံကိုကျောမှီကာ တဖြည်းဖြည်းချင်း ကြမ်းပြင်ပေါ်သို့ ဆောင့်ကြောင့်ထိုင်ချလိုက်သည်။

"ငါ မနေ့ကညနေက သီတာအေးဆီကို ရောက်တယ်၊ သူ့အဖေနဲ့အမေက နင်နဲ့ နောက်နှစ်ယောက် စောစောကပဲပြန်သွားကြတာတဲ့"

"အေး ... ဟုတ်တယ်၊ သုတရယ်၊ ဟို အူကြောင် ကြား ဖူးပွင့်ရယ်ပေါ့"

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ချက်ချင်းပင် ဆက်၍

"ဟဲ့ . . . ဇင်မီ၊ သီတာအေး အခြေအနေကော ဘယ်လိုလဲ"

သိချင်ဇောဖြင့် သီတာအေးအခြေအနေကို အလျင်စလို လှမ်းမေးလိုက်၏။

"အေး . . . ငါရောက်တော့ သူ သတိရနေပြီဟ၊ ဆရာဝန်ကြီးတွေလည်း ရောက်လာတယ်၊ အခြေအနေက တော်တော်ကောင်းသွားပြီလို့ ပြောတယ်"

"ဟယ် . . . တကယ် . . ."

ကျွန်မတစ်ကိုယ်လုံး စောစောကတက်နေသည့်အဖျားများ ဘယ်ရောက်သွားသည်မသိ။ သီတာအေး သတိရလာပြီဆိုသော အခါ ကျွန်မ သူ့ဆီ ချက်ချင်းပင် ပြေးပြီးသွားချင်နေမိ၏။

"အေး . . . သီတာအေးက ငါ့ကို ဝတ်မှုန်ရောလို့ မေးနေတယ်ဟ၊ ငါက အခုနလေးတင်မှ ပြန်သွားတာ တစ်ချိန်လုံး နင့်အနားမှာ သူရှိနေတာလို့ ပြောလိုက်တယ်၊ သူ့အမေနဲ့အဖေလည်း သူသတိရလာပြီဆိုတော့ အရမ်းကို ဝမ်းသာနေကြတယ်လေ"

"အေးဟာ၊ ဝမ်းသာလိုက်တာ၊ ငါထင်ထားတာက တကယ်လို့များ သီတာအေး သတိရလာရင်



www.burmeseclassic.com

www.burmeseclassic.com



တောင်မှ နင်တို့ငါတို့တွေကို ပြန်ပြီး မှတ်မိပါ့မလား
လို့ ထင်နေတာ၊ ရုပ်ရှင်တွေထဲမှာဆိုရင် အဲဒီလိုဖြစ်
သွားပြီးရင် ဘာကိုမှ ပြန်မသိတော့ဘူးလေ”

ကျွန်မက ကျွန်မစိတ်ထဲမှ တွေးထင်ထားသည့် ပေါက်တတ်ကရ အတွေးများကို ဇင်မို့အား ပြန်ပြောပြနေမိ၏။

“အောင်မယ်၊ နင်ကလည်း သီတာအေးက သူ့
စက်ဘီးလေး ဘာဖြစ်သွားသေးလဲ၊ စက်ဘီးတစ်စီး
မှာ ဘာရိတ်ကြိုးတွေဘာတွေကို လွယ်လွယ်နဲ့ ဖြုတ်ပစ်
လို့ရလားဆိုပြီး ငါ့ကိုမေးတယ်ဟ၊ နောက်ပြီး သူ့စိတ်
ထဲမှာ စက်ဘီးနဲ့ပတ်သက်လို့ တစ်ခုခုကို သံသယဖြစ်
ပြီး အံ့သြနေပုံပဲ…”

“အင်း . . . ငါထင်ထားသလိုမျိုး သီတာအေး
လည်း သူ့စက်ဘီးကို တစ်ယောက်ယောက်က ဘာရိတ်
ကြိုးတွေ ဖြုတ်ပစ်လိုက်တယ်လို့ ထင်နေပါလား”

ကျွန်မ ဇင်မို့ကို ဘာတစ်ခွန်းမှ ပြန်ပြီးမပြောနိုင် ဖြစ်နေပြီး ကျွန်မလက်များက တယ်လီဖုန်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိသည်။

“သြော် . . . ဝတ်မှုန်၊ နင့်ကို ငါပြောစရာရှိသေး
တယ် သိလား၊ ငါ မနေ့က လမ်းမှာ စွယ်တော်စိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်ဟ”

စွယ်စုံစိုးဟူသည့်အသံ ကြားလိုက်ရသော်လည်း ယခုအချိန်တွင် ကျွန်မစိတ်တွေ ဘယ်လိုမှ ပြန်ပြီး မခံစားရတော့။ သူနှင့်ပတ်သက်၍ ဘာကိုမှလည်း မသိချင်တော့လောက်အောင် ဖြစ်သွားပြီဖြစ်၏။

ဇင်မီကတော့ ကျွန်မရင်ထဲကအကြောင်းများကို သိပုံမပေါ်ပဲ စွယ်စုံစိုးနှင့်ပတ်သက်၍ ဆက်ပြောနေသည်။

“စွယ်စုံက နင့်အကြောင်းကိုလည်း မေးတယ်၊ နောက်ပြီး အခုတစ်လော နင့်အနားမှာ လိုက်လိုက်ကပ်နေတဲ့ ဖူးပွင့်ဆိုတဲ့ကောင်မလေးက ဘာလဲတဲ့၊ ဘယ်ကလဲတဲ့။ အဲဒါ ငါက ဝတ်မှုန်ရဲ့အချစ်ဆုံး သူငယ်ချင်းပါလို့ပြောလိုက်တော့ သူက အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ငါ့ကို တစ်ခုခု ပြန်ပြောချင်နေပုံပဲဟ။ နင်လည်းသူ့အကြောင်းသိတယ်မဟုတ်လား၊စကားကို ဘယ်တော့မှ လိပ်ပတ်လည်အောင် ပြောတဲ့ကောင် မဟုတ်ဘူး”

ကျွန်မက စွယ်စုံတစ်ယောက် ကျွန်မနှင့် ဖူးပွင့်ဆိုသည့် ကောင်မလေးတို့ အခုလို ပတ်သက်နေကြသည့်သတင်းတွေကို တောင် သူ သိနေပါလားဟူ၍ အံ့သြနေမိသည်။ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မသိအောင် နောက်က ပုန်းလျှိုးကွယ်လျှိုးနှင့် စွယ်စုံ လိုက်ကြည့်နေသည်မှာ သူ့အတွက် အကြံအစည်များ တစ်ခုခု ရှိနေ၍လားဆိုပြီး စိတ်တဲမှ စိုးရိမ်နေမိသည်။

ဇင်မီက ကျွန်မကို စွယ်စုံနှင့်ပတ်သက်ပြီး ဆက်၍ပြောနေပြန်၏။

"အဲဒါ သူလှည့်ပြန်ကာနီးလည်းကျရော အဲဒီ ဖူးပွင့်ဆိုတဲ့ ကောင်မလေးနဲ့ပတ်သက်လို့ အခုတော့ ပြောဖို့ခက်နေသေးတယ်တဲ့၊ နောက်တော့ သေချာမှ ငါပြောပြမယ်ဆိုပြီး လှည့်ထွက်သွားတာပဲ၊ ဘာတွေ မှန်း မသိပါဘူးဟာ"

"ဟင်..."

တကယ်တော့ ဖူးပွင့်နှင့်ပတ်သက်သမျှက အခုအချိန်အထိ ကျွန်မကိုယ်တိုင်ပင် ဘာတွေမှန်းမသိ။ ပြန်တွေးလိုက်တိုင်းလည်း ဘာကိုမှ မသေချာ မရေရာနှင့် ဖြစ်နေရသည်။

ကျွန်မက ဇင်မီ့စကားကိုဖြတ်ကာ ကေသီ့မွေးနေ့အကြောင်း ဆက်ပြောနေမိသည်။

"ဟဲ့ ဇင်မီ၊ ကေသီ့မွေးနေ့က အခုလာမယ့် စနေနေ့မှာနော်၊ အေးလေဟာ... ကေသီ့မွေးနေ့နီးကာမှ သီတာအေးက ဒီလိုဖြစ်ရတယ်လို့၊ သူ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်မယ်မထင်ဘူး၊ ငါလည်း အဲဒီနေ့မတိုင်ခင် မြန်မြန်နေကောင်းပါစေလို့ဆုတောင်းရမှာပဲ”

“အေး… နင်လည်း နေကောင်းအောင်နေဦး ဝတ်မှုန်၊ ငါလည်း နင့်ဆီကိုလာခဲ့ဦးမယ်”

ဇင်မီ ဖုန်းချသွားပြီး ကျွန်မတစ်ယောက်တည်း ဖုန်းကိုင်ကာ အတွေးပေါင်းစုံက ခေါင်းထဲသို့ ဝင်လာပြန်သည်။ အခုအချိန်အထိ စွယ်စုံစိုးက ကျွန်မနောက်ကို မယောင်မလည် ဘာအကြောင်းနှင့် လိုက်ကြည့်နေတာလဲ။ နောက်ပြီး ဖူးပွင့်ဆိုသည့် အူကြောင်ကြားကိုလည်း သိနေပြီး သူ့အကြောင်းက အခု မသေချာသေးဘူးဆိုတာ ဘာတွေလဲ။ သူက ဘာဖြစ်နေလို့လဲ။ စဉ်းစားရင်း ကျွန်မ နဖူးကြောတွေ ထောင်ထလာကာ နားထင်မှ သွေးကြောများက တဒိတ်ဒိတ်ခုန်နေလျက်ရှိသည်။ ကိုယ်အပူရှိန်က တဖြည်းဖြည်းကျသွားကာ ကျွန်မတစ်ကိုယ်လုံးမှာလည်း ချွေးများပြန်လျက်ရှိနေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၃ )

ရောင်စုံမီးလုံးများ အတန်းလိုက်ချိတ်ဆွဲထားသော ခြံဝင်း ကျယ်ကြီးအတွင်းသို့ ဇင်မီနှင့် ကျွန်မ ရောက်ရှိသွားချိန်တွင် သူငယ်ချင်းများအားလုံး စုံစုံလင်လင်ရောက်ရှိနေကြ၏။ ကေသီ က သူ့မွေးနေ့တွင် အပြာရောင် ပိုးသားဖြင့်ချုပ်ထားသည့် အပေါ် အောက် တစ်ဆက်တည်းဂါဝန်ကို ဝတ်ဆင်ထားကာ ညနှင့် အပြိုင် လှနေသည်။ ခြံအတွင်းသို့ လှမ်းဝင်ဝင်လိုက်ချင်း ကေသီ က ကျွန်မတို့ရှိရာသို့ ဝမ်းသာအားရပြေးလာကာ နှုတ်ဆက် လိုက်ပြီး ...

"ဟဲ့ ... ဇင်မီနဲ့ ဝတ်မှုန်၊ သီတာအေးရော သက် သာသွားပြီလား၊ ငါလည်း အလုပ်များနေလို့ သူ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခေါက်မှ မရောက်လိုက်ဘူးဟာ”

ကျွန်မနှင့် ဇင်မီက ကေသီ့ကို မွေးနေ့လက်ဆောင် လှမ်းပေးရင်း

“အေး . . . အခုတော့ သူ တော်တော်လေး သက်သာသွားပါပြီ၊ ငါတို့နဲ့အတူ နင့်အတွက် မွေးနေ့လက်ဆောင်တောင်ထည့်ပေးလိုက်သေးတယ်”

ကေသီက ကျွန်မတို့လှမ်းပေးသော မွေးနေ့လက်ဆောင်ကို လှမ်းယူကာ ခြံအတွင်း ခင်းကျင်းထားသည့် စားပွဲများကို ဖြတ်ကာ ကျွန်မတို့ရှေ့မှ ဦးဆောင်ခေါ်သွားသည်။

ကျွန်မနှင့် ဇင်မီ ကွေ့ပတ်ပြီး လျှောက်လာရာဘေးမှ စားပွဲဝိုင်းတွင်ထိုင်နေကြသော သူငယ်ချင်းများက တစ်ယောက်တစ်ပေါက် လှမ်းခေါ် လှမ်းနောက်ရင်း တဟေးဟေး တဟားဟားဖြင့် ကေသီတို့ခြံဝင်းတစ်ခုလုံးမှာ ယခုညအဖို့ ပွက်ပွက်ညံနေလျက်ရှိသည်။ ကေသီ့သူငယ်ချင်း အများစုက ကျွန်မတို့ ဒဂုံတက္ကသိုလ်မှ သူငယ်ချင်းများဖြစ်ကြပြီး အခြားသူငယ်ချင်းများမှာ ကျွန်မ တစ်ခါမှမမြင်ဖူးသည့် ကေသီတို့အိမ်အနီး ပတ်ဝန်းကျင်မှ သူငယ်ချင်းများဖြစ်လိမ့်မည်ထင်၏။

ရောင်စုံပန်းမီးဆိုင်းများ ချိတ်ဆွဲထားသော ခြံဝင်းကျယ်ကြီး၏ တစ်ဖက်တွင် အတော်အတန်ကြီးမားသော ကေသီတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးက ခမ်းနားလျက်ရှိနေပြီး ထိုအိမ်ကြီးအတွင်းတွင်လည်း ကျွန်မတို့ကျောင်းမှ ယောကျ်ားလေး၊ မိန်းကလေး သူငယ်ချင်းများမှာ လက်ခုပ်လက်ဝါးတီးကာ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ် နောက်ပြောင်လျက်ရှိနေကြသည်။

ကျွန်မစိတ်ထဲတွင် အကုလို သူငယ်ချင်းကေသီ၏ မွေးနေ့ပွဲသို့ လိုက်ပါမလာနိုင်သော သီတာအေးကို သတိရနေကာ အလိုလို စိတ်မကောင်းဖြစ်နေမိသည်။

"ဟဲ့ ... ဝတ်မှုန်၊ ဟိုမှာ သုတမဟုတ်လား"

ကျွန်မက ဇင်မီ လက်ညှိုးလှမ်းထိုးပြနေသော ခြံဝင်းတံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်၏။

ကျွန်မလှမ်းပြီးမြင်နေရသော သုတမှာ ခြံအပေါက်ဝတွင် ချက်ချင်းဝင်မလာသေးဘဲ သူ့နောက်မှ တစ်စုံတစ်ယောက်ကို စကားလှမ်းပြောနေသည်ကို တွေ့ရသည်။ သူစကားလှမ်းပြောနေသောသူကို ခြံဝင်းတံခါးမှ အုတ်ရိုးတိုင်ကြီးက ကွယ်နေသဖြင့် ကျွန်မနေရာကနေ မမြင်ရပေ။

သုတက အပေါ်အင်္ကျီအဖြူနှင့် ဘောင်းဘီအဖြူကို ညနှင့် လိုက်ဖက်ညီစွာ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထား၏။ ဆံပင်ကို ပိရိနေအောင် အပေါ်သို့လှန်ဖြီးထားသဖြင့် သူ့မျက်ခုံးမွေးများက ပိုမိုနက်မှောင်နေသည် ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ဝတ်မှုန်၊ သုတက အခုလိုဝတ်စားထား
တော့လည်း ကြည့်လို့ကောင်းသားနော်"

ကျွန်မက ဇင်မီ့ကို မျက်စောင်းလှမ်းထိုးရင်း သုတနောက်မှ မလှမ်းမကမ်းတွင် ကပ်ပါလာသော ဆံပင်တိုတိုနှင့် မိန်းကလေး တစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။

ကျွန်မမျက်လုံးများက စူးရှသောမီးလုံးများကြောင့် ထိုမိန်း ကလေးကို သဲသဲကွဲကွဲမမြင်ရချေ။ ကျွန်မတို့ကြည့်နေစဉ်မှာပင် သုတက အိမ်ကြီး၏ ရှေ့မျက်နှာစာ ပန်းရုံဘေး လမ်းကလေး အတိုင်း လျှောက်လာနေသည်ကို လှမ်းတွေ့ရသည်။

"ဟဲ့ ဝတ်မှုန်၊ နင့်ကို သုတ မတွေ့ဘူးနဲ့ တူ
တယ်ဟ၊ ဟဲ့ . . . နောက်ပြီး သူ့နောက်မှာပါလာတဲ့
တစ်ယောက်က ဘယ်သူလဲ"

"ဟေး ဇင်မီ၊ ငါလည်း သူ့ကိုကြည့်နေတာ၊
သူ့ပုံစံက ငါတို့သူငယ်ချင်းတွေထဲကတော့ မဟုတ်
နိုင်ဘူး"

တဖြည်းဖြည်း ကျွန်မမြင်ကွင်းက ပိုပြီး ပြတ်သားလာ၏။

"ဟင် . . ."

ကျွန်မကော ဇင်မီပါ မျက်လုံးအဝိုင်းသားနှင့် တအံ့တာသြ ဖြစ်သွားမိသည်။

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



သုတနောက်တွင် ကပ်ရက်ပါလာသူမှာ ဖူးပွင့်ဖြစ်နေ၏။ ကျွန်မမျက်လုံးကိုပင် ကျွန်မ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားပြီး ဒေါသစိတ်တွေက ချက်ချင်းဆိုသလို ကျွန်မတစ်ကိုယ်လုံး ပျံ့နှံ့သွားသည်။

ဖူးပွင့်ဆံပင်ပုံစံမှာ ကျွန်မကဲ့သို့ တစ်ပုံစံတည်း လိုက်ညှပ်ထားပြီး သူ့ကိုယ်တွင်ဝတ်စားထားသော ဝတ်စုံတစ်ခုလုံးမှာ လည်း ကျွန်မဝတ်ဆင်ထားသော မရမ်းရင့်ရောင်အပေါ်အောက် တစ်ဆက်တည်းဂါဝန်လို အရောင်ကော အကွက်ချင်းပါ ဆင်တူဖြစ်နေ၏။

"ဝတ်မှုန်၊ နင် ဘယ်အချိန်ကရောက်နေတာလဲ၊ ဩော် . . . နင်တို့အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်က ကေသီ့မွေးနေ့ပွဲမှာ ကျိတ်ပြီး ဆင်တူတွေဝတ်လာကြတာပေါ့လေ"

ရုတ်တရက် ကျွန်မရပ်နေရာဆီသို့ သုတ လျှောက်လာရင်း ဖူးပွင့်ကိုလှည့်ကြည့်လိုက်၊ ကျွန်မကိုပြန်ကြည့်လိုက်ဖြင့် ပြုံးဖြီးဖြီးနှင့် လှမ်းပြောလိုက်၏။ သုတနောက်နားတွင် ကပ်ပြီးလိုက်ပါလာသော ဖူးပွင့်က ကျွန်မကိုမြင်သွားပြီး

"ဟယ် ဝတ်မှုန်၊ နင်နဲ့ ငါက ငယ်ငယ်တုန်းက လို ဘယ်သွားသွား ဆင်တူပဲနော်၊ အခုလည်း ကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ငါဟာ စိတ်ချင်းဆက်နေသလိုပဲ”

ချက်ချင်း ကျွန်မကိုယ်ကျွန်မလည်း ဒေါသထွက်သွားပြီး ဝတ်ထားသော အဝတ်အစားများကို ဆွဲချွတ်ပစ်လိုက်ချင်စိတ်တွေ ပေါ်လာသည်။

ဇင်မီက ဖူးပွင့်ကိုကြည့်လိုက်၊ ကျွန်မကိုကြည့်လိုက်ဖြင့် ဘာမှ နားမလည်တော့သည့် အမူအရာဖြစ်နေသည်။

“မဟုတ်ဘူး မဟုတ်ဘူး၊ ဇင်မီ ... လာလာ၊ တို့ အိမ်ထဲသွားနှင့်ကြမယ်”

ကျွန်မက ဖူးပွင့်ရှိနေသောနေရာတွင်လည်း ကြာကြာရပ်ပြီး မနေချင်တော့။ ဇင်မီ့လက်ကိုဆွဲကာ ကေသီတို့အိမ်အတွင်း လှမ်းဝင်လိုက်သည်။

“ဟဲ့ ... ဝတ်မှုန်၊ ခဏနေဦး”

ကျွန်မနောက်မှ သုတလှမ်းခေါ်နေသံ ကြားသော်လည်း လှမ်းမကြည့်ဖြစ်တော့။

❦ ❦ ❦

ကေသီတို့အိမ်ကြီးအတွင်း ဖူးပွင့်ကို ဟိုနေရာတွေ့လိုက် ဒီနေရာတွေ့လိုက် လှမ်းလှမ်းတွေ့နေရသည်။ ကျွန်မ သူ့ကို လှမ်းကြည့်လိုက်သည့်အခါတိုင်းလည်း အခြားသူငယ်ချင်းများနှင့် အရေးတကြီးကိစ္စ တစ်ခုခုကို ပြောဆိုနေသလို သူ့မျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကျွန်မရှိရာဆီသို့ လှမ်းလှမ်းကြည့်နေသည်။

“ငါတော့ သေသာသေလိုက်ချင်တယ် ဇင်မီရယ်၊ ဟိုကောင်မ ဖူးပွင့်က ငါနဲ့ ဆင်တူတွေလိုက်ဝတ်လာပြီ၊ သူနဲ့ ငါ အချစ်ဆုံးငယ်သူငယ်ချင်းဆိုတာကို လူတွေသိအောင် တမင်လုပ်ပြနေတာလားမသိဘူး”

“ဟုတ်တယ်နော်၊ သူက နင့်ဆံပင်ပုံစံမျိုးတောင် လိုက်ပြီးညှပ်ထားလိုက်သေးတယ်”

ကျွန်မနှင့် ဇင်မီ စကားပြောနေစဉ် ကျွန်မဘေးသို့ သုတ ရောက်လာ၏။

“ဘယ်လိုလဲ ဝတ်မှုန်၊ နင် နေကောင်းသွားပြီလား”

သုတ ကျွန်မဘေးသို့ရောက်လာပြီး မကြာခင် ဇင်မီက အလိုက်တသိ ရှောင်ထွက်သွားကာ အခြားသူငယ်ချင်းများကြားရယ်မောပျော်ရွှင်စွာ တိုးဝင်ပျောက်ကွယ်သွား၏။

“အေး သိပ်အကောင်းကြီးတော့ မဟုတ်သေးပါဘူးဟာ၊ ဒါနဲ့ နေစမ်းပါဦး၊ နင်နဲ့ ဟိုကောင်မက ဘယ်ကဘယ်လိုတွေ့လာကြတာလဲ”

ကျွန်မက စောစောက လှမ်းမြင်လိုက်ရသော မြင်ကွင်းကြောင့် စိတ်ထဲမှ မကျေမနပ်ဖြစ်နေကာ သုတကို လှမ်းမေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"သြော် . . . ဖူးပွင့်က ငါနဲ့ ဒီခြံဝရှေ့ရောက်မှ တွေ့တာဟ၊ နင်ကလည်းဟာ၊ နင်နဲ့ ဖူးပွင့်က ငယ်သူငယ်ချင်းတွေဆို၊ နင့်မျက်နှာက ဘာဖြစ်နေတာလဲ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ သူကသာ ငါ့ကို ငယ်သူငယ်ချင်းလို့ပြောတာ၊ သူ့ကို ငါ ဘယ်လိုမှ မမှတ်မိဘူး၊ နင်လည်း သူ့ကို သိပ်အရောမဝင်နဲ့"

ကေသီတို့တစ်အိမ်လုံး ကျွန်မတို့သူငယ်ချင်းများက အပေါ်ထပ်ရော အောက်ထပ်ပါ ဆူညံပွက်လောရိုက်နေပြီး အပေါ်ထပ်သို့တက်ရာ လှေကားတစ်လျှောက်လုံးတွင်လည်း တက်သူတက် ဆင်းသူဆင်းနှင့် ယောက်ယက်ခတ်နေ၏။

"နင်ကလည်းဟာ ကိုယ့်ကိုခင်လို့ သူငယ်ချင်းတွေပါဆိုပြီး ပြောတာပဲ ဘာမကျေမနပ်ဖြစ်စရာလဲ၊ နင်မမှတ်မိလို့ဖြစ်မှာပေါ့"

"နင်မသိပါဘူးဟာ၊ နင်နဲ့ အိမ်ကမေမေတို့ လေသံက အတူတူပဲ၊ ဖူးပွင့်နဲ့ပတ်သက်လာရင် ငါ့ကိုပဲ မကောင်းပြောချင်ကြတယ်"

ကျွန်မက သုတကို မျက်စောင်းထိုးရင်း လှေကားရှိရာဆီသို့ မျက်နှာလွှဲလိုက်သည်။ အပေါ်ထပ်မှ ကွေ့ဝိုက်ဆင်းလာသော



www.burmeseclassic.com

www.burmeseclassic.com



လှေကားအလယ်လောက်တွင် ဇင်မီကို လှမ်းတွေ့လိုက်ရ၏။ သူ့လက်ထဲတွင်လည်း အချိုပန်းကန်တစ်ချပ်ကို ကိုင်ထားကာ ပါးစပ်မှလည်း ပါးလုတ်ပါးလောင်း စားရင်း တစ်လှမ်းချင်း ဆင်းလာနေ၏။

လှေကားပေါ်တွင် အခြားသူငယ်ချင်းများပါ တက်လိုက်ဆင်းလိုက်ဖြင့် ရှုပ်ထွေးလျက်ရှိနေရာ ဖူးပွင့်ကို ဖျတ်ခနဲတွေ့လိုက်၏။ သူ့မျက်လုံးများက တစ်ခုခုကို အသဲအမဲလိုက်ရှာဖွေနေသည်နှင့်တူ၏။

"ကဲပါ ဝတ်မှုန်ရာ၊ နင်နဲ့ငါနဲ့ တွေ့ရတဲ့အချိန်လေးမှာ ရန်စကားတွေမပြောဘဲ ခဏလေး နေကြရအောင်နော်"

သုတက ပြောပြောဆိုဆို ကျွန်မလက်ချောင်းများကို ဖြစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ နွေးထွေးနေသော သူ့လက်များကြောင့် ကျွန်မရင်တစ်ခုလုံး သိမ့်ခနဲဖြစ်သွားကာ ကျွန်မလက်ချောင်းများမှာ အလိုလို ပျော့ညွတ်ခွေချင်သလို ဖြစ်သွားသည်။

ထိုစဉ် ရုတ်ရုတ်သဲသဲ အော်ဟစ်ဆူညံစွာ လဲပြိုကျသံကြီး တစ်ခုကို ကြားလိုက်ရ၏။

"ဝုန်း... ဒုန်းဒုန်း... ဂွမ်း..."

"အား..."

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော မြည်သံကြီးနှင့်အတူ လေ့ကားပေါ်မှ အရှိန်နှင့် လိမ့်ကျလာသော ဇင်မီ့ကို လှမ်းတွေ့လိုက်ရသည်။ သူကိုင်ထားသော အချိုပန်းကန်ပြားမှာ အခင်းကြမ်းပြင်ပေါ်တွင် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေကုန်၏။

"ဟင် . . . ဇင်မီ လေ့ကားပေါ်က ပြုတ်ကျတာပါ လား"

ကျွန်မက ဆုပ်ကိုင်ထားသော သူတလက်ကို ရုန်းထွက်ကာ လေ့ကားခြေရင်းတွင် ပုံရက်သားဖြစ်နေသော ဇင်မီ့ထံသို့ ပြေး သွားလိုက်၏။

"ဟဲ့ ဇင်မီ ဘာဖြစ်သွားသေးလဲ . . ."

ကျွန်မက ဇင်မီ့ကို ပခုံးမှကိုင်ကာ ဆွဲထူလိုက်၏။ ထိုစဉ် တစ်အိမ်လုံးမှ ရှိသမျှသူငယ်ချင်းများက အနားသို့ရောက်လာ ကြ၏။ ကေသီကလည်း လူအုပ်ထဲမှ အတင်းတိုးဝင်လာကာ ဇင်မီ့ဖြစ်ပုံကို ကြည့်ပြီး အံ့သြနေသည်။

"ငါ . . . ငါ လက်ကျိုးသွားပြီထင်တယ်၊ အရမ်းနာ နေတယ် ဝတ်မှုန် . . ."

ဇင်မီ့အသံက ငိုသံပါနေသည်။

"နင်ကလည်း ဇင်မီရာ . . . ဘယ်လိုဖြစ်ရတာလဲ၊ လေ့ကားက အမြင့်ကြီးလေ၊ သေချာ အောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဆင်းတာမဟုတ်ဘူး”

ကျွန်မက ဘာမသိညာမသိနှင့် ဇင်မီ့ကို ချိုင်းမှဆွဲထူရင်း သူ့ကို အပြစ်ပြောနေမိ၏။

“မဟုတ်ဘူးဟ … ဝတ်မှုန်၊ ငါတွန်းချခံရတာ”

“ဘာ … တွန်းချခံရတာ ဟုတ်လား”

လက်ကဒဏ်ရာကြောင့် ရှုံ့ကာမဲ့ကာ ပြောလိုက်သော ဇင်မီ့ စကားကြောင့် ကျွန်မနလုံးသွေးများ ချက်ချင်းဆူပွက်သွား၏။ ကျွန်မက ဇင်မီ့ချိုင်းကို ဆွဲမ,ထားသည့်လက်ကို လျှော့ယမ်းကာ မေးလိုက်သည်။

“ဘယ်သူလဲ၊ ဘယ်သူတွန်းချလိုက်တာလဲ”

ဇင်မီက ဝိုင်းကြည့်နေသော လူအုပ်ကြား မျက်စိကို ဝေ့ကြည့်ရင်း…

“ဖူးပွင့် …”

ရုတ်တရက် ဇင်မီ့ပါးစပ်မှ ကြားလိုက်ရသော နာမည်ကြောင့် အားလုံး ကြက်သေသေကာ ငေးကြောင် ကြည့်နေကြသည်။ စောစောက ဒီနားတွင်တွေ့လိုက်ရသော ဖူးပွင့်မျက်နှာ အခု အရိပ်အယောင်ပင် တစ်စက်ကလေးမျှမတွေ့ရတော့ချေ။

■

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၄ )

ကေသီ့မွေးနေ့ပွဲပြီး၍ လေးငါးရက်ခန့်တွင် ဇင်မီ့လက်မှာ တော်တော်လေး သက်သာလာ၏။ သို့သော် ပတ်တီးကတော့ မပြည်ရသေးချေ။ ထိုရက်များအတွင်း ဖူးပွင့်ကို ကျောင်းတွင်လည်း မတွေ့ရ၊ သူတို့နေထိုင်ကြသည့် တစ်ဖက်ခြံမှ အိမ်အိုကြီးအတွင်း လှမ်းလှမ်းကြည့်သော်လည်း အရိပ်အယောင်မျှ မမြင်ရချေ။ ကျွန်မက ထိုအိမ်အိုကြီးအတွင်းသို့ စိတ်လိုက်မာန်ပါ ဝင်တွေ့ပစ်လိုက်ချင်၏။ သူဘယ်သူလဲ၊ ဘာကြောင့် ကျွန်မနှင့် ပတ်သက်နေကြသည့် သူငယ်ချင်းများကို ဒုက္ခပေးနေတာလဲ ဆိုသည့် ပြတ်ပြတ်သားသား မေးခွန်းတစ်ခုခုတော့ ကျွန်မ မေးသင့်နေပြီဖြစ်၏။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအိမ်အိုကြီးအတွင်းသို့ နောက်ထပ်တစ်ကြိမ် ဝင်ရန်မှာ ကျွန်မစိတ်တွေ မဝံ့မရဲဖြစ်နေမိ၏။

ကျွန်မတို့အိမ်မှ သူတို့နေထိုင်ရာ တစ်ဖက်ခြံသို့ လှမ်းမြင်ရသည့်နေရာကိုလည်း အမြဲလိုလို စောင့်စောင့်ကြည့်နေမိသည်။ သို့သော် ဖူးပွင့်ကတော့ ထူးထူးဆန်းဆန်းပင် ပုန်းအောင်းပျောက်ကွက်နေတော့သည်။

ထိုနေ့က ဇင်မီလိုက်မရေးနိုင်သည့် စာများကို ကျွန်မကူရေးပြီး ဇင်မီ့ထံသို့ သွားပြန်ပို့ရာ လမ်းတွင် ကျွန်မတို့ ရန်ကင်း အထက (၂)မှ ဆရာမ ဒေါ်ခင်ခင်ကြူနှင့် အမှတ်မထင်ဆုံလိုက် မိသည်။

"ဟင် ... ဆရာမ ... မင်္ဂလာပါ"

ကျွန်မက ဆရာမကို တရိုတသေ လှမ်းနှုတ်ဆက်လိုက်၏။ ဆရာမ ဒေါ်ခင်ခင်ကြူမှာ ဆံပင်များ အနည်းငယ်ဖြူသွားသော်လည်း ကိုယ်လုံးကိုယ်ပေါက်နှင့် မျက်နှာအမူအရာကတော့ အရင်အတိုင်းပင်ဖြစ်၏။

ဆရာမက ကျွန်မကို မျက်မှောင်တစ်ချက်ကုတ်ကြည့်ပြီး

"ဟယ် ... ဝတ်မှုန်၊ သမီး ... "

ဆရာမဒေါ်ခင်ခင်ကြူက ကျွန်မကိုမြင်မြင်ချင်း အံ့အားသင့်သွားသည့်အမူအရာဖြင့် ကျွန်မပခုံးစွန်းကို လှမ်းပုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ကြည့်စမ်းပါဦး . . . ဝတ်မှုန် . . . အခု ဘယ်နှစ်တန်းတွေ ရောက်နေပြီလဲ၊ သမီးမျက်နှာလေး ကတော့ ငယ်ငယ်တုန်းကအတိုင်းပဲ ဘာမှမပြောင်း လဲဘူး"

"သမီး ဒဂုံ တက္ကသိုလ်မှာ တတိယနှစ် ရူပဗေဒ တက်နေတယ် ဆရာမ၊ ဒီရပ်ကွက်ထဲက ဇင်မီလေ . . . သူက သမီးနဲ့ တစ်မေဂျာတည်းပဲ၊ အခု သူ့အိမ်သွား ပြီး စာအုပ်သွားပေးမလို့"

"သြော် . . . တီချယ် မှတ်မိပြီ၊ ငယ်ငယ်တုန်းက အတန်းထဲမှာ သမီးတို့နှစ်ယောက်က ဖူးပွင့်ကို သွား ခေါ်မလို့ စ,ကြလို့တောင် တီချယ် ဆူရသေးတယ်။ သြော် . . . ဒါနဲ့ အခု အဲဒီ သမီးတို့ စ,နေတဲ့ကောင်မ လေးက တော်တော်နေမကောင်းဖြစ်နေတယ်၊ ဆေးရုံ ကတောင် အိမ်ပြန်သယ်လာရပြီ"

ရုတ်တရက် ဆရာမပြောလိုက်သည့် ဖူးပွင့်ဆိုသည့်နာမည် ကြောင့် ကျွန်မ ဇဝေဇဝါဖြစ်သွား၏။

"ဟင် . . . ဖူးပွင့်၊ ငါတို့ငယ်ငယ်က သွားခေါ်မလို့ ခေါ်နေတာ ဖူးပွင့်ကို၊ အင်း . . . ဟုတ်တယ်၊ ဖူးပွင့် ငါမှတ်မိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး သူတို့အိမ်ကို သတင်းသွားမေးချင်လိုက်
တာ ဆရာမ"

ငယ်ငယ်က ကျွန်မနှင့် ဇင်မီ အမြဲတမ်း အနိုင်ကျင့်နေသည့် သွားခေါမကိုပြန်တွေးရင်းနှင့်သနားသွားမိ၏။

"အေး ... ဒါဆို ညနေ ဆရာမအိမ်ကို လာခဲ့လေ၊
ဆရာမလည်း သူတို့အိမ်ကို သတင်းသွားမေးမလို့"

ဆရာမက ပြောပြောဆိုဆို ကျွန်မကိုနှုတ်ဆက်ပြီး ခြင်းတောင်းလေးဆွဲကာ ဆက်လျှောက်သွားသည်။ ကျွန်မကတော့ ထိုနေရာတွင်မှာပင် မှင်တက်ငေးမောရင်း သွားခေါမ ဖူးပွင့်ကို ကျွန်မတို့ငယ်ငယ်က အမြဲတမ်း အနိုင်ကျင့်ဆက်ဆံခဲ့သည်များကို ပြန်လည်မြင်ယောင်နေမိသည်။

"အင်း ... ဒါဆိုရင် ဟို ဖူးပွင့်ကရော ဘယ်သူလဲ၊
ငါ့မှာ ငယ်ငယ်တုန်းကသူငယ်ချင်းတွေထဲမှာ ဖူးပွင့်
ဆိုတာ ဘယ်နှစ်ယောက်တောင်ရှိနေသလဲ၊ ဒီအကြောင်း
တွေ ဇင်မီသိရင် အံ့ဩမှာပဲ"

ကျွန်မ တွေးရင်းနှင့် ဇင်မီတို့အိမ်ဆီသို့ ဆက်လျှောက်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇင်မီက ကျွန်မပြောပြသည်များကို တအံ့တသြဖြစ်နေပြီး သွားခေါမ ဖူးပွင့်အပေါ် တစ်ချိန်က ဆိုးခဲ့ အနိုင်ကျင့်ခဲ့ပုံများကို ပြန်သနားနေပုံရသည်။

"ဟဲ့ . . . ဝတ်မှုန်၊ တို့တွေ အဲဒီတုန်းက သွားခေါမရဲ့ခေါင်းကို ပီကေတွေနဲ့ ကပ်လိုက်တာလေ၊ နောက်တစ်နေ့ ကျောင်းလာတော့ သူ ခေါင်းတုံးကြီးတုံးလာတာ မှတ်မိလား"

"ဟေး . . . မှတ်မိတယ်၊ နောက်ပြီး နင်က ခဲတံချွန်စက်ရဲ့အပေါက်ထဲကို လေနဲ့မှုတ်ရင် ချွန်စက်ရဲ့ဓားက တုံးတယ်ဆိုလို့ သူ့ကွန်ပါဘူးထဲက ချွန်စက်ကိုထုတ်ပြီး လေတွေ တဖူးဖူးနဲ့မှုတ်တာလေ"

"ဟား . . . ဟား . . . ဟား . . . အဲဒီတုန်းက ငါတို့တွေ သူ့ကို တော်တော်လေး နှိပ်စက်ခဲ့ကြတာနော်၊ အေးလေ . . . အခု သူ သနားပါတယ်"

ကျွန်မနှင့် ဇင်မီ စကားခဏပြတ်သွားပြီး အတွေးကိုယ်စီနှင့် ငေးမောနေမိကြသည်။

"ဟဲ့ ဝတ်မှုန်၊ နင် ဟိုငတိမ ဖူးပွင့်နဲ့ကော တွေ့သေးလား"

"နင်ဖြစ်ပြီးကတည်းက သူ့ကို ငါ မတွေ့ရတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟ၊ ငါတို့အိမ်နောက်ဖေး မီးဖိုချောင်ကနေ လှမ်းကြည့်ရင် သူတို့အိမ်နောက်က မီးဖိုခန်းကိုလည်း လှမ်းမြင်ရတယ်။ ဒါပေမဲ့ ငါကြည့်လိုက်တိုင်းမှာ သူတို့အိမ်ကြီးက အမြဲတမ်း မည်းမှောင်နေတာပဲ တွေ့ရတယ်ဟ"

ဇင်မီနှင့် ကျွန်မ စကားတပြောပြောနှင့် အချိန်က ကုန်မှန်းမသိ ကုန်လွန်လာခဲ့သည်။ ကျွန်မက အိမ်ကိုဖုန်းဆက်ပြီး ဇင်မီနှင့်အတူ သူငယ်ချင်းတစ်ယောက်အိမ်သို့ သွားမည့်အကြောင်း ပြောလိုက်၏။ ထို့နောက် ဆရာမအိမ်ရှိရာသို့ ကျွန်မတို့ စကားတပြောပြောနှင့် ထွက်လာခဲ့ကြသည်။

ဖူးပွင့်တို့အိမ်မှာ ကံဘဲ့ဘူတာရုံလမ်းပေါ်မှ ကွေ့ကောက်သော လမ်းကြားတစ်ခုသို့ ဝင်သွားရပြီး ထိုလမ်းကြားထဲတွင်လည်း တစ်အိမ်နှင့်တစ်အိမ်မှာ ခေါင်မိုးချင်းထိကပ်နေ၏။ ကျွန်မတို့နှစ်ယောက်နှင့် ဆရာမဒေါ်ခင်ခင်ကြူမှာ ရေဗွက်ရေအိုင်တို့ကို ရှောင်ရင်း မနည်းလျှောက်နေရသည်။ တစ်ခါတစ်ရံ ဖိနပ်က ချော်မထွက်သွားရန်လည်း လမ်းဘေးမှ ခြံစည်းရိုးတိုင်များကို လှမ်းလှမ်းဆွဲထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှဆရာက ဘယ် ညာ လမ်းကလေးတွေတိုင်း ကျွန်မတို့နှစ်ယောက် လိုက်တွေ့ကာ စိတ်ကလည်း ဖူးပွင့်တို့အိမ်က ရောက်နိုင်ခဲလှသည်ဟု ထင်နေကြသည်။

မကြာမီ ထိုရပ်ကွက်အတွင်း အတန်အသင့် ကြီးမားသော သွပ်မိုး ပျဉ်ကာထားသော အိမ်ရှေ့သို့ ကျွန်မတို့ရောက်သွားကာ အိမ်အတွင်းမှ ဆရာမနာမည်ကိုခေါ်ကာ လှမ်းပြီး ဆီးကြိုသံကို ကြားလိုက်ရသည်။

"လာပါ လာပါ ဆရာမ ဒေါ်ခင်ခင်ကြူ၊ သြော် . . . ကလေးနှစ်ယောက်လည်း ပါတာကိုး၊ လာကြပါ အိမ်ပေါ်တက်ကြပါ"

ကျွန်မတို့နှစ်ယောက်က ဆရာမနောက်မှ အိမ်ပေါ်သို့ လိုက်တက်သွားကြသည်။ ကျွန်မနှင့် ဇင်မီကတော့ စပ်စုသလို တစ်အိမ်လုံး အငုံ့လိုက်ကြည့်နေမိ၏။ သွားခေါ်မ ဖူးပွင့်တို့အိမ်သားများက ကျွန်မတို့ကို ဖျာခင်းပေးရင်း သူတို့၏မျက်နှာများမှာလည်း အနည်းငယ် ညှိုးနွမ်းနေသည့်ပုံပေါက်နေသည်။

"ကျွန်မတို့တော့ အစွမ်းကုန်ကုတာပဲ ဆရာမရယ်၊ ဆရာမတပည့်ရဲ့ကံပဲပေါ့လေ"

ပြောပြောဆိုဆို ဖူးပွင့်တို့အမေဟု ထင်ရသော မိန်းမကြီးက ငိုသံပါပါဖြင့် ဆရာမကို လှမ်းပြောလိုက်သည်။ ကျွန်မနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဇင်မီတို့မှာလည်း ရင်ထဲတွင် ဆို့ဆို့နင့်နင့်ခံစားနေရ၏။

“ဒါပေ့ါလေ၊ အခု ဖူးပွင့်က အခန်းထဲမှာပဲ လား၊ ဒီကလေးနှစ်ယောက် ဖူးပွင့်ရဲ့ငယ်သူငယ်ချင်း တွေလေ၊ သူတို့နဲ့က ဟိုးငယ်ငယ်တည်းက ကျောင်း မှာ တစ်ခန်းတည်းသားတွေပေ့ါ”

ထိုမိန်းမကြီးက ‘သြော် ...’ ဟုဆိုကာ ကျွန်မတို့နှစ်ယောက် ကိုကြည့်ရင်း မျက်ရည်များပင် ဝဲနေသည်။

“လာပါ ဆရာမ၊ အခုအချိန်အထိ ဂလူးကို့စ်တို့ အကြောဆေးတို့က သွင်းနေရတုန်းပဲလေ၊ ဘာမှ မထူး ခြားလာသေးပါဘူး”

ပြောပြောဆိုဆို ထိုမိန်းမကြီးက ကျွန်မတို့ကို ဖူးပွင့်ရှိရာ အခန်းအတွင်းသို့ ခေါ်သွား၏။

“ဟင် ...”

ကျွန်မနှင့် ဇင်မီမှာ ခုတင်ပေါ်တွင် နှာခေါင်းမှ ပိုက်များ တန်းလန်းဖြင့် တွေ့လိုက်ရသော ဖူးပွင့်ကိုကြည့်ကာ တအံ့တသြ ဖြစ်မိသွားကြသည်။ ဖူးပွင့်မျက်နှာကတော့ ငယ်ငယ်တုန်းက အတိုင်းပင် ဘာမှမပြောင်းလဲသေးသော်လည်း သွားလေးကတော့ ပိုပြီး ရှေ့သို့ ငေါ်ထွက်လာသည် ထင်ရသည်။ သူ့မျက်လုံးများ ကတော့ မှိတ်လျက်ပင်။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမရယ် . . . စဖြစ်ကတည်းက အခုအချိန်အထိဆိုရင် နှစ်လကျော်သွားပြီ၊ တစ်ချက်ကလေးမှ သတိမရတော့ဘူး၊ ဆေးရုံမှာ နှစ်ပတ် သုံးပတ်လောက်ကြာတယ်။ ဆရာဝန်ကြီးတွေကတော့ သူ့ရောဂါက ကိုးမား (coma)လို့ ပြောတယ်။ သတိမေ့မျောနေတာတဲ့"

ထိုမိန်းမကြီး၏အသံက တိမ်ဝင်ပျောက်ကွယ်လုနီးပါး ဖြစ်သွား၏။ ဘယ်တော့မှ ပြန်ပြီး အကောင်းအတိုင်း ဖြစ်မလာတော့သည့် သူ့သမီးဖူးပွင့်၏ အဖြစ်ကိုတွေးရင်း ကြေကွဲနေသည့်ပုံက ကျွန်မတို့ရင်ထဲတွင် ဘယ်လိုမှ မကောင်းနိုင်အောင် ဖြစ်နေရသည်။

"သိပ်လည်း စိတ်မကောင်းမဖြစ်ပါနဲ့ရှင်၊ ကံကြမ္မာဆိုတာ မမြင်သာပါဘူး၊ ကိုယ့်ကျန်းမာရေးလည်း ကိုယ် ဂရုစိုက်ပါဦး"

ဆရာမက ထိုမိန်းမကြီးကို နှစ်သိမ့်စကားပြန်ပြောနေ၏။ ကျွန်မတို့နှစ်ယောက်ကတော့ ဖူးပွင့် ယခုလိုဖြစ်သည့်ရောဂါအကြောင်း အခုမှပင် ကြားဖူးပြီး ဖူးပွင့်မျက်နှာကိုကြည့်ကာ တသသ ကြေကွဲမဆုံးဖြစ်နေရသည်။

"ဒီကလေးနှစ်ယောက်က ဖူးပွင့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်နဲ့ ဇင်မီတဲ့၊ အဲဒါ သူတို့သူငယ်ချင်းကို လိုက်
ကြည့်ပြီး သတင်းမေးချင်ကြတယ်ဆိုလို့လေ”

“ဟင် … သမီးနာမည်က ဝတ်မှုန်လား … ”

ထိုမိန်းမကြီးက ကျွန်မမျက်နှာကိုကြည့်ကာ ဝမ်းသာသလို ဝမ်းနည်းသလိုဖြစ်သွားပြီး ဆက်၍ …

“အမလေး သမီးလေးရယ်၊ သမီးကို သမီး
သူငယ်ချင်း ဖူးပွင့်က သိပ်ချစ်တာ၊ အိမ်မှာ ကျောင်း
က ပြန်လာတာနဲ့ သမီးအကြောင်းကို အမြဲပြောပြော
နေတာ၊ နောက်ပြီး ဟိုမှာ သူ့ခုတင်ဘေးမှာချိတ်
ထားတဲ့ အရုပ်မနှစ်ရုပ်ကို သမီးနဲ့ ဝတ်မှုန်ဆိုပြီး
ငယ်ငယ်ကတည်းက အမြဲပြောပြောနေတာ၊ အဲဒီ
အရုပ်ရဲ့အင်္ကျီလေးတွေမှာတောင် နာမည်ထိုးထားသေး
တယ်”

ကျွန်မက ထိုမိန်းမကြီး လက်ညှိုးထိုးပြသော နံရံကို လှမ်းကြည့်လိုက်ရာ ကော်ပတ်ရုပ်နှစ်ရုပ်ကို ယှဉ်ရက်သား ချိတ်ထားသည်ကို တွေ့လိုက်ရ၏။ ကျွန်မစိတ်တွေ ဘယ်လိုမှ ထိန်းမရတော့။ ဇင်မီ့ပခုံးစွန်းကိုမှီကာ မျက်ရည်များကျနေမိသည်။ ဇင်မီကလည်း ကျွန်မနှင့်အတူ ငိုရှိုက်နေတော့သည်။

ဖူးပွင့်၏မိခင်ဖြစ်သူက …

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



"သမီးကလေ အသက်ကြီးလာတဲ့အထိ ကလေး စိတ်က မပျောက်ဘူး၊ အဲဒီအရုပ်နှစ်ရုပ်ကို အင်္ကျီချင်း အပြန်အလှန်လဲဝတ်ပေးလိုက်၊ အရုပ်ကိုကြည့်ပြီး စကားတတွတ်တွတ်ပြောလိုက်နဲ့ စိတ်ကူးတွေယဉ် နေတာပဲ။

ငယ်ငယ်လေးကတည်းက ကျန်းမာရေးမကောင်း လို့ကျောင်းထွက်လိုက်ရတော့ တခြားအပေါင်းအသင်း လည်း မရှိဘူးလေ။ သူ့ဘာဝကိုသူ စိတ်ကူးထဲမှာပဲ ပျော်အောင်နေနေရတာပေါ့။ သူ့စိတ်ကူးထဲမှာ ဟောဒီ သမီးဝတ်မှုန်ကိုတော့ အစွဲလန်းဆုံးထင်ပါရဲ့ကွယ်"

"ဟင် . . . ဖူးပွင့်ရယ်၊ နင့်ကို ငယ်ငယ်က အနိုင် ယူမိတဲ့ ငါတို့နှစ်ယောက်ကို ခွင့်လွှတ်ပါဟာ"

ကျွန်မစိတ်တဲမှ ကျိတ်ကာ ဖူးပွင့်မျက်နှာကိုကြည့်ရင်း အကြိမ်ကြိမ်တောင်းပန်နေမိသည်။

"အခု ဖူးပွင့် ဒီလိုဖြစ်နေတာ နှစ်လတောင်ကျော် သွားပြီဆိုတော့ ဆေးသွင်းတာတို့၊ အစာသွင်းတာတို့ ကို ဘယ်လိုလုပ်သလဲ"

ဆရာမ ဒေါ်ခင်ခင်ကြူက စိတ်မကောင်းဖြစ်နေကြပြီး တရှုံ့ရှုံ့ငိုနေကြသည့် ကျွန်မတို့နှစ်ယောက်ကိုကြည့်ကာ စကား



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းပြောင်းပြီး မိန်းမကြီးကိုမေးနေ၏။

"ဆေးရုံက နပ်စ်တစ်ယောက်တော့ ငှားထား
တယ် ဆရာမ"

"အင်းလေ၊ ဖူးပွင့်တစ်ယောက် မြန်မြန်ပြန်
ကောင်းလာပါစေလို့ ဆုတောင်းပါတယ်"

ဆရာမအသံက အတင်းထိန်းချုပ်ထားရသော်လည်း တုန်ရင်နေသည်။

ကျွန်မတို့ ပြန်ရာလမ်းတစ်လျှောက်လုံး ဖူးပွင့်မျက်နှာက ကျွန်မတို့အာရုံထဲတွင် ကပ်ညိပြီး လိုက်ပါလာသည်။ ကျွန်မတို့ အချင်းချင်းလည်း ဘာစကားမျှမပြောဖြစ်ကြဘဲ အတွေးကိုယ်စီနှင့် ရှိနေကြသည်။

"တကယ်ဆိုရင် ဖူးပွင့်ရယ်၊ နင့်အဖြစ်က ရှင်
လျက်နဲ့ အသက်မဲ့နေရတာပါပဲလား၊ တစ်ချိန်က
နင့်အပေါ် အနိုင်ကျင့်ခဲ့ ဆိုးခဲ့တာကိုတောင် နင်က
မမုန်းနိုင်ဘဲ ငါ့ကို ဘာကြောင့်တွယ်တာနေရတာလဲ"

အပြန်လမ်းတစ်လျှောက် ဝေဝါးနေသော ကျွန်မမျက်လုံးများက လမ်းကျဉ်းကလေးအတွင်းမှ ရွှံ့ဗွက်များ ရေအိုင်များကို မမြင်ရတော့ချေ။

■

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၅ )

အိမ်နောက်ဘက် ဘေစဥ်တွင် ကျွန်မ ပန်းကန်တွေဆေးရင်း တစ်ဖက်က အိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်၏။ ကျွန်မမြင်နေရသော နောက်ဖေးမီးဖိုခန်းအတွင်း အသားလှီးဓားတစ်ချောင်းကိုကိုင်ကာ တစ်ခုခုကိုလှီးဖြတ်နေသည့် ဖူးပွင့်ကို ရိပ်ခနဲ လှမ်းတွေ့လိုက်ရသည်။

ကျွန်မရင်ထဲတွင် ဒေါသဖြင့် ဆစ်ခနဲ နာကျင်သွားသည်။

ဒင်းက ဘာဖြစ်လို့ လိမ်ညာဟန်ဆောင်ပြီး ငါ့ကို ဒုက္ခပေးချင်ရတာလဲ။

တကယ့် ဖူးပွင့်အစစ်က အိပ်ရာထဲမှာ သတိလစ်မေ့မျောနေတာ နှစ်လရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒင်းက ဒါကို အခွင့်ကောင်းယူပြီး သူ့ကိုယ်သူ ဖူးပွင့် အယောင်ဆောင်နေတာ...။

ပြီးခဲ့တဲ့ရက်တွေက သူဘယ်ရောက်နေတာလဲ၊ အခုလည်း ဓားတစ်ချောင်းနဲ့ဘာတွေကိုလှီးဖြတ်နေတာလဲမသိဘူး။

ကျွန်မ သူ့ကိုကြည့်နေစဉ်မှာပင် သူ့ဘေးသို့ရောက်လာသော အင်္ကျီအဖြူနှင့် ယောကျ်ားတစ်ယောက်ကိုပါ လှမ်းတွေ့လိုက်ရသည်။ ကျွန်မရပ်နေသည့်နေရာမှ ထိုလူ၏မျက်နှာကို သဲသဲကွဲကွဲမမြင်ရဘဲ သစ်ကိုင်းတစ်ခုက ကွယ်နေသည်။

ကျွန်မက ဆေးလက်စပန်းကန်ကို စင်ပေါ်လှမ်းတင်ရင်း နောက်တစ်ခါပြန်လှည့်ကြည့်လိုက်သည်။ စောစောက အင်္ကျီအဖြူနှင့်လူ၏မျက်နှာကို ထင်ထင်ရှားရှားတွေ့လိုက်ရ၏။

"ဟင်... သုတ"

ကျွန်မ ပါးစပ်မှ ယောင်ယမ်းပြီး လွတ်ခနဲပင် အသံထွက်သွားမိသည်။

"သူ ဖူးပွင့်အိမ်ကို ဘာလာလုပ်တာလဲ၊ ဒီကလိန်မနဲ့သုနဲ့က ဘာလဲ"

ကြည့်နေရင်းနှင့် ကျွန်မအသားတွေ တဆတ်ဆတ်တုန်လာ၏။ ရင်တစ်ခုလုံး တလှပ်လှပ်ဖြစ်လာကာ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး အကြီးအကျယ် ဒေါသထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



မိ၏။ ချက်ချင်းပင် သူတို့ထံသို့သွားရန် ကျွန်မ ဆုံးဖြတ်လိုက်ပြီး မီးဖိုခန်းမှ လှည့်ထွက်လိုက်သည်။

အိမ်ရှေ့ဧည့်ခန်းနားအရောက်တွင် တယ်လီဖုန်းမြည်သံကို အဆက်မပြတ် ကြားလိုက်ရ၏။ ကျွန်မခြေလှမ်းတွေက အိမ်အပေါက်ဝနားသို့ရောက်ပြီးမှ နောက်သို့ပြန်လှည့်လာကာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟယ်လို..။

"ဟဲ့ . . . ဝတ်မှုန်၊ ငါပါ၊ စွယ်စုံစိုးပါ၊ နင့်ကို ဖူးပွင့်နဲ့ပတ်သက်တာ ငါပြောစရာရှိတယ်၊ နင် နားထောင်"

အခုအချိန်တွင် စွယ်စုံစိုးပြောမည့်စကားကို နားထောင်ရဖို့ အချိန်မရှိ။ ကျွန်မ သုတနှင့် ဖူးပွင့်ကို ချက်ချင်းအမြန်သွားတွေ့မှ ဖြစ်မည်။

"နင်ပြောစရာရှိရင် နောက်မှပြော၊ ငါ အခု မအားသေးဘူး"

စွယ်စုံစိုးကို ကျွန်မ ပြန်ပြောပြီးပြီးချင်း ဖုန်းကို ဖုန်းခွက်ပေါ်သို့ ပစ်တင်လိုက်ကာ တစ်ဖက်ခြံသို့ ခပ်သုတ်သုတ်လျှောက်လာရင်း ကျွန်မရင်ထဲတွင်လည်း ဗလောင်ဆူနေ၏။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကြီးအတွင်းသို့ အရင်တစ်ခါရောက်လာခဲ့သကဲ့သို့ တုံ့တုံ့ဆိုင်းဆိုင်းမဟုတ်ဘဲ ယခုတစ်ကြိမ်တွင်မူ ကျွန်မ၏ခြေလှမ်းများက ဘာကိုမှ တွန့်ဆုတ်မနေတော့။

ကျွန်မမျက်လုံးထဲတွင် ဘာကိုမှမမြင်တော့။ သူတို့ရှိသည့်နေရာသို့သာ အမြန်ရောက်သွားချင်သည့်စိတ်က များနေသည်။

တစ်ခဏအတွင်း သူတို့အိမ်ရှေ့ဧည့်ခန်းအတွင်းသို့ပင် ကျွန်မ ဘယ်လိုရောက်လာလိုက်မှန်းမသိ။ မျက်လုံးများက ပြာဝေနေသည်။ အိမ်နောက်ဖေးမီးဖိုခန်းမှ ပလုံးပထွေးပြောသံတွေကို မသဲမကွဲနှင့် ကြားနေရသည်။

ကျွန်မက ခြေသံလုံအောင် ဖွဖွနင်းရင်း ပိတ်ထားသော မီးဖိုခန်းမှ တံခါးဝနားသို့သွားကာ ကပ်ပြီး နားထောင်လိုက်၏။ အခန်းအတွင်း တတောက်တောက်နှင့် တစ်ခုခုကိုလှီးနေသည့် အသံကတော့ ပျောက်မသွား။

"ဟဲ့ . . . ဖူးပွင့်၊ နင် ငါ့ကို ဝတ်မှုန်နဲ့ ချိန်းပေးမယ် ဆိုတာ ဘယ်တော့လဲ၊ သူ့ကိုခေါ်လိုက်တော့လေ"

ကျွန်မကြားလိုက်ရသောအသံမှာ သုတအသံစစ်စစ်ဖြစ်၏။

"လက်စသတ်တော့ ဒီကလိန်မ ဖူးပွင့်က သုတကို ငါနဲ့မှားပြီး ဒီကိုခေါ်လာတာကိုး"

ကျွန်မက တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်ဖို့ဟန်ပြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဆက်ပြီးကြားနေရသော အသံများကြောင့် ပြန်ပြီး နားစွင့်နေလိုက်မိသည်။

"ဟင် . . . ဖူးပွင့် နင့်ရင်ဘတ်မှာ ချိတ်ထားတဲ့ ဘောပင်လေးက ငါ ဝတ်မှုန်ကို မွေးနေ့လက်ဆောင် ပေးထားတဲ့ ဘောပင်လေးမဟုတ်လား၊ နင် ဘယ်က ရတာလဲ"

ကြားလိုက်ရသည့်အသံကြောင့် ကျွန်မတစ်ကိုယ်လုံးမှ သွေးတို့က နားထင်ရင်းတွင် တဒိတ်ဒိတ် တိုးဆောင့်သွားပြီး မျက်စိများပင် ပြူးကျယ်သွားမိသည်။

"ဟို . . . ဝတ်မှုန် ဟိုဘက်ခြံကနေ လွှင့်ပစ်လိုက်တာတွေ့လို့ ငါသွားကောက်ပြီး သိမ်းထားတာဟ"

ကျွန်မတစ်ကိုယ်လုံး ရှိသမျှဒေါသတွေက ဗုံးတစ်လုံးလို ပေါက်ကွဲလွင့်စင်သွားပြီး အခန်းတံခါးကို ဆောင့်တွန်းဖွင့်ကာ မီးဖိုခန်းအတွင်းသို့ဝင်လိုက်၏။

"ဟဲ့ ဖူးပွင့်၊ ကလိန်မ၊ နင်ဘာတွေ မဟုတ်က ဟုတ်က ပြောနေတာလဲ"

ရုတ်တရက် အခန်းအတွင်းသို့ ကျယ်လောင်သောဒေါသနှင့်အတူ ဝုန်းဒိုင်းကျဲ ပြီးဝင်လာသည့် ကျွန်မအား ဖူးပွင့်နှင့် သုတတို့က ပါးစပ်အဟောင်းသားဖြင့် အံ့သြငေးကြောင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။

ကျွန်မမျက်လုံးများက မီးဝင်းဝင်းတောက်နေပြီး ဖူးပွင့်ရင်ဘတ်တွင် ချိတ်ဆွဲထားသော ရွှေရောင်ဘောပင်လေးကို လှမ်းပြီးဆွဲလိုက်၏။

"နင် ငါ့ဆီက ခိုးသွားတဲ့ဘောပင် အခုပြန်ပေး"

ကျွန်မက ရှေ့သို့ တစ်လှမ်းနှစ်လှမ်းတိုးက ဖူးပွင့်ရင်ဘတ်ကို လှမ်းဆွဲလိုက်သော်လည်း ဖူးပွင့်က ကိုယ်ကိုနောက်သို့လှန်ကာ ရှောင်လိုက်သည်။

"ဟဲ့ ဟဲ့ အရမ်းမလုပ်နဲ့ ဝတ်မှုန်. . . နေဦး"

သုတက ကျွန်မတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်တွန်းထိုးနေကြသည်ကို ဝင်တားနေ၏။

ဖူးပွင့်က နံရံထောင့်သို့ နောက်ဆုတ်နောက်ဆုတ်ဖြင့် ကျောကပ်ပြီး ရပ်တန့်သွား၏။ သူ့လက်တစ်ဖက်မှ ကိုင်ထားသည့် အသားလှီးဓားကလည်း တဝင်းဝင်းတလက်လက်ဖြင့် တုန်ရင်နေသည်။

ကျွန်မက ရှေ့သို့ တိုးပြီး ဖူးပွင့်ရင်ဘတ်မှ ဘောပင်ကို လှမ်းဆွဲလိုက်သော်လည်း သုတက ကြားကခံနေသဖြင့် မမိလိုက်ပေ။

"ဒီဘောပင်နဲ့ ငါ့စာအုပ်ထဲမှာ ပေါက်ကရတွေ



www.burmeseclassic.com

www.burmeseclassic.com



လာရေးသွားတာလည်း နင်ပဲမဟုတ်လား"

ကျွန်မကို ပြန်ပြီးစိုက်ကြည့်နေသော ဖူးပွင့်မျက်စံနက်နက်ကြီးများက အပေါ်မျက်ခွံအောက်တွင် ငြိမ်ပြီး ကပ်နေ၏။

သူ့ပါးစပ်မှ တစ်လုံးချင်း လေးလေးကန်ကန်ပြောလိုက်သော စကားသံကြောင့် ကျွန်မအသားတွေကို တစ်စစီ လှီးထုတ်လိုက်သကဲ့သို့ ဖြစ်သွား၏။

"ဟုတ်တယ်... ငါရေးထားတာ"

ချုပ်တီးထားသော ကျွန်မစိတ်တွေကို ဘယ်လိုမှ ဆက်လက်ထိန်းသိမ်းနိုင်စွမ်းမရှိတော့။ ကျွန်မက ရှေ့မှကာဆီးနေသော သုတ၏ပခုံးပေါ်မှကျော်ကာ ဖူးပွင့်၏ ရင်ဘတ်ဆီသို့ လှမ်းပြီး ဆွဲလိုက်သည်။ သုတကိုယ်က ကျွန်မတွန်းလိုက်သလိုဖြစ်သွားသဖြင့် နောက်သို့ တစ်ပတ်လည်ထွက်သွား၏။

"အား..."

ကျယ်လောင်သော အော်သံနှင့်အတူ သုတ ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။ ဖူးပွင့်ကိုင်ထားသော အသားလှီးဓားက သုတ၏ ရင်ညွန့်အပေါ်နားတွင် တန်းလန်းစိုက်ဝင်သွားကာ ချက်ချင်းပင် အင်္ကျီအဖြူတစ်ခုလုံး သွေးများ မြင်မကောင်းအောင် ထွက်လာ၏။

သုတကိုငုံ့ကြည့်ရင်း ကျွန်မမျက်စိတွေ ပြာဝေမှုန်နောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခြေဖျားလက်ဖျားတွေက တဆတ်ဆတ်တုန်ရင်နေ၏။

"ဟင်… နင်… နင်… သုတကို ဓားနဲ့ထိုး…"

ကျွန်မအသံက လည်ချောင်းဝတွင် မွန်းကျပ်တစ်ဆို့နေသည်။ စောစောက ဓားကိုင်ထားသော ဖူးပွင့်၏လက်များမှာ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်တောင့်တင်းနေသည်။

တတွင်တွင် အော်ညည်းရင်း လဲကျသွားသည့် သုတကို ကျွန်မ ကောက်ယူပွေ့ချည်လိုက်သောအခါ သူ့ကိုယ်ကြီးက လက်ထဲတွင် ပျော့ခွေညွတ်ကျသွား၏။

ချက်ချင်း ကျွန်မ မျက်လုံးတွေပြာဝေမူးနောက်သွားသည်။ သုတရင်ဘတ်ပေါ်မှ တစိမ့်စိမ့်ထွက်ကျနေသော သွေးများကို ကြည့်ကာ ကျွန်မဦးခေါင်းတစ်ခုလုံး သွက်သွက်လည်နေသည်။

ဖူးပွင့်က ရှေ့သို့ တဖြည်းဖြည်းတိုးလာရင်း သုတရင်ဘတ်မှ တန်းလန်းစိုက်ဝင်နေသော ဓားကို ရုတ်တရက် အားနှင့် ဆွဲနုတ်ယူလိုက်ပြီး ကျွန်မကို စူးစူးဝါးဝါးစိုက်ကြည့်နေ၏။

"ဟင်… နင်… နင်… ရှေ့မတိုးနဲ့နော်"

ကျွန်မပါးစပ်က သွေးရူးသွေးတန်းဖြင့် လှမ်းအော်နေမိသည်။ ကျွန်မမျက်လုံးထဲတွင် ဓားကိုင်ထားသော ဖူးပွင့်ခန္ဓာကိုယ်ကြီးက ချာချာလည်နေ၏။

ချက်ချင်းပင် ကျွန်မ ကြမ်းပြင်ပေါ်သို့ ပျော့ညွတ်ခွေကျသွား



www.burmeseclassic.com

www.burmeseclassic.com



ကာ ဘာကိုမှ သတိမရတော့ချေ။

❀ ❀ ❀

ကျွန်မ ပြန်ပြီး သတိဝင်လာကာ ပျာပျာသလဲနှင့် လူးလဲထပြီး ထိုင်လိုက်သောအခါ စောစောက ဖူးပွင့်လက်ထဲမှ သွေးများစွန်းပေနေသော အသားလှီးဓားက ကျွန်မလက်ထဲသို့ ရောက်နေ၏။

"ဟင်..."

ဖျတ်ခနဲ ကျွန်မ မော့ကြည့်လိုက်သောအခါ ဖူးပွင့် ကျွန်မရှေ့တွင် အေးစက်မာကျောသော မျက်လုံးများဖြင့် ခါးထောက်ပြီး ပြန်ငုံ့ကြည့်နေသည်။

"သုတကို ဓားနဲ့ထိုးတာ နင်ပဲ ဝတ်မှုန်"

တစ်ခွန်းချင်း ပီပီသသကြီးပြောလိုက်သည့် ဖူးပွင့်၏အသံကြောင့် ကျွန်မ ထိတ်ထိတ်ပျာပျာဖြင့် လက်ထဲမှဓားကို လွှတ်ချမိရက်သားဖြစ်သွားသည်။

"မဟုတ်ဘူး... မဟုတ်ဘူး၊ နင်... နင်လုပ်တာ"

ကျွန်မ၏အသံများက ဆောက်တည်ရာမရတော့ဘဲ သွေးပျက် ချောက်ချားနေ၏။

"ဒီအချိန်မှာ ဘယ်လိုပဲပြောပြော ဓားက နင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာလေ”

ကျွန်မက အသံကုန်ဟစ်ကာ ကုန်းအော်လိုက်သော်လည်း ကျွန်မအသံက လည်ချောင်းဝတွင် နစ်မြုပ်ပျောက်ကွယ်နေ၏။

ကျွန်မ ဖူးပွင့်၏လှည့်ကွက်ထဲသို့ အလိုလိုရောက်ရှိသွားခဲ့ပြီလား၊ ဘယ်သူတစ်ဦးတစ်ယောက်မှ မတွေ့လိုက် မမြင်လိုက်သည့် အခြေအနေတွင် သွေးစွန်းနေသော ဓားလက်ကိုင်ရိုးပေါ်မှာတော့ ကျွန်မ၏ လက်ဗွေရာများက ရှိနေမှာသေချာသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၆ )

ကြမ်းပြင်ပေါ်တွင် ပက်လက်လဲကျနေသော သုတမှာ ပါးစပ်က တညည်းညည်းတညူညူဖြင့် ခြေလက်များက လှုပ်ရှားလာ၏။

"သုတ ... သုတ ..."

ကျွန်မက သုတကို အားကိုးတကြီးဖြင့် ကောက်ယူထွေးပွေ့လိုက်သည်။ သုတက ကျွန်မရင်ခွင်ထဲတွင် မျက်လုံးမှေးစင်းပြီး ပြန်ကြည့်နေ၏။

"နင် ... နင် ... ဘာမှဖြစ်မသွားဘူးနော်"

ထိုစဉ် အိမ်ရှေ့တံခါးပေါက်မှ ပြေးဝင်လာသော စုစုစိုး နှင့်အတူ ကျွန်မ တစ်ခါမှမမြင်ဖူးသည့် မိန်းမကြီးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ယောကျ်ားတစ်ယောက်ကိုလှမ်းတွေ့လိုက်ရသည်။

ကျွန်မက စွယ်စုံစိုးကိုမြင်လျှင်မြင်ချင်း လှမ်းအော်ပြော လိုက်၏။

"လုပ်ပါဦး စွယ်စုံ၊ ဒီမှာ ဟို . . . ဖူးပွင့် သူ့ကို ဓားနဲ့ထိုးလိုက်တာ"

စွယ်စုံ့မျက်နှာမှာ သုတလဲကျနေရာကို ကြည့်ရင်း အံ့သြ တုန်လှုပ်သွားသည့်အမူအရာဖြင့် . . .

"ဟာ . . . မဖြစ်ဘူး၊ တို့တွေ ရဲစခန်းကိုတော့ အကြောင်းကြားမှဖြစ်မယ်၊ နောက်ပြီး ဆေးရုံတစ်ခုခု ကို အမြန်သွားရင်ကောင်းမယ် ဝတ်မှုန်"

သုတရင်ဘတ်မှ ဒဏ်ရာက သူ့အင်္ကျီဖြင့် ရစ်ပတ်ထား သဖြင့် စောစောကလောက် သွေးများမထွက်တော့ချေ။

"သမီးလေး . . . သမီးလေး ဇေရီ၊ ဘာတွေ လုပ် လိုက်ပြန်ပြီလဲ"

စွယ်စုံနှင့်အတူပါလာသော မိန်းမကြီးတစ်ယောက်က စိုးရိမ် သောကဖြစ်နေသည့် အမူအရာဖြင့် ဖူးပွင့်အယောင်ဆောင် မိန်း ကလေးကို သမီးဟုခေါ်ကာ ပြေးပြီးဖက်လိုက်၏။

"ဟင် . . . ဒီမိန်းမကြီးက ဒီအလိမ်အညာမှာလို့ အမေပဲလား၊ နောက်ပြီး သူလှမ်းခေါ်လိုက်တဲ့ နာမည်



www.burmeseclassic.com

www.burmeseclassic.com



က ဧကရီတဲ့၊ ဘာတွေလဲ"

ကျွန်မက ဖူးပွင့်ကိုဖက်ထားသော မိန်းမကြီးကိုကြည့်ကာ ဘာမှ နားမလည်နိုင်အောင် ဖြစ်နေသည်။

"အန်တီ့သမီးလေး ဧကရီကျော်က စိတ်ဝေဒနာ သည်လေးတစ်ယောက်ပါကွယ်"

"ဟင် . . . သူ့သမီးက စိတ်ရောဂါသည်ဆိုပါ လား"

ထိုမိန်းမကြီး၏ ရင်ခွင်ထဲတွင် ဘာတစ်ခုမှ နာလမလည် တော့သည့် အမူအရာဖြင့် ဖူးပွင့်အယောင်ဆောင် မိန်းကလေး၏ မျက်နှာက ငေးငေးငူငူကြီးဖြစ်နေသည်။

⊛ ⊛ ⊛

တိတ်ဆိတ်ငြိမ်သက်နေသော စိတ်ကျန်းမာရေးဆေးရုံကြီး အတွင်းမှာ ကျွန်မတို့ ခြေသံတရှပ်ရှပ်ကလွဲ၍ ဘာသံမှ မကြားရ။ ဆေးရုံဝင်းအတွင်းမှ လူနာများမှာ အကောင်းပကတိလူများကဲ့ သို့ပင် သူတို့၏ တစ်နေ့တာလုပ်ဆောင်နေကျ အလုပ်များကို ပုံမှန်အတိုင်း တကုတ်ကုတ်နှင့် လုပ်နေကြသည်မှာ ပတ်ဝန်းကျင် နှင့် မဆိုင်သလိုရှိနေ၏။

"သမီးလေး ဧကရီကျော်က ဟိုးငယ်ငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက စိတ်ရောဂါဝေဒနာရလာခဲ့တာ။ ထူးထူးခြားခြား ပြောင်းလဲလာတာကတော့ ပြီးခဲ့တဲ့ နှစ်လကျော်ကျော်လောက်မှ သူ့ကိုယ်သူ ဖူးပွင့်ပါဆိုပြီး စကားပြောတိုင်း ထည့်ထည့်ပြောလာတယ် သမီး”

ဆေးရုံစကြံအတိုင်း လျှောက်လာရင်း ဖူးပွင့်၏အမေက ကျွန်မကို လှည့်ပြောလိုက်သည်။

“ဟင် . . . ပြီးခဲ့တဲ့ နှစ်လလောက်က သူ့ကိုယ်သူ ဖူးပွင့်ပါလို့ ဘာဖြစ်လို့ပြောရတာလဲ၊ ဟို ငါ့သူငယ်ချင်း ဖူးပွင့် သတိမေ့မျောသွားတာ နှစ်လလောက်က ဆိုတော့ သူ့ရဲ့ဝိညာဉ် . . . ဟာ . . . မဟုတ်သေးပါဘူး၊ ငါ့သူငယ်ချင်း ဖူးပွင့်က သေသွားတာမှမဟုတ်သေးတာ၊ အင်းလေ . . . စိတ်နယ်လွန်ဖြစ်ရပ်တွေက ဆန်းကိုဆန်းပြားလွန်းပါတယ်”

မရေမရာအတွေးများက ကျွန်မခေါင်းထဲတွင် နောက်ကျိနေသည်။ ထို့နောက် ဖူးပွင့်အမေက သူ့စကားကိုဆက်၍ . . .

“နောက်ပြီး ကျောက်ကုန်းမှာ သူ့သူငယ်ချင်းတွေ ရှိတယ်ဆိုပြီး သမီးတို့နာမည်တွေလည်း အမြဲပြောပြောနေတယ်။ အခု ဖြစ်တဲ့အိမ်ကြီးက အန်တီ့သူငယ်ချင်းတွေရဲ့အိမ်လေ၊ အန်တီ့သူငယ်ချင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကို ထွက်သွားကြတော့ အဲဒီအိမ်ကြီးကို
အန်တီတို့ကပဲ ကြည့်ရှုနေရတာ”

စိတ်ကျန်းမာရေးဆေးရုံ၏ စင်္ကြံတစ်လျှောက်တွင် လူနာများ၏ အဝတ်အစားများနှင့် စောင်များကို ထုတ်လှမ်းထားကြသဖြင့် ကျွန်မတို့လျှောက်လာရာ လမ်းတစ်လျှောက်လုံး အောက်သိုးသိုးအနံ့ကြီးကို ရှူရှိုက်နေရသည်။

“ဧကရီက အဲဒီအိမ်ကြီးမှာ နေချင်တယ်ဆိုတာနဲ့
အန်တီတို့ကလည်း သူ့စိတ်ကို အလိုလိုက်ပြီး အဝေး
က အမြဲလိုလိုစောင့်ကြည့်နေခဲ့တာ အရင်က သူ့စိတ်
တွေ ဒီလောက်ဆိုးဆိုးရွားရွား မဖြစ်ခဲ့ပါဘူး၊ အခုမှ
ဘာဖြစ်တယ်မသိပါဘူး သမီးရယ်”

“အင်း . . . စိတ်ခံစားမှုတွေရှိထားတဲ့ လူတစ်
ယောက်က ... ဘာရယ်ညာရယ်မဟုတ်ဘူး အချိန်မရွေး
ဖောက်ပြန်နိုင်တာပဲနော် အန်တီ”

ကျွန်မက ဧကရီကျော့အမေ၏စကားများကို လိုက်ရောညီထွေဖြစ်အောင် လိုက်ပြောနေမိ၏။

“ဟုတ်တယ်သမီး၊ အဲဒီနေ့က မောင်စွယ်စုံစိုးက
အန်တီတို့ကို အကြောင်းလာကြားတာနဲ့ ချက်ချင်း
လိုက်လာခဲ့ကြတာ၊ တော်သေးတာပေါ့၊ လက်လွန်



www.burmeseclassic.com

www.burmeseclassic.com



ခြေလွန်ကြီး မဖြစ်သွားတာ”

ကျွန်မတို့နှစ်ယောက် စကားတပြောပြောဖြင့် စိတ်ကျန်းမာရေး ဆေးရုံမှ အထူးကြပ်မတ်လူနာဆောင်ရှေ့သို့ ရောက်လာခဲ့ကြသည်။

အခန်းအတွင်းမှ ခုတင်ပေါ်တွင်တော့ ဧကရီကျော်က ပြူးစက် ဝိုင်းကျယ်သည့် မျက်ဝန်းကြီးများဖြင့် ကျွန်မတို့ကို တွေတွေကြီး လှမ်းကြည့်နေသည်။ သူမ၏နှုတ်ခမ်းတွေက ပြုံးလဲ့လဲ့ပြုံးရောင်သမ်းနေလေသည်။ အခုတော့လည်း သူမ၏သွင်ပြင်က ပကတိ အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက်နှင့်တူနေလေ၏။

BURMESE CLASSIC .com

သြော် ... အခုတော့လည်း သူ့ရဲ့ဘ၀ တစ်ဒင်္ဂကာလအတွင်းမှာ (သူ ဘယ်တုံးကမှ မသိခဲ့ရတဲ့) ဖူးပွင့်ဆိုသော မိန်းကလေးတစ်ယောက်အဖြစ် ခဏတာမျှ ရှင်သန်လှုပ်ရှားခဲ့ရဖူးသည်ကို သူမ လုံးမှတ်မိသိရှိဟန်မတူတော့။

ဧကရီကျော်၏အကြည့်က လုံး၀ ရိုးသားဖြူစင်နေလေသည်။ ကျွန်မဘေးရှိ ဧကရီကျော်၏ မိခင်က သူ့သမီး၏အဖြစ်ကိုကြည့်ရင်း ၀မ်းနည်းကြေကွဲစွာဖြင့် သိမ့်ခနဲတစ်ချက်ကြိတ်၍ ရှိုက်ငိုလိုက်သံကို ခပ်တိုးတိုးကြားရလေသည်။ ကျွန်မရင်ထဲတွင် ဝေဒနာတစ်ရပ်က ငွေ့ရည်ဖွဲ့သလို တစိမ့်စိမ့်အိုင်ထွန်းလာသည်။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



ကြာကြာဆက်နေလျှင် ကျွန်မပါ ငိုမိတော့မည်ထင်သည်။

ထို့ကြောင့် ကျွန်မက သူတို့နှစ်ယောက်စလုံးကို မပီဝိုးတဝါး စကားသံဖြင့် နှုတ်ဆက်ရင်း ဆေးရုံအပြင်ဘက်ဆီသို့ ချာခနဲ ကျောခိုင်းလှည့်ထွက်ခဲ့လေတော့သည်။

အပြင်မှာတော့ နွေးထွေးသောနေရောင်ခြင်က အခုမှ လင်းလက်တောက်ပနေသလိုရှိနေ၏။

ကျွန်မ ဘယ်လိုမှ နားမလည်နိုင်သည့် အကြောင်းတစ်ချက်ကတော့ သေဆုံးကွယ်လွန်ပြီးမှသာ ဝိညာဉ်များ ပူးကပ်နိုင်သည်ဟု ကြားဖူးခဲ့သော်လည်း ယခုတွင်မူ ကျွန်မသူငယ်ချင်း ဖူးပွင့်၏ ဝိညာဉ်တွေက မကွယ်လွန်မီအချိန်ကပင် ဧကရီကျော့ထံသို့ ဝင်ရောက်ပူးကပ်နေခဲ့ပြီလား၊ ESP ဟု ခေါ်သည့် စိတ်နယ်လွန် ဖြစ်ရပ်ဆန်းတစ်ခုပေလား။ ထို အဖြစ်အပျက်များက ဆန်းကျယ် လွန်းသဖြင့် ကျွန်မ ဘယ်လိုမှ နားမလည်နိုင်တော့ပါ။

ကျွန်မ တွေးရင်းနှင့် တဖြည်းဖြည်းလျှောက်လာရာ ဆေးရုံ ဝင်းတံခါးဝသို့ ရောက်လာ၏။ ထိုတံခါးဝ၏ တစ်ဖက်တွင် အဖဥရောင်ဆလွန်းကားလေးတစ်စီး ရပ်ထားသည်ကို လှမ်းတွေ့ လိုက်ရသည်။

ထိုဆလွန်းကား အဖြူရောင်လေးက ကျွန်မ တစ်ချိန်က ကျောင်းသွားကျောင်းပြန် စီးနင်းခဲ့ရဖူးသည့် ကားလေးဖြစ်နေ၏။

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



"ဝတ်မှုန်..."

ကရဏာခေါ်သံတစ်ခုက ကျွန်မထံသို့ လွင့်ပျံ့လာသည်။

"ဟင်...စွယ်စုံ..."

ကားအတွင်းမှ စွယ်စုံစိုးက ကျွန်မကို လက်လှမ်းပြနေ၏။ ကျွန်မ ဘာကိုမှ တွေးတောမနေတော့ဘဲ စွယ်စုံစိုး၏ ကားအဖြူလေးရှိရာသို့ အပြေးအလွှားသွားလိုက်မိတော့သည်။

သတိုးတေဇ

■



www.burmeseclassic.com

www.burmeseclassic.com

